


တေလေ၊ လင်းရမ္မာ၊ လင်းနီညို

# (ဆိုးရွားစွာ) 'ထိ' 'ခိုက်' (စေ) 'နိုင်' ပါသည်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**PEM sKoOL**

**(ဆိုးရွားစွာ)'ယီ' 'နှိုက်' (ခေ) 'နှိုင်'**
**ပါသည်**

တေလေ၊ လင်းရမ္မာ၊ လင်းနိုညို

exit X

Exit Poetry
A Division of Ngartoisarpay,
Yangon
ph : 559773

| | | |
|---|---|---|
| စာမူခွင့်ပြုချက် အမှတ် | - | ၆၂၀၀၃၆၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် အမှတ် | - | ၆၂၀ ၀၄၀ ၀၆၁၀ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၀ |
| ထုတ်ဝေသူ | - | ဦးစန်းမွန်အောင်၊ အမှတ်(၁၇၁-ဒီ)၊ ဗဟန်း၊ ဗိုးစိန်လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဇော်မြင့်ဝင်း (ကာလာဓံ့ပုံနှိပ်တိုက်) ၂၁၆၊ မြေညီထပ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ |

ထုတ်ဝေသည့် စာအုပ် ကတ်တလောက် အညွှန်း (CIP)

၈၀၁.၈၁

ကလောင်စုံ

ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည် / ကလောင်စုံ။

-ရန်ကုန်၊

ငါတို့စာပေ၊ ၂၀၁၀။

၁၀၉ - စာ၊ ၂၇.၃ စင်တီ × ၂၀ စင်တီ။

(၁) ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်

# မာတိကာ


၁။ အမှာစကားလိုလို . . . အကဲဖြတ်စာလိုလို . . . ဘာလိုလို . . . ( သစ္စာနီ ) ၁

၂။ အမှာစာ (တေလေ၊ လင်းရမ္မာ၊ လင်းနီညို) ၃

လင်းနီညို ၄

၃။ တစ်ရေးနိုး ၅

၄။ မီးထွန်းပြီး လိုက်ရှာ ၈

၅။ အတွင်းစကား ၁၀

၆။ နီးတဲ့ကျမ်းရိုး ၁၁

၇။ ရိပ်ခနဲစတာနဲ့ထွင်ခြင်း ၁၃

၈။ ညဏ်အလယ်ပိုင်းကို ဗဟိုပြုသော ၁၆

၉။ အင်းပေါ့ အဲ့လို ဖြစ်ချင်ဖြစ်မှာပေါ့ ၁၉

၁၀။ ဖယောင်းတိုင်ထွန်းထားတဲ့ ဂါဝန် ၂၀

၁၁။ မင်းလိုလူစားအများကြီးဟေ့ ၂၃

၁၂။ ဖန်ဆင်းရှင်ကို ရန်သူမရွေးခိုင်းနဲ့ ၂၄

၁၃။ (နောက်ဆုံးသော) ရိုးရိုးရှင်းရှင်း ၃၂

၁၄။ အပူပိုင်း ဝန်းကျင် ကန္တာရ တစ်ခု ပြန့်ကျဲနေသော အာဖရိက နေဝင်ပြီး အပူပိုင်းဖုံ တစ်ခု ထပ်ဖန်တီး အိုအာဖရိက အို မစ်ဒယ်အိစ် အို လက်တင်အမေရိက ၃၅

၁၅။ နေသာတယ်လို့တော့ မဟုတ်ပါဘူး ၄၀

၁၆။ လောကဓါတ်နည်းကျသော အလွမ်း ၄၂

လင်းရမ္မာ ၄၄

၁၇။ ကျွန်ုပ်၏ကျွန်ုပ် ၄၅

၁၈။ တစ်ဦးတစ်ယောက်ဟု မဆိုသာသော်လည်း ၄၇

၁၉။ စိတ်ဒုက္ခကဗျာသည် ၄၈

၂၀။ မိုးထားတဲ့ အိမ်မက်တွေ ဆိုသလိုပဲ ၄၉

၂၁။ လက်ရှိ ၅၁
၂၂။ ဒီကဗျာက ကဗျာ မဖြစ်ခင်နဲ့ ဟိုကဗျာက ကဗျာ မဖြစ်ခင် ၅၂
၂၃။ ထွက်သွားသော လှူရပ်ပေါက်များ ၅၄
၂၄။ ဆွဲအားမဲ့ ဒေသထဲ လမ်းလျှောက်ထွက်သော . . . ၅၅
၂၅။ အာ .. လိုက် .. မှု .. မှာ .. လွဲ .. လေ .. ၍ .. လော .. ၅၇
၂၆။ တစ်ယောက်မကတာ သေချာတယ် ၅၉
၂၇။ တိမ်ဆိုင်တွေ မီးခတ်မည့်ည ၆၀
၂၈။ ညီမျှသော/ခြင်း/သည် = ၆၁

တောလေ ၆၂
၂၉။ ဘ နှင့် စ ၍ တနှင့်ဆုံးသော ၆၃
၃၀။ ဒီထဲ အကုန်ထည့်ရေးလိုက်တယ်၊ အကုန်ဖတ်ပါ ၆၄
၃၁။ စိတ်ခံအားကျဆင်းမှုရောဂါများ ကူးစက်ခံရခြင်း ၆၆
၃၂။ မေ့ဆေးဆိုတာ မိုးညအိပ်မက်မြူ ၆၇
၃၃။ ကျွန်တော်မသိခြင်းများ ဒါမှမဟုတ် ဟိုတစ်စ ဒီတစ်စ ခိုးချထားခြင်း ၇၀
ဒါမှမဟုတ် မဟုတ်တာ (ဒါ) တွေ
၃၄။ ကျွန်တော်ဟာ လိမ်တတ်သူဖြစ်ကြောင်းသက်သေများ ၇၂
၃၅။ သဝေထိုး ဟရေ အောက်ကမြစ် ဟော့ ၇၃
၃၆။ ချောင်ထိုးထားသော ချောင်ထဲက ချောင်နေခြင်းများ ၇၄
၃၇။ ကျွန်တော်လူသား ၇၆
၃၈။ ဘာပဲပြောပြော မိတ္တူစက်ကတော့ဆက်လက်ခုတ်မောင်းဆဲပဲ ၇၇
၃၉။ ခရီး ၇၈
၄၀။ ကစုန်နေသော ဒုတိယမြောက်နတ်ဆိုး ၈၀
၄၁။ အိပ်စက်ခြင်း ၈၁
၄၂။ ကျွန်တော့်၏ အလုပ်ပြီးမြောက်မှု ၈၃
၄၃။ ဖုန်းနဲ့ ပြဿနာတက်တဲ့ နေ့က ဖုန်းဘီလ်မဆောင်ရသေးကြောင်း ၈၄
ဖုန်းမဆက်ကြဘူး

အမှာစကားလိုလို . . .
အကဲဖြတ်စာလိုလို . . .
ဘာလိုလို . . .

(သစ္စာနီ)

၂၀၁၁ ဇန်နဝါရီလ ၂၃ ရက်နေ့က မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပခဲ့သော **Barcamp** နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ကျွန်တော်တက်ရောက်ခဲ့သည်။ နေ့လည်တွင် ပင်မအဆောက်အဦး အခန်း (၂၀၁) ၌ ဘလော့ဂ်ကဗျာများအကြောင်း ဆွေးနွေးပြောဆိုရာမှာလည်း ပါဝင်ခဲ့သည်။ ကဗျာဆိုလျှင်ပင် ကျွန်တော် ထမင်းမေ့ ဟင်းမေ့ စိတ်ဝင်စားသည်။ (တကယ်လည်းထိုနေ့က မနက်စာလွတ်၍သွား၏)။ သတ်မှတ်ချိန်ကျော်လွန်သွားသော်လည်း ဆွေးနွေးပွဲက မပြီးသေးသဖြင့် နေရာဆက်ရွှေ့ကာ ဆွေးနွေးခဲ့ကြရသည်။ ကဗျာဆိုလျှင် စာမျက်နှာပေါ်က ကဗျာတွေသာမက အွန်လိုင်းပေါ်က ကဗျာတွေကိုပါ ဖတ်ချင်သည်။ ဒီလိုနှင့် မိုးလှိုင်ည၊ သိုးထိန်း(အွန္တိမ)၊ မောင်ဖုန်းမြင့် စသော ကဗျာဆရာတွေနှင့် ရင်းနှီးလာရ၏။ နောက်တဆင့်တက်ကာ တခြား ဘလော့ဂါ ကဗျာဆရာလေး တွေနှင့်လည်း သိကျွမ်းရင်းနှီးသွားသည်။

၂၀၁၁၊ မတ်လ(၂၁) ရက် ကမ္ဘာ့ကဗျာနေ့ ကျင်းပသောအခါ ကဗျာနှင့်ပတ်သက်၍ စုံစေ့စေချင်သည့် သဘောဖြင့် ဘလော့ဂ်ကဗျာတွေနှင့် ပတ်သက်သည့် ကဏ္ဍကိုထည့်သွင်းခဲ့၏။ မောင်လင်းရိပ်က စာတမ်းဖတ် တင်သွင်းကာ မောင်ဖုန်းမြင့်နှင့် သိုးထိန်း(အွန္တိမ) တို့က စကားပြောခဲ့ကြသည်။ မြန်မာကဗျာလောကထဲကို ဘလော့ဂ်ကဗျာရေစီးကြောင်း စီးဝင်ခဲ့ခြင်း အပြင် ကဗျာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပင် ဖြစ်ပေသည်ဟု ယူဆခဲ့သည်။ စာနယ်ဇင်းကဗျာတွေ **(On Paper)** ထက် ဘလော့ဂ်ကဗျာ **(Online Poem)** က သာတဲ့အချက်တွေ ရှိနေသည်။ စာဖတ်ပရိတ်သတ် ကျယ်ပြန့်သည်။ (ကမ္ဘာတဝှမ်း ရှိနိုင်သည်)။ အနုပညာ ဖန်တီးနိုင်ခွင့် ပိုမိုလွတ်လပ်သည်။ ပရိတ်သတ်ဆီရောက်ရန် လျှင်မြန်လွယ်ကူသည်။ ဒါကြောင့်စာနယ်ဇင်းကဗျာဆရာတွေကိုအွန်လိုင်းပေါ်တက်စေချင်သည်။ ထို့အတူအွန်လိုင်းကဗျာဆရာတွေကိုလည်း စာနယ်ဇင်း လောကထဲ ဝင်စေချင်သည်။ နှစ်ခြမ်းကွဲနေသော ပရိတ်သတ်ကို တပေါင်းတစည်းတည်း ရှိစေချင်သည်။

ယခုတော့ ထိုဆန္ဒပြည့်ဝစ ပြုလာသည်။ စာနယ်ဇင်း ကဗျာဆရာ တချို့က သူတို့ကဗျာတွေ အွန်လိုင်းပေါ် တင်လာ၏။ အွန်လိုင်းကဗျာဆရာ တချို့ မဂ္ဂဇင်းများတွင် ကဗျာရေးလာကြသည်။ ထိုမျှမက ကဗျာလုံးချင်း ထုတ်ဝေရန် စီစဉ်လာကြသည်။ ထိုအထဲတွင် သူတို့ သုံးယောက်လည်း ပါ၏။ လင်းနီညို၊ လင်းရမ္မာ၊ တေလေ။

သူတို့ကို သူတို့မွေးသက္ကရာဇ်များကို ကြည့်၍ ကျွန်တော် စိတ်ဝင်စားသွား၏။ သူတို့သ-ည် အသက် နှစ်ဆယ် အရွယ်လူငယ်များ။ မြန်မာ့သမိုင်းတွင် ကြီးမားသော လှိုင်းလုံးကြီး တစ်လုံးဖြစ်ကာ၊ ကျွန်တော်တို့ရင်ထဲတွင် ယနေ့တိုင်အောင်ဂယက်ထဆဲဖြစ်သော ၈၈အရေးအခင်းကာလကသူတို့ မမွေးဖွားကြသေး။ သူတို့၏ ဘဝအမြင်က ဘယ်လိုရှိသလဲ။ လောကအမြင်က ဘယ်လိုရှိသလဲ၊ ဆိုသည့် ကိစ္စက စိတ်ဝင်စားစရာ။ ကျွန်တော်လှေ့လာကြည့်သော လင်းနီညို၏ ကဗျာတစ်ပုဒ် "ငါတို့ ဘာဆက်ဖြစ်ကြမလဲ။ ဒီအတိုင်းပဲ ကြိုက်သလို ဆက်ဖြစ်ကြတာပေါ့" ဆိုတာ သူတို့ ဒဿနလား။

ကဗျာအနေနဲ့ ပြောရလျှင် ထူးခြားချက်မှာ စိုင်းဝင်းမြင့်အထိ ရိုးတိုးရိပ်တိတ်ရှိနေသည် ဟု ဆိုနိုင်သော မောင်ချောနွယ်၏ ဩဇာကို သူတို့ကဗျာများထဲတွင် လုံးဝနည်းပါးစွာ တွေ့ရှိရခြင်းပင် ဖြစ်သည်။ (မြန်မာလူငယ် ကဗျာဆရာ အတော်တော်များများ မောင်ချောနွယ်၏ အရိပ်အောက်မှ

ရန်းမထွက်နိုင်ကြခြင်းမှာ မြန်မာကဗျာလောကအတွက် ဝမ်းမြောက်ဖွယ်ရာကိစ္စ မဟုတ်ချေ)။

သို့သော် သူတို့တွင် တွေ့ရတာက ဖေယျာလင်း၏ သြဇာဖြစ်သည်။ တိတိကျကျပြောရလျှင် မြန်မာ L.P ကဗျာ၏ သြဇာဟုပြောရမည် ထင်ရသည်။ နောက်ပိုင်းလူငယ်ကဗျာဆရာ တော်တော်များများပင် ထိုလမ်းကြောင်းကို လိုက်လျှောက်ဖို့ ကြိုးစားနေတာ တွေ့ရသည်။ မြန်မာကဗျာလမ်းကြောင်းမှာ ဖြစ်ထွန်းမှုတစ်ခုဖြစ်၍ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ငြင်းပယ်မရနိုင်သည့် ကိစ္စဟု မြင်ပါသည်။ သူတို့ ဝေါဟာရတော်လှန်ရေး လုပ်နေသည်ဟု ထင်ရသည်။ (ကဗျာတွင် အကြောင်းအရာ တော်လှန်ရေးတွေ၊ ပုံသဏ္ဍာန်တော်လှန်ရေးတွေ ပေါ်ပေါက်ခဲ့ ပြီးပြီ)။ ယခုနောက်ပိုင်း ကဗျာဆရာ (အထူးသဖြင့် လူငယ်တွေ) မှာ ဘာသာဗေဒ ပင်လယ်ထဲ လက်ပစ်ကူးရခြင်းနှ္ဖဲ ပျော်မွေ့နေကြပုံရသည်။ စကားလုံးတွေ ဆော့ကစားခြင်းကို ကဗျာပဒေသ တစ်ရပ်အနေဖြင့် အသုံးပြုလာကြသည်။ ဝေါဟာရတွေ၏ အသေးစိတ်အမိပ္ပါယ်၊ အမိပ္ပါယ်ကွဲ၊ သံတူအနက်ကွဲ၊ အနက်တူသံကွဲတွေကို ခွဲခြားဖွင့်ဆိုမှုတွေ လုပ်လာကြသည်။ ရည်ရွယ်ဖော်ထုတ်ကြသည်။ ဒါကြောင့် သူတို့ကဗျာတွေနှင့် မရင်းနှီးလှသော သူစိမ်းစာဖတ်သူ အဖို့ ဖတ်စတွင် မူးနောက်သွားအောင် ဒုက္ခပေးနိုင်သည်။ (ကျွန်တော်ကတော့ ထိုကဗျာတွေနှင့် အတော်အတန် အတွေ့အထိများသည်ဟု ဆိုနိုင်သည့်တိုင်အောင် ဖတ်လျှင် မူးနေဆဲဖြစ်၏)။

သူတို့ကဗျာတွေမှာ အိုင်တီခေတ်၏ ခေတ်ပြိုင်ပစ္စည်း အနည်းငယ်ထဲမှ တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ ကျွန်တော်တို့ ငြင်းပယ်မရနိုင်သော အရာ . . . ။ နောက်တချက်က ကြိုက်တာမကြိုက်တာ ၊ နားလည်တာ မလည်တာ ဘေးဖယ်ထား၊ ရှည်လျားလွန်းသဖြင့် (တချို့ကို တမင်ပင် ဖေါင်းပွအောင် လုပ်ထားသည်) ပြီးဆုံးအောင်ဖတ်ဖို့ အတော်ပင် အချိန်ယူရခြင်း ဖြစ်၏။ ဘာပဲပြောပြော သူတို့ ကဗျာတွေကို ဖတ်လျှင် (မောင်ပြည့်မင်း မှတ်ချက်ချခဲ့သလို) ရှော့ခ်တစ်ခု ရမှာတော့ သေချာလှပေသည်။

လေးစားလျက်

သစ္စာနီ
(မေ ၂၀၁၀)

**အမှာစာ**

ဒီစာအုပ်ဟာ စီစဉ် လိုက်၊ မစီစဉ် လိုက်၊ စီစဉ် ရင်း၊ မစီစဉ် ရင်းနဲ့ ပဲ မကြာသင့် သလို၊ ကြာသင့်သလိုလို နဲ့ ကြာ သွားခဲ့ပါတယ်။ ဘာကိုမှ ဂရုမစိုက်၊ ကြိုက်လည်း မရှက်၊ ငိုက်လည်း မရှက် 'တမင်' ကို ပါးစပ်နဲ့ တိုက်ချပေးထားကြတယ်။ ထုတ်သင့် မထုတ်သင့် စဉ်းစားရင်း ထုတ်တော့မလို မထုတ်တော့မလို တိုင်ပင်လိုက် မဲခွဲဆုံးဖြတ်လိုက် နဲ့ မထုတ်ဖို့ဘက်ကို မဲများရင်းနဲ့ နောက်ဆုံးတော့ ယခု စာအုပ်ကို ထုတ်ဖြစ်ခဲ့ကြသည်။ တစ်စုံတစ်ရာကို ကိုယ်စားပြုရန်ရည်ရွယ်ခြင်းမဟုတ်သလို တစ်စုံတစ်ရာ၏ လွှမ်းမိုးမှုကို ခံယူကြခြင်းလည်းမဟုတ်ပါ။ ခပ်ဝေးဝေးကနေ ဖြစ်ကတတ်ဆန်း လှမ်းကြည့်လျှင် ဘာမှ သဲသဲကွဲကွဲ မြင်ရမည် မဟုတ်ပါ။ ဘာတွေ ဘာပဲဖြစ်ဖြစ် ဘယ်သူတွေ ဘယ်လိုပဲရှိရှိ . . . ဘာပဲဖြစ်ဖြစ် မှတ်တိုင်ဟောင်းဟောင်း မျှ . .

တေလေ၊ လင်းရမ္မာ၊ လင်းနီညို

PEM sKoOL



# လင်းနီညို (၁၉၈၉ - ၂၀??)

**ဟာဓိဓရုးနီး**

အိပ်ရာနိုးတော့၊ လရောင်ကခပ်စောင်းစောင်းကြီး၊
ဇုဒ္ဓဟူးနေ့ညဟာ ပုလင်းအဖုံးကိုဖွင့်ပြီး ထွက်လာတယ်။
ချိုမြိန်ခြင်းဟာ လန်းဆန်းခြင်းလိုမျိုး အခန်းထဲမှာ တရားပျက်နေတာကြာပြီ၊
သေလောက်တဲ့ Riff တွေ၊ double kick တွေ ပါးပြင်ထောင်ပြီး နားထဲကပြန်စီးကျလာတယ်။
သောက်လက်စစီးကရက် က ဖတ်လက်စစာအုပ်ပေါ်က သောက်လက်စ ကုတ်ခ်ဘူးပေါ်မှာ၊
မပြီးပြတ်သေးတာတွေများနေတယ်၊ လတ်စသတ်သင့်နေတယ်။
ဟိုဘက်အိမ်ပြတင်းပေါက်ကမြင်နေရတဲ့
ပန်းချီကားထဲမှာ မမြင်ရတဲ့ အစ (အန) တွေ ရှိတယ်၊
နှုတ်ခမ်းဖျားတွေက သီချင်းသံမှာ သူခိုးငွေ့တွေသီးနေတယ်၊
အရေပြားပေါ်က ချွေးပေါက်တွေထဲမှာ။ မဟုတ်ဘူး။
နာရီတွေယိမ်းထိုးနေတယ်၊
ပြန်စဉ်းစားကြည့်တော့၊
အတိတ်ကို ငါလက်ဖျားခါမိတယ်။
မှန်တစ်ချပ်ထဲမှာ အတိတ်ရှိတယ်လို့တော့ပြောတာပဲ၊
တန်းဆီနေတဲ့ ပြဒါးတွေကခင်ဗျားတို့ကိုတောင်ချီသွားနိုင်တယ်။
ဝေါ . . . .
လေဟာ သူ့မှုရင်းကိုမေ့ပြီး တဝုန်းဝုန်းနဲ့ သူမ ကိုဝင်ဝင်ဆောင့်တယ်။
ကျုပ်တိုက်ထားတာလား၊ ကြပ်တိုက်ထားတာလား မသေချာတဲ့
ကောင်းကင်ဟာတကျိကျိနဲ့ သွေးထွက်သံယိုကိစ္စတွေကို စုတ်သတ်ချင်သလိုလိုဖြစ်နေတယ်။
ဒါဟာ မြက်ခင်းပြင်ပဲ၊ ဒါဟာ ခုန်တန်းရှည်ပဲ၊ ဒါဟာ လက်ပြတ်အင်္ကျီပဲ။
ရန်ကုန်ရဲ့ မိုးတွေကြားဟံသာဝတီအဝိုင်းကြီးကတာဝန်တစ်ခုကိုထမ်းဆောင်နေရသလို
ခပ်တောင့်တောင့်ကြီးရပ်နေတယ်၊
လိပ်ခုံးအဆောက်အဦးကတော့ အိပ်ပျော်နေတယ်၊
သူ . . . ဘာကြောင့် . . . ဘယ်လို . . . ။
ဟိုးမား လိုလို၊ ပိုစိုင်ဒန် လိုလိုနဲ့ စားသောက်ဆိုင်တစ်ခုရှေ့မှာ၊
နေတွေစောင်းပြီးရင်းစောင်းလာတယ်။

ငါ့ဆီကိုရည်ညွှန်းတဲ့ ကားတွေရဲ့တာယာပွတ်သံတွေကလည်း၊
အပေါ်စားဗီဒီယိုထဲမှာ ဖိသိပ်ခံထားရတဲ့
ငါက ငါးတစ်ကောင်လိုလို၊ (ငါးနှစ်ကောင် လိုလို)
မြို့ပြ ဟာဒါကိုသိတယ်၊ ဒါပေမဲ့
လမ်းပေါ်မှာခင်ဗျားလျှောက်နေတုန်း၊
အိမ်တွေမှာခင်းတဲ့ (ဘယ်လ်ဂျီယံ) ကော်ဇောတွေကြီးအကြောင်းစဉ်းစားချင်စဉ်းစားလာမယ်၊
အဲဒါတွေက ဆင်ခြေဖုန်းရပ်ကွက်တွေကိုမဆိုစလောက်ပဲ အခင်း လုစေ ပစေ မယ်ဆိုတာလည်းခင်ဗျားသိတယ်။
ကလေးတွေဆော့တဲ့ ကစားပွဲတစ်ခုလိုပေါ့။
ငါတို့ဘာဆက်ဖြစ်ကြမလဲ၊ ဒီအတိုင်းပဲ ကြိုက်သလိုဆက်ဖြစ်ကြတာပေါ့၊
တရားတစ်ခုဖြစ်စေဖို့၊
အသားတွေ၊ သွေးတွေဟာ ရှင်သန်ဆဲ လူ့အဖွဲ့အစည်းရဲ့လေ့ကားတွေလိုဖြစ်နေကျ။
တောက်နေတဲ့တိမ်ဟာမီးတောက်တစ်ခုမဟုတ်ဘူး။
(ဒါပေမဲ့) တိမ်တွေပေါ်ကခင်ဗျားကြည့်လိုက်၊
မော်လမြိုင်မြို့ဟာ အုန်းပင်တွေအောက်ရောက်နေတယ်၊
ဒါမှမဟုတ် အုန်းပင်တွေဟာမြို့ကိုဖုန်းပစ်တယ်။
အောက်ဘက်မှာ ဘဝတွေရှိတယ်၊
သူ့သူ့ ငါငါခွဲခြားတတ်ဖို့လမ်းတွေရှိတယ်၊
စေတီ၊ ကတ္တရာလမ်း၊ ဘုရားရှိခိုးကျောင်း၊ မြစ်၊ ကျောင်း၊ အိမ်၊
ပြီးတော့ လူ . . . .
ဒါပေမဲ့ သူတို့ယုံကြည်တာ တစ်ခုခုတော့ရှိတယ် . . . . . .
ခုနကလို၊ ကလေးဆော့တဲ့ကစားပွဲတစ်ခုလိုပေါ့။
(လခ ထုတ်တဲ့နေ့ မှာ)
အိမ်ပြန်လာတိုင်းစောင့်နေတဲ့ မိသားစုတွေကို အဖေတွေပြုံးပြနေသလိုမျိုးလည်းဟုတ်ချင်ဟုတ်မယ်။
(မဟုတ်ချင်လည်းမဟုတ်ဘူးလို့ သင်ထင်ရင်လည်းထင်မယ်)
လူမှန်းသိတတ်စကတည်းက ရှိလာတဲ့အတွေးအခေါ်တွေ ဆွဲငင်အားလွတ်ပြီး လွင့်ပျောက်သွားတယ်၊
ကျန်ခဲ့တာ ဖုန်ဟောင်းလေ ဝင်းနဲ့ ဖုန်းဆိုးမြေကြီး။
အိပ်မက်တွေထဲ ခြေကျင်ဟောက်ပက်နဲ့ သူ လျှောက်တိုင်းဖုန်းဆိုးမြေက ကမ်းမခြင်။
မှန်းကြပ်မှုတွေကြားမြုပ်လိုက်ပေါ်လိုက်။

၇

ပေါလစ်ရောင်ပြေးနေတဲ့ ကြမ်းပြင် တစ်ခန်း။
ပန်းနုရောင် တိုက်နံရံမှာ ထ နေတဲ့ အမှုန့် တွေ ကို
နဂါးတံဆိပ်ကပ် ဘူးတစ်ဘူး လို မော့သောက်ပစ်လိုက်၊
မော့နေတဲ့ ခေါင်းက မှောင်နေတဲ့ မျက်နှာကျက်မှာ
တစ်မျိုးတစ်ဘာသာ တစ်ပုံစံ ရှိနေလိမ့်မယ်။
အဲဒီ တစ်မျိုးတစ်ဘာသာ ဆန်း နေတဲ့ သတ္တဝါ (လေး) တွေက
လွှယ် အိတ်ကို လွှယ် ပြီးတော့ သိုမှိုး စနစ်တွေကို ပါ ခွင့်ပြုလာကြတယ်။
သံချောင်းခေါက်သံကို လည်ဂုတ်နောက်ကစွပ်ပြီး နားမှာ တပ်ထားသလို
ည ၃ နာရီ ဟာ ည၏ အလယ်ပိုင်း ကို ဗဟို ပြု နေတုန်း ပဲ။
ဒါဆိုရင် ဘယ်မှာလဲ ပန်ကာ။ ဘယ်မှာလဲ လေအေးပေးစက်။ ဘယ်မှာလဲ ကြည့်မှန်။
ကိုယ့်နာမည်တောင် ကိုယ့်မေ့လောက်အောင်ကို သူများ အကြောင်းတွေ နဲ့ ပျံ့လွင့်နေလိုက်တာ၊
"တကယ့်ကို လေးလေးနက်နက် စဉ်းစားကြဖို့ လိုအပ်လာပါပြီ" ဆိုတဲ့ စကားကို ခဲတံ မှိန်မှိန်လေးနဲ့
ခုံတန်းရှည် ဆီမှာ သွားရေးပေးလိုက်မယ်။ မိုးရေတွေ ကြားမှာပေါ့။
မျက်စိမဆုံးတော့တဲ့ဘေးတိုက်ညတွေ၊
တက်လိုက်ဆင်းလိုက်နဲ့ မဆုံးတော့တဲ့ ဘတ်စ်ကားတွေ၊
ဖရေဇာမှာလျှောက်နေတဲ့ လူတွေနဲ့ ကိုယ့်သမိုင်းကိုယ်ရေးပါလို့ပြောနေတဲ့ လေလုံးတွေ၊
အုန်းပင်တွေ၊ မိုးရေတွေ၊ အိပ်မက်တွေ၊ ချစ်စကားတွေ၊
အလင်းရောင်တွေ၊ အနီရောင်တွေ၊ . . . . ၊ . . . . ၊ . . . ။
မိုးမလင်းသေးပေမဲ့၊ မီးလင်းသွားအောင်မီးခလုတ်လှမ်းဖွင့်လိုက်တယ်၊
မီးချောင်းလင်းသွားတယ်။
ဘဝဟာဒါပဲလို့ငါလိုက်ရှင်းပြတယ် ။ ။ ။

လင်းနီညို

## မိုးထွန်းပြီးလိုက်ရှာ . . .

မှန်ထဲက သူ့နှုတ်ခမ်းပေါ်က လှောင်ပြုံးကြောင့်ငါမီးလောင်သွားတယ်၊
အဲဒါဟာလည်း ရှိစုမဲ့စုအလင်းရောင်နဲ့အသက်ဆက်နေရတဲ့
မြို့တစ်မြို့ ရဲ့ ဟန်ဆောင်မှုထဲက သူ့ဇာတ်သူရေးပြီးကနေတာ။
စားခဲ့ဖူးတဲ့နေ့လည်တွေ တစ်နပ်ပြီးတစ်နပ်၊
ငါပိုင်တာတွေလည်း သူတို့အကုန်ယူသွားတယ်၊
ခင်ဗျားလည်းတစ်နေ့တော့သိမှာပဲ၊
. . . စသဖြင့်တွေကိုရှောပေါ့။
စိုရွဲနေတဲ့နေ့တစ်နေ့မှာသူ့ကိုတွေ့လိုက်ပြန်တယ်။
ကြွပ်ကြွပ်အိတ်တွေနဲ့အတူ ငါလည်းဆွေးမြေ့ဖို့ခဲယဉ်းလာတယ်။ အဲဒါဟာလည်းကိုယ့်ကိုကိုယ်ပဲပြန်ညစ်ညမ်းဖို့ဖြ
စ်လာတာလားဆိုတဲ့
မေးခွန်းတွေက ကိုယ်နဖူးပေါ်ကိုယ်လက်တင်ဖို့ဖြစ်လာသလိုပါ။
ဟိုတုန်းက နေ့ရက်တွေအားလုံးဟာ၊
ရောင့်ရဲစရာ နိဗ္ဗာန်၊ ဟိုဟာမရှိ၊ ဘာ မရှိနဲ့။
အခု နေ့ရက်တွေ အားလုံးဟာ၊
လွမ်းစရာ အတိနဲ့၊ ဘာမှ မရှိတာချင်း အတူတူ အသက်ငယ်တာက သာသေးတယ်တဲ့။
ပြောသွားလိုက်ကြတာ၊ ပြေးသွားလိုက်ကြ သလိုပဲ၊ ဖြောင့် လို့။
နောက်တစ်ခေါက်များခင်ဗျားသူ့ကိုသွားထပ်ရှာလည်း၊ နဂိုအတိုင်းစုတ်ပြတ်သတ်လို့၊
သူလို ငါလို သူတွေကြား ဘာကောင်တွေထပ်ပေါ်လာမှာလဲလို့စောင့်နေသေးတယ်၊
ပြီးခဲ့တဲ့ကိစ္စတွေလည်းထပ်မပြောဖြစ်ကြဘူး၊
တိတ်ဆိတ်မှုကိုဖြိုခွဲဖို့ ငါ့ကိုမွေးဖွားခဲ့တာမဟုတ်ဘူး၊
ဒါနဲ့လိုချင်မှုတစ်ခုကို အချိန်အတော်အကြာအထိ ထိန်းထားနိုင်တဲ့အခါ၊
အခြားတစ်ဖက်ကြည့်လိုက်တော့ မွစာကျဲနေပြန်တယ်၊
ငါ ဟာ သူ့ကိုပြက္ခဒိန်တစ်ခုကိုင်ပြီးစောင့်နေပြန်တယ်၊
ဘာမှန်းမသိလိုက်ဘူး။ အလျင်လိုနေတဲ့ ကံကြမ္မာလိုလို၊ လူလိုလို ကောင်က သူ့ကိုသယ်ဆောင်သွားပြန်တယ်။
ကွဲအက်နေတဲ့နှုတ်ခမ်းကိုငါလျှာနဲ့လျက်လိုက်တယ်။
နေလုံးကဝင်လိုက်ထွက်လိုက်နဲ့က စာရင်းရှုတ်လိုက်တာလို့ တွေးဖူးတဲ့အထိအချိန်တွေအားနေခဲ့၊

နှစ်ကိုယ်ခွဲထားတဲ့ကြားကနာကျင်မှုတွေ

တဖြည်းဖြည်းနဲ့ကွဲအက်နေတဲ့ နှုတ်ခမ်း ပေါ်က အနာတစ်ခုလိုပျစ်နှစ်စေးကပ်လာတယ်။

သုညအောက် ယူဇနာသိန်းချီရောက်နေတဲ့ အချိန်အပိုင်းကာလ၊ အိမ်တစ်အိမ်ရဲ့ ချောင်ကျတဲ့

အံဆွဲတစ်လုံးဟာပွင့်လို့နေတယ်။

လက်သီးကိုတင်းတင်းဆုပ်ပြီး မျှော်ကြည့်မိတော့

ပင်လယ်ပြင်တွေ ဟာ တိုးတိုးသက်သာ စွာ ရမ်းသမ်း လွဲနေတာ ။

ဆင်တူဖြစ်ရပ်တွေဟာ သွေးကိုခြောက်လှန့်လာတယ်။

နောက်ထပ် မလိုချင်တော့ဘူး။

အဲဒါကို ဆေးလိပ်ဖူးခွဲတွေနဲ့ ဖုန်းပစ်ဖို့ ကြိုးစားခဲ့ကြ။

မျက်လုံးတွေ၊ တယ်လီဖုန်းတွေ၊ အနာဂတ်ဟောကိန်းတွေ၊ အမြော်အမြင်တွေ၊

အားလုံးအချိန်ကိုက်ဗုံးတစ်လုံးလို ထပေါက်ကွဲ။

မိုင်နဲ့ချီတဲ့ အိပ်မက်တွေ တိတိကျကျမရှိပဲ ပုံစံတွေထဲမှာ

ငါ့ အတွက်ကျန်ရစ်တာ

ငါ့အတွက်သတ်မှတ်ထားတဲ့ အရောင်လွင့်သဏ္ဍာန်တွေနဲ့မနက်ဖြန်အတွက်ချမှတ်ပြီးသားအရာတွေ။

. . . . . . . . . . . . . . . . . . . .

. . . . . . .

ဒါကိုသင်ယုံသလား။

. . . . . . . . . . . .

လေမုန်တိုင်းတစ်ခု ဒေါင်လိုက်တိုက်ခတ်သွားလိုပါပဲ၊

ကံကြမ္မာအတက်အကျဟာအလင်းထက်မြန်တယ် ။ ။ ။

လင်းနီညို

## အဖျင်းစကား

မျက်ရည်ထွက်ခဲ့တယ်၊ မျက်ရည်မလွယ်ခဲ့လည်း . . .
သိသာသိခဲ့ကြတာ၊
အဖြေလည်းမရှိ၊ မေးခွန်းလည်းမရှိ၊
အစိုးလည်းမရ၊ မိုးလည်းမဟုတ်၊
နောက်ဆုံးလည်းမဟုတ်၊ နိုင်လည်းမနိုင်၊
ဟိုလိုလို ဟိုလိုလို နဲ့ပဲ
ငါ့ လက်ကောက်ဝတ်ဆီမှာ သူ့ စကားတွေ ဖြတ်ခနဲလာလာပတ်တယ်၊
သွေးလည်းမထွက်၊ အတွင်းလည်းမကြေ၊
ထူးဆန်းထွေလာ ဓာတ်လမ်း တစ်ခုထဲက
အရိုးသားဆုံးလှမျှသာ ॥ ॥ ॥

လင်းနီညို

## နီးတဲ့ ကျစ်းမိုး

မေ့လို့မရခင် မေးတင်ပြီး စဉ်းစားတော့
သောက်သုံးခဲ့တဲ့ အခန်းတွေမှာပဲ
အသုံးမကျသူ၊ အသုံးကျသူ၊ လူသေ၊ တွေ ကို
မျက်စိတစ်ဖက်မှိတ်ပြမိခဲ့လိုက်သလိုလို၊
အဲဒီလိုထင်နေတဲ့ အကြောင်းတွေမှာလည်း၊
ည ရ နာရီ၊ အသုံးကျသူ တွေ ဟာ အသုံးမကျ သူတွေ ဖြစ်ကုန်ကြတယ်၊ ည ရနာရီ၊
အသုံးမကျသူတွေ ဟာ သေကုန်ကြတယ်၊ ည ရ နာရီ၊
(ကြာတော့) လူသေတွေလည်း ကြည့်လေလေ သေလေလေ ဖြစ်လာတယ်။ ည ရ နာရီ၊
ရယ်ရလို့ လူးလိမ့် ရင်း၊ ကမ္ဘာ ပြား ပေါ် က မြစ်တွေရဲ့ အကွေးအကောက် တွေကို
စကေးမပါတော့တဲ့ သံပေတံအသစ်တစ်ချောင်းနဲ့ ခြစ်ထုတ်လိုက်တယ်၊
အင်္ကျီတွေ တစ်ထည်ပြီး တစ်ထည်၊
ငါ့ခန္ဓာကိုယ်လည်း တစ်ယောက်ပြီးတစ်ယောက်စီမှာ တပ်ဆင်ထားခဲ့ရင်း၊ (ထင်ထားခဲ့ရင်း)
ကျစ်လစ်မှု အသက်ရှုရှိုက်သံတွေ အပြည့် ညည့်သုံးယံမှာလည်း သားကောင်တွေ ဗရမ္ဗ၊
တပ်ဆင်ထားခဲ့တဲ့ ကိုယ်လက်တွေကိုပဲ အားနာရမလိုလို၊
. . . လိုလို၊
. . . လိုလို၊
မသေချာမှုတွေ အများကြီးနဲ့ မသိတတ်မှုကို စိန်ခေါ်ရင်း
ဘာကိုလဲ လို့ လည်း ငါမမေး၊ (သူလည်းမမေး)
သေသွားတဲ့ လူတွေ ဘာဖြစ်မှဲ့ အကြောင်း သီချင်းတွေ ခင်ဗျားတို့ရေးခဲ့တယ်၊
စာအုပ်တွေ ခင်ဗျားတို့ ဖတ်ခဲ့ကြတယ်၊
သင်ကိုယ်တိုင် ပါဝင် သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် ကားတစ်ကား ။ ဇာတ်လမ်း တစ်ခု ကို ငါတို့ မျှော်နေမှာပါပဲ။
သိပ်ရှုပ်ရှက်မခက်သေးခင်မှာပဲ၊
အရမ်းလျှင်မြန်တဲ့ အဖြစ်တွေ ကိုယ့်အရိပ်ကို ကိုယ်ဝင်တိုက်တယ်၊
(လူသေ တွေထပ်သေကြပြန်တယ်)
ခွေးတစ်ကောင်ကိုသတ်ဖို့ နျူးကလီးယား လက်နက်မလိုဘူး၊
ငါတို့ လိုချင်တာရဖို့ ကောင်းကင်ကို လက်ဖြန့်တောင်းစရာမလိုဘူး၊ (မြေကြီးကို ခြေနဲ့ဆောင့်နင်းစရာ မလိုဘူး)

စီးဆင်းနေမှုက ငါတို့အတွက် မိန်းမ။(လူ) တစ်ယောက်လိုပဲ။

လိုက်လျောတတ်တယ်၊ တွန်းထိုးတတ်တယ်၊

စိတ်ထဲမှာ အဲဒါဟာ အိန္ဒိ ပြောင်းဆန် နေတဲ့ တယောသဏ္ဍာန် နဲ့ ဘီးလုံး တစ်ခု လိမ့် ခါ လိမ့်ကာ ။

သူကြိုးတွေ ကြားမှာ တည်ထောင်ဆဲ ဇီဝ တွေ တွန်းတိုက်နေကြမယ်

ဒါကို ငါ ဟာ မသိဘူး၊

ဟုတ်တယ်၊ ငါ ဟာ ဘာကိုမှ မသိချင်တာကြာပြီ တဲ့၊

သူပြန်ပြောပြတယ်၊ အရမ်းကိုကြာပြီတဲ့။

အိမ်လည်း ရှိတယ်၊ ဘယ်မှာမှန်းလည်း သိတယ်၊ လမ်းလည်းသိတယ်၊

ဒါပေမဲ့ လမ်းမရှိဘူး၊

လွတ်လပ် ချင်ပေမဲ့ အစိပ္ပါယ်ကိုသေချာမသိဘူး၊

ခုနကငါပြောခဲ့သလို၊

စီးဆင်းမှုက လိုက်လျောတတ်တယ်၊ လိုချင်တာ ရဖို့ ကောင်းကင်ကို လက်ဖြန့်တောင်းစရာမလိုဘူး၊

လက်ထဲမှာ တယောတစ်လက်၊

သူကြိုးတွေကြားမှာ သူ ထိုင်စောင့်နေမယ်၊

ဟုတ်ပါတယ်၊ တစ်နေ့ပေါ့ ။ ။ ။

လင်းနီညို

## ရိပ်ခနဲ့ ဧတာန့်ပျှင်ခြင်း

ကလေးငယ်တစ်ယောက် ပထဝီမြေကြီးပေါ်၊ စပြီး၊ ခြေချနိုင်တဲ့နေ့၊
မီးကို စတင်တွေ့ရှိသူက သူ့ကိုယ်သူ အရှင်သခင် တဲ့၊
ပင့်တင် တွန်းထုတ်တဲ့ လေအား ရဲ့ အရှိုက်အတွင်းမှာ မပီမသ အေးသက်တဲ့ 'အ' သံ၊
ဆွဲဆွဲငင်ငင်အူနေတဲ့ ည ၁၁ နာရီ ခွဲ ဟာ အခုထိ လက်ဖဝါးနှစ်ဖက်ကြားမှာ
တုန်ယင်ပြီး အကြောက်မပြေသေးဘူး။
နေ ဆိုတာ မရှိတော့တဲ့ အချိန်ကျမှ (ငါ ဟာ) ပထမ၊ ဒုတိယ၊ တတိယ ကို စတင်ရေတွက်မှာပါ၊ ( )
မော့ကြည့်နေသူရဲ့ မျက်လုံးထဲမှာ ငုံ့ကြည့်နေသူရဲ့ မျက်နှာပုံရိပ်တွေ ထင်ဟပ်နေတယ်၊
မထားသင့်တဲ့ အရာထဲက ဂရုဏာ ကို ငါ ကြည့်ညိုသွားမိတယ်၊
မသွားသင့်တဲ့ ခရီးမှာ ဖြတ်လမ်း(ဆိုတာ(လုံး၀))မရှိဘူး၊
ဒါပေမဲ့ "အရှင်မင်းမြတ် ကျွန်တော့်ကို နေရောင်ကာထားတာသာဖယ်ပေးပါ"
ကောင်းကင်တွေထဲကတစ်ခု၊ မြေကြီးတွေထဲကတစ်ခုကြားမှာ ငါ အိပ်မက်တယ်။
အတွေ့အကြုံနဲ့(အတွေ့တွေနဲ့ကြုံခဲ့တုန်းက)
မှားခဲ့တုန်းရခဲ့တဲ့ အမာရွတ်တွေ (အထပ်လိုက်) ရေစဲသေတ္တာပေါ်မှာ ။ ။
မင်းသိပ်မှားတယ် တဲ့၊
သိပ်မများသေးခင်လည်း၊
ပြန်လှည့် ဖို့ ဆုတ်ဖြဲ ခံရတယ်၊ (ဆုတ်ဖြဲလိုက်တယ်)
1. a = ဘယ်ဘက်ကပြောတော့ ငါ စလှုပ်ခတ်လာပြီတဲ့ ။
2. b = ဖိုင်ber အော့ပ်tics တွေ ကြိုးကြေကုန်တယ် (ဒေတာ မဆန့်လို့တဲ့ ညည်းတွားသေးတယ်)
။
3. c = ခုခံအားကျဆင်းတဲ့(ပုံစံမျိုး)
မျက်နှာတစ်ခုပိုင်လာတယ် ။
4. d = ခင်ဗျား မဟာကြိုးမျှင် သီ၀ရီ ကို ကြားဖူးလားမသိဘူး ။
5. e = သေသွားရင် မပုပ်ဘူး။ (မကျန်တော့ဘူး)
6. f = "ပုံးဖာမှော်ကဆင်"
7. ပုံးဖာမှော်ကဆင်= ရှိသမျှနှင့် လှအောင်
အစွမ်းကုန်ပြင်ဆင်သည် (အကျွန်တို့လယ်ကောက်စိုက်တုန်းက – ဟန်ချင်း – ကုန်းဘောင်ခေတ်)။
8. g = ရိုးအီ မုန်းခါးလာတယ်။
အိပ်တယ်၊ စားတယ်၊ နိုးတဲ့အချိန် မျက်တောင်တစ်ချိန်လုံးခတ်တယ်၊
ကောင်းသောညပါ လို့ ပြောခံထိပြီး မျက်လုံးဟာ စိမ်းပေမဲ့ ရင်နာတယ်၊

နှင်းမြူတွေ မကျပေမဲ့ ဆောင်းတွင်းမှာ ကိုယ်ပိုင်ရှိတယ်၊
ဆောင်းတွင်းမဟုတ်ပေမဲ့ နှင်းတွေကျနေရင်တော့ဒါ "လာဘ်စားမှုပဲ"၊ ဟား ဟား ဟား (ဟား = ဟား)
ကိုယ်တိုင် မတီးတတ်ပေမဲ့ သူ့အတွက် အော့နလုံးနာတယ်၊ (ဘာကိုလဲဆိုတာ ဘယ်မှာကျန်ခဲ့ပြီလဲ)
"ဟုတ်ကဲ့ပါခင်ဗျား၊ သူက ညသညီငါ့အနူ မိုင်းရပ် ဖွံ့ဖြိုးမှု အလုပ်မှူဆောင် ဦး။ ဖြစ်ပါတယ် "
ကျောက်နံရံတွေမှာ အသံတွေ စိမ်းရွှင်ရွှင် ညှီအော့အော့ တပ်ဆင်ထားကြ၊
"ခုတ်ထစ်လုပ်ကြံထားသော။ ကားဟွန်းတီးသံ "ငါ့ကို ပေးစွမ်းနိုင်တာ
အမြီးကနေခေါင်းထိလောင်ကျွမ်းမှု ၊ (ကျက်ရာစား ဝါဒီ၊ အစိမ်းစား၊ အဝါစား)
လွင့်မျောမှု မဟုတ်ဘူး၊ ပရိဂရမ် ဒီဇိုင်း မဟုတ်ဘူး၊ သူ့ဆီမှာ လေ့ကျင့်မှု အချိန်ကာလ ကြာမြင့်တယ်၊
ပုံနှိပ်မှတ်တမ်းတင်ခံထားရရင် ခင်ဗျားရဲ့ အသုံးကျမှု၊ မကျမှု တွေဟာ . . . (၂ × နှစ်) ဖြစ်ကုန်ရောပေါ့ ။
"သင့် သွေး တစ်နာရီ မှာ ဘယ်နှစ်မိုင်နှုန်းနဲ့ စီးဆင်းနေလဲ"
သော့ပေါက်အိုတစ်လုံးထဲက ဖြတ်သန်းထွက်ကျလာတဲ့
အမှောင်ပြိုပြိုတွေ။
"အရမ်းစောပါသေးတယ် ငါ့အစ်ကို"
ခံယူချက်ကို ပုလင်းထဲထည့်ထားလို့ (ရချင်) (ရရင်) ရမယ်။ (ရခဲ့ရင် . . . ရချင်ရလိမ့်မယ်)
မိုးလင်း အုန်းမောင်းခေါက်သံနဲ့အတူ၊
နေထွက်ဖို့က၊ ထုံးစံတွေကို မတွန်းလှန်နိုင်သ၍ အရှုဏ် ဆိုတာ ရင်ဘတ်ထဲမှာ ပဲ အကြိမ်ကြိမ် ဖူးပွင့်ခဲ့ရ၊
လုပ်ကြံသူတွေ ချောင်းမြောင်းနေမှာပဲ၊ (ချောင်းတွေ၊ မြောင်းတွေထဲမှာလား၊ မသိ)
ဒါပေမဲ့ အရင်နဲ့တော့ မတူတော့ပါဘူး၊
(အရင်သည် အတိတ်၊ အတိတ်နဲ့ မတူတဲ့ အရာတိုင်း အသစ်လား၊ မသိ)
တန်ဖိုးအထားဆုံးအရာ သတ်မှတ်မှု ပြောင်းလဲလာခဲ့တဲ့နောက်၊
(ဘာကိုဆိုလိုလိုက်မှန်း၊ မသိ)
" ငါလိမ်ခဲ့တယ်၊ ငါ့ကိုယုံပါ"
"ငါယုံတတ်တယ်၊ ငါ့ကိုလိမ်ပါ"
ရယ်ရတော့ ၊ ရယ်ကြတယ်၊ လည်ပင်းဆီက ၊ အတွင်းဆီက၊ ဟိုးဆီက၊
ဒါ အမှန်ကန်ဆုံး၊
ဒါ အမှားယွင်းဆုံး၊
ဒါ အမှာန်း ဥင်း ဆုံး၊
ဒါ ၊ ဒါ၊ . . . (ဒါဒါ မဟုတ်)

. . . .

လောကကြီးဟာ ဒစ်ဂျစ်တယ်မဟုတ်ဘူး၊ မရေရာမှုကို သူလက်ခံတယ်၊ (ထင်ချင်တယ်)
အခွင့်အရေးလည်း မရှိဘူး၊ နောက်ဆုံးလည်းဖြစ်တယ်၊ ခင်ဗျား နေရိပ်ထဲမှာ (မိုး)နေနေတာကြာပြီ၊ (ထင်ကြတယ်)

ခင်ဗျား အိမ်မှာ အဆင်ပြေလား၊ မိုးမှန်လား၊ အလုပ်မှာ ဆက်ဆံရေးကောင်းလား၊
(မေးခွန်းကိုမေးခွန်းနှင့်ပြန်ဖြေခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ . . . .)
ရေစီး က ခင်ဗျားကို တစ်ဝက်လောက် ခေါ်သွားမှာပါ၊ (ထင်သင့်တယ်)
အိပ်ချင်လို့ ငါအိပ်တိုင်း
a ။ (ငေါ့တော့တော့ မရေမရာနဲ့) ။
အသံဝါကြီးနဲ့ပြောတဲ့စကားသံတွေ ကြားနေရ၊ တစ်နည်း
စကားဝါ တွေ ပျံ့လွင့်နေကြ။
. . . . ၊ . . . . ၊ စသဖြင့်တွေရဲ့ အဓိပ္ပါယ်ဆိုတာ ဇရာမ စားပွဲ ကြီး တစ်လုံးပေါ့။
(အခြေခိုင်ရဲ့ လားမမေးနဲ့၊ သူတို့မကြိုက်ကြဘူး)
ဘာနဲ့ပြောရမှန်းတောင်မသိအောင်ကို အောက်ကျနောက်ကျနဲ့ ပိတ်မိနေခဲ့တာ ဟိုနေ့ကမှသိတယ် ။
ဒါပေမဲ့ . . .
စကားလုံးတွေ f ။ ။
("ဒါကတော့ မင်းကဲတာပဲ ငါ့ကိုကြည့် ဘယ်လိုလုပ်သွားခဲ့လဲ") – အသိတစ်ယောက်
ဒါပေမဲ့ (တစ်ခါသောတစ်လောမှာ) (အမှိုက်ဝင် အမှိုက်ထွက်) (အဲဒါ ကွန်ပြူတာပဲ)
(မဟုတ်ဘူး) (အဲဒါ ကွန်ပြူတာ အလုပ်လုပ်ပုံ) (ဒါနဲ့ ဆော့ဖ်အကူအညီနဲ့ ရေးလို့ရမှာလား)
(ကဗျာ လား) (Linkin Park က သီချင်း ပဲ ဆိုမယ်ထင်ထားတာ ၊ ကဗျာ လည်း ရေးတယ်တော့)
(မဟုတ်ဘူးလေ . . .)
(ရေခဲတုန်းထဲက ကောင်လေးတစ်ကောင်ထွက်လာတယ်) (အဲဒါ ကာတွန်းကားပါ)
(မယုံပါဘူး ကိုကို လူလိမ်ကြီး) (အဖိုးအိမ်မှာ ကြောင်လိမ်လှေကားရှိတာကိုး)
(ကြောင်လိမ်လှေကားရှိတဲ့နေရာမှာ အဖိုးအိမ်ကို ဆောက်ထားတာလား) (ကျွန်တော်ဘယ်သိမလဲ ဆရာ)
(မဆိုးဘူး သမီးတိုးတက်လာပြီ) (ဆိုးတယ်၊ မတိုးတက်လာဘူး)
(မတိုးတက်လာတဲ့ အရာတိုင်းဆိုးတယ် မှတ်ထားကြကွ) = လမ်းထိပ်က အရူးအဘိုးကြီး
ရုတ်ခနဲ၊ ရုတ်ချင်း၊ ရုတ်ခြည်း၊ ရုတ်တရက်၊
ပြောင်းလဲမှုတွေနဲ့ ပေါင်းသင်းလာတာ ကြာခဲ့တဲ့နောက်
အလင်း၊ မျက်နှာ၊ စကားလုံး၊ သူ့စိတ်၊ ဆိုတာတွေ ကို
g
။ ။ ။

လင်းနီညို

**ညဏ်အလယ်ပိုင်းကို ဗဟိုပြုသော . . .**

သွားတိုက်ဆေးကို သေချာညစ်ထုတ်လိုက်တယ်၊ ကော်ဖီတစ်ခွက်၊ စာတစ်ပိုဒ်နဲ့အတူ မျက်လုံး တစ်ဝိုက်
အညိုအမည်းတွေ တိုးပွားလာတယ်၊ အဲဒါတွေ ငါ ခံမင်လာတယ်၊
ခြသေ့်တစ်ကောင် သိုးငယ်တစ်ကောင်ရဲ့ သေခြင်းအပေါ် ထားတဲ့ စိတ်လိုပေါ့။
တဖြည်းဖြည်းနဲ့ ငါ ပြတင်းပေါက်တစ်ချပ်ပွင့်လာတယ်၊ ငါတွေ့နေရတာတွေ၊ မြင်နေရတာတွေ၊
မြစ်တစ်စင်းကို ဗဟိုပြုပြီးတော့ နာကျည်းမှုတွေက တည်ထောင်လိုက်တော့ ထွန်းကားလာကြတယ်၊
(တိုးတိုးလေး မေးကြည့်ကြည့် 'ဘာတွေလဲ')
သင့်ကိုယ်သင် ညနေခင်းတစ်ခုလို့ ခံစားကြည့်လိုက်ပါ၊
ပျော်ဝင်လာတဲ့ အရာတွေ၊ မေ့ချင်တိုင်း မေ့ထားကြတဲ့ အဖြစ်အပျက်တွေ ပြောင်းချင်တိုင်းပြောင်းသွားကြတယ်၊
သိပ်ခက်တယ်၊ သိပ်လွယ်တယ်၊ ဒီလိုပါပဲ၊ ငါ့ အပေါ်အများကြီးမှတည် ပါတယ် တဲ့၊ (ငါ = သင်)
လူတစ်ယောက်အိပ်ပျော်သွားခါနီး မြစ်တွေ စီးဆင်းနေကြ၊ မြစ်တွေ ငါ့ အပေါ်အကြွေးတစ်ခုတင်သွားတယ်လို့
သတ်မှတ်လိုက်တယ်၊
ခက်တော့လည်း ခက်လာကြပြီ၊
ပျက်တော့မဲ့ နာရီတစ်လုံး ကိုယ်သေမဲ့ အချိန်ကို ကိုယ်မတွက်ချက်နိုင်ဘူး၊
ခံစားရတယ်၊ ငိုရတယ်၊ ပြီးတော့ ရယ်လည်းရယ် ရတယ်၊ ထပ်ပြီးတော့ ရယ်လည်း ရယ်ကြတယ်၊
(မှတ်ဉာဏ်ရဲ့ ပြေးနှုန်း) အရှိန်ကြောင့် မြင်ကွင်းတွေ ပြောင်းလိုက်၊ မမြင်လိုက်ဖြစ်နေတယ်၊
ဒါကို ငါ့ ရဲ့ အကြွေးစာရင်းထဲမှာ ထည့်ချုပ်ထားတယ်။ ပြီးတော့ ငါ့ အကြွေးစာရင်းကို မြစ်တစ်စင်းထဲ
လွှင့်ချလိုက်၊
ပြန်လှည့်မကြည့်နဲ့ သင် သာ ညနေခင်းတစ်ခုပီသခဲ့မယ်ဆိုရင် ငိုသာချလိုက်။
အဆိုးရွားဆုံး အခြေအနေဆိုတာ ငါ့ ဆီမှာ မရှိဘူးထင်တယ်၊ ရှေ့မှာ နေ့တွေ အတိုင်းသားနဲ့ ၊
ဆိုးရွားတဲ့ နေ့ရက်အကြောင်း ပန်းချီ ကားတစ်ချပ်ကို ဘာဆေးနဲ့ဆွဲမှာလဲ၊
သင်ကိုယ်သင် အေဒီ ၁၈၀၀ က ပန်းချီကားတစ်ချပ်လို့ ခံစားကြည့်လိုက်ပါ။
သင်ဟာ ပန်းချီကားတစ်ချပ်ပီသခဲ့မယ်ဆိုရင် သင်ဟာ ကင်းဗတ်မဟုတ်ဘူး၊ ဆိုးရွားတဲ့ ခံစားချက်ပဲ။
ဟုတ်တယ်၊ ရထားတစ်စင်းညတိုင်း ဖြတ်မောင်းသွားတိုင်း ဧေးတိုင်း သင့် အကြံအစည်တွေ
အကြောင်းတွေးမိနေခဲ့တယ်၊
သင်ဟာ ဘုရားမဲ့ တစ်ယောက်လား၊ တယောပညာရှင်တစ်ယောက်လား၊ မျက်နှာ ကို လာထိုးနက်တဲ့ လေ လား၊
နိုးရခက်တိုင်း အိပ်ချင်ယောင်ဆောင် တာ မဟုတ်မှန်း ငါ သိလာသလိုပေါ့၊

သင် ဟာ ငါး တစ်ကောင်ရဲ့ ပြက္ခဒိန်ထဲက မရင်းနှီးသေးတဲ့ အားလပ်ရက်ရှည်တစ်ခုလို
မေ့ရပျောက်ရခက်တဲ့ အရာတွေ ကို ငါ နဲ့ လာဆွေးနွေးနိုင်တယ်၊
သောက်ခဲ့ဖူးတဲ့ ဘီယာ တစ်ခွက်ကို ဝေဒနာ တစ်ခုအဖြစ်သာ မှတ်မိတော့သလို၊ ညလယ်ခေါင်မှာ ဒူးတွေတုန်ပြီး
မျက်လုံးတွေ မှာပဲ ပြန်လှည့်ပြီးပြန်လာကြသူတွေ့ဖူးသလိုပေါ့။
လူသေ တစ်ယောက်လို အသားရေတွေ မြို့ပြရဲ့ ယဉ်ကျေးမှုကို မထောက်ပံ့နိုင်တော့ဘူး၊
ငါ၊ အုတ်နီခဲ နီးပါး ဖြစ်သွားခဲ့တယ်၊ သူတို့ဟာ မကြိုဆိုဘူး၊ မမောင်းထုတ်ဘူး၊
ထို့အတူ မအေးစက်ဘူး၊ မနွေးထွေးဘူး၊
သူတို့ဟာ သူတို့ရဲ့ ဖြစ်မှုတွေ အပေါ်မှာတောင် မေ့လျော့ထားလို့
ထုတ်ကုန်အသစ်တွေ အတွက် မျက်စိတွေ အရမ်းကျယ်နေကြတယ်၊
ဒါ ဟာ မြို့ကြီး ပြကြီးပဲ၊ ဟောဟိုမှာ နှင်းဆီပန်းခင်းပဲ၊
သင့်ကိုယ်သင် မြေပြင်တစ်ခုလို့ ခံစားကြည့်လိုက်ပါ။
သည်းခံနိုင်စွမ်းတိုးလာရင်လည်း၊ သင် ဟာ မြေပြင်ပဲ။
ခေတ်တွေ ဖယ်ပြီး သမိုင်းရေးမယ်၊ ငါတို့ တွေးကြည့်ကြမယ်၊
တွေးလို့မရရင်၊ ရေခဲသေတ္တာထဲက ပန်းသီးအိုအို တစ်လုံးလို အေးစက် ပိန်တွ မှုတွေကို ဆက်ပြီး စုံမင်မယ်၊
"ကောင်းသော မနက်ခင်းပါ မစ္စတာ . . ."
အိပ်ရာကနိုးတိုင်း အိပ်မက်တွေကို မကျေနပ်ဘူး၊ သူထင်ရာလုပ်နေတာ လူ့ လောက တင်မဟုတ်ဘူး၊ အများကြီးပဲ၊
တောင်ပြာတန်း က စိမ်းလဲ့နေတဲ့ စမ်းချောင်းတွေ အသွင်ပြောင်းတယ်၊ ပြီးတော့ ငါ ဆီပုံသန်းလာပြီး
ရှေးခေတ်စစ်သည်တွေ လို လမ်းထဲ ထပ်ဝင်လာကြတယ်၊
ဖြန့်ကျက်ပြီးခင်းထားတဲ့ နေပူပူ နေ့လည်ခင်းက အသားပေးထားတဲ့ အရာတွေကိုသာအရင်လုပ်ပါတဲ့၊
တိုက်ကြီးတစ်ခုလုံးဟာ တုန်ယင်ပြီး ဒီဇင်ဘာ က နေ ပြေးထွက်တယ်၊
ရာသီအလိုက်ပန်းတွေ မပွင့်တာလည်း ငါ အသက်လောက်ရှိပြီ၊
မှားယွင်းမှုတွေကြား မျက်နှာတွေ ပျက်ယွင်းပြီး ဆက်ဆံနေရတဲ့ ခင်မင်မှုတွေကိုလည်း
ငါ တစ်နေ့ တော့ ဆက်ဆက် မေ့ဖျောက်ပစ်ရဦးမှာပါပဲ။
ငိုတာမဟုတ်ဘူး။
သိခွင့် ပေးတာ။
သင့်ကိုယ်သင် သူတို့ လို့ ခံစားကြည့်လိုက်ပါ။
သင်သိပ်ခေါက်လာလိမ့်မယ်။ ဒါဟာ လူတွေပဲ။ သင်သိလား။ ဘယ်သူသိလဲ။
ငါ သိလား။ မသိဘူး လို့ ထားလို့ ရချင်ရမယ်။ ဒါပေမဲ့ အမှောင်ထုဟာ လက်တစ်ကမ်းမှာ ရွှေ့လျားနေပြီ၊

လှမ်းမျှော်မကြည့်နဲ့၊ မကျော်နိုင်တဲ့ အခက်အခဲဆိုတာ အနာဂတ်မှာပဲ ရှိတယ်၊
ဟောဟိုမှာ ဘာသာရေးကိုင်းရှိုင်းသူတွေ၊ ဟောဟိုမှာ ဆင်ဖိုနီ တစ်ပုဒ်၊ ဟောဟိုမှာ လူငယ်တွေ၊
လမ်းချိုးတိုင်း လမ်းချိုးတိုင်းမှာ ချောက်ကမ်းပါးက စိတ်ရှည်လွန်းစွာနဲ့ ထိုင်စောင့်နေတယ်။
သင့်ကိုယ်သင် နိဂုံးတစ်ခု လို့ ခံစားကြည့်လိုက်ပါ။
ပျော်နိုင်မှာလား၊ ပြဇာတ်တွေကိုလွမ်းဦးမလား၊ လွမ်းစေတီကို သတိရမလား၊
သင့်ဆီမှာ ငါ ပျော်ဝင်သွားလိုက်မယ်၊ တကယ်လို့ သင်သာ နိဂုံးတစ်ခုပီသခဲ့မယ် ဆိုရင် ၊
အစကို မမုန်းနဲ့လေ။
သင်နဲ့ ကပ်လျက် က အရာတွေကို ငုံကြည့်လိုက်။
ဆေးဆိုင်တွေ တုန့်ယင်ပြီး ဖျားနာ နေသလား၊
သင်ကိုယ်တိုင် နာစေးနေသလား၊
စာစီစာရိုက်လုပ်ငန်းတွေ ကနေ တောင်တရုတ်ပင်လယ်အထိ ကျယ်ပြန့်တဲ့
ဖျားနာခြင်းကို တရားဝင် ပိုင်ဆိုင်တယ်။
တဖြည်းဖြည်းနဲ့ ငါ့ပြတင်းပေါက်လည်း ကျောက်နံရံကြီးတစ်ချပ်ဖြစ်သွားတယ်၊
ဗလာ၊
မဟုတ်ဘူး၊
ကျောက်နံရံ၊
သွားတိုက်ဆေး၊ ကော်ဖီ၊ ဒီနေ့သတင်းစာ၊ . . . .
ငါ တို့ ကို သူ အရမ်းလိုအပ်တယ် တဲ့
သင်ကိုယ်သင် ၊ ငါ့အကြောင်းတွေ သိ ရင် ပါးစပ် အကျယ်ကြီးဟ၊ မျက်လုံးကြီး ပြူးပြီး
အော်ပြော၊
ဟောဟိုနားက အိပ်ရာ ထဲမှာ၊ ဥပမာ – သူ့စကြဝဠာနဲ့သူရှိတယ်၊ သူ့နေ့နဲ့သူနေတယ်၊
သင်ပဲအရေးကြီးတယ်၊ ငါ့လိုပေါ့ ။ ။ ။

လင်းနီညို

**အင်းလေ! အဲ့လို ဖြစ်ချင်ဖြစ်မှာပေါ့!**

ထပ်မှား ပြန်ပြီ၊ ( ငါလည်း ပြန်ပြီ)
ဒီလိုမုန်းသိရင်၊
အစကတည်းက၊ မုန်ဖို့မရည်ရွယ်ခဲ့ပါဘူး။

လောကကြီးကို ပျက်ရယ်ပြုသတဲ့၊ (မတန်မရာ)
နေ့လည့် မြို့ထဲမှာ၊ စီးကရက်နစ်ဗူးဝယ်တယ်၊
ပြီးတော့ သူနဲ့တွေ့တယ်၊
(တစ်သက်လုံးသောက်ခဲ့တဲ့) ဆေးလိပ်တွေတောင်သူ့လောက် လူ ကို မထိခိုက်စေဘူး။

မှသားနဲ့တော့ နတ်ပြည်မှာတောင် အသက်မရှင်ချင်ပါဘူး၊ ( ကြားဖူးတယ်)
ရှင်နေတဲ့ တခွေတစ်ကောင်ဟာ၊ မရှိတော့ တဲ့ နတ်ဘုရားတွေထက် ပိုအဓိပ္ပါယ်ရှိပါတယ် တဲ့။ (ဖတ်ဖူးတယ်)
ဆံပင်တွေလည်း ရှည်လာလိုက်တာ၊ (သူရော ငါရော)၊ မျက်လုံးတွေ လည်း ဝေလာလိုက်တာ၊
ဩော် . . . ပြောမနေပါနဲ့တော့။

စံပယ်တစ်ပွင့် ဤမြေမှာ ပြန်လည်ပွင့်လန်းလာတာကို
ဖူးမျှော်ခွင့်ရလိုက်တယ်လေ။

မနက်ကဘေးအိမ်က လူတွေပြောင်းသွားကြတယ်၊ ညနေပဲ လူသစ်တွေ ပြောင်းလာကြတယ်၊
ငါ့ ဘေးအိမ်လည်း သူ့လိုပဲ ခက်လှပါပကော။

လမ်းပေါ်မှာ၊ ကောင်းကင်မှာ၊ စိတ်ထဲမှာ၊
တိမ်တွေ၊ တိမ်တွေ၊ တိမ်တွေ၊
နွေလေတွေ၊ နွေလေတွေ၊ နွေလေတွေ၊
အားမနာ ပါးမနာ လွင့်နေလိုက်ကြတာ။
ဩော် . . . သူ့စိတ်သာ နွေလေလောက်၊ တိမ်လောက်ပဲ တည်ငြိမ်ဦးတော့
ငါ ပျော်ပျော်ကြီး သေနိုင်ပါရဲ့ ။

အခုတော့ မေ့တတ်တဲ့ နှင်းဆီ တစ်ပွင့်ရဲ့ စကားကို ငါ့မှာ ကိုးကွယ်ယုံစား လို့ . . .

"သူ မမှားပါဘူး၊ ငါ့သား" တဲ့၊
ညက အိပ်မက် ထဲ မှာ ဖန်ဆင်းရှင်ကပြောတယ်၊
ကတ်ကတ်လန်အောင် ရန်မဖြစ်တတ်ပေမဲ့၊
ဖန်ဆင်းရှင်ကို ပြန်တော့လည်း ပြောမိလိုက်တယ်၊
"ကျွန်တော်ကရော သူမှားတယ်လို့ ပြောနေလို့လား" လို့။
(အိပ်မက်ဆိုတာ ဒီလိုပါပဲ အကောင်းမြင်တတ်လေ့ရှိတယ်)
ဖန်ဆင်းရှင် ပြုံးတယ်၊ ငါ လည်း ပြုံးတယ်၊
သိပ်ပျော်ဖို့ကောင်းတာပဲ၊
အိပ်မက်ထဲမှာပေါ့။

ပိတောက်တွေ လှိုင်လှိုင်ပွင့်တဲ့ တန်ခူးလလည်းမရောက်သေးပါဘူး၊
ငါ့အပေါ်မြေတွေသွန်ချဖုံးပစ်မဲ့ ငါ့ ဈာပန လည်း မဟုတ်သေးပါဘူး၊
သက်ပြင်းသက်မ တွေနဲ့ ဆောင်းရာသီလည်း မကုန်သေးပါဘူး၊
ဒါပေမဲ့ စိတ်တော့လည်း ကုန်ခမ်းလာတယ်။

ဖန်ဆင်းရှင် ကပြောတယ်။
"ငါ့သား၊ မင်းက ပိုလို့တောင်မမှားသေးတယ်" တဲ့ ။ ။ ။

လင်းနီညို

## ဇယောင်းဖိုင် ထွန်းထားတဲ့ ဂါဇန်

ကျွန်တော်တို့ဆိုင်က ကားစောင့်တဲ့နေရာ။
သိပ္ပံရုပ်ရှင်တွေ စိတ်ကူးယဉ်သလိုမျိုး၊
စိတ်မနှံ့သူတွေ တိုက်ပေါ်က ခုန်ချသလိုမျိုး၊
ပါးလျ ပျော့အိ နေတဲ့ ညဝတ်အင်္ကျီဝတ်ထားတဲ့ မိန်းကလေးလိုမျိုး၊
"ခေါင်းကိုက်ခြင်းကို အမြန်ဆုံး သက်သာပျောက်ကင်းစေသည်"
ရွှေဈေးကျတယ်၊ ကားဈေးပျော့တယ်၊ ပဲစင်းငုံစိုက်တယ်။
လာမဲ့ ခုနစ်ရက်နေ့မှာ ပညာရေးဆွေးနွေးပွဲလုပ်မယ်။
ဗေဒင်ဆရာကပြောတော့ ရေသန့်လှူပါတဲ့။
ကားတွေမဆင်မခြင်မောင်းကြသလို လူငယ်တွေ အေအိုင်ဒီအက်စ် ဖြစ်ကြတယ်။
"အခုတလော အာမခံခြင်းရှောင်ပါ"
ဆံပင်ရှည်ရှည်နဲ့ ဂျပန်ဝန်ကြီးချုပ် ကို အရမ်းသတိရတယ်။
ရုပ်ပါ ချမ်းအေးဝင်း က ကလေးနဲ့တဲ့၊
ဒါဆို လူကြီးနဲ့မဟုတ်ဘူးလား (သူ့ဟာသူဟုတ်ချင်ဟုတ်မှာပေါ့)
ဟိုနားကအဖွားကြီးက သေခါနီးတောင် တရားမထိုင်ပဲ (ငြိမ်ငြိမ်မနေပဲ) အသေဆဲတုန်း၊
ဒီနေ့ ကျောင်းမသွားဘူး။
ခရီးစရိတ် တစ်ဆယ်လောက် ကုန်ကျမယ်၊
ဘဲဘော်သီး များများစားကြပါ။ (ရွှေဖယုံသီးလည်းဖြစ်တယ်တဲ့)
ဘင်္ဂလားပင်လယ်အော် အခြေအနေ ???
ရာသီဥတုကိုပြောတာလား၊ လေးဖြူ ရဲ့ သီချင်းခွေရဲ့ အောင်မြင်မှုကိုပြောတာလား။
မင်းရဲကျော်စွာနဲ့ လဂွန်းအိမ် ချကြတယ်။
မနေ့က ဂိမ်းထဲမှာ လူတွေစိတ်ကြိုက်လိုက်သတ်တယ်။
သွေးတွေဖြာခနဲ၊ ဖြာခနဲ။ မော်နီတာပျက်သွားတယ်။
ဟိုးတစ်နေ့က အင်တာနက်ပေါ်မှာ မီးမလာဘူး။ (မယုံကြဘူး)
အမှုအရာကိုက မှန်ကြွပ် လိုလို။ ( ကျွတ်ဆတ်ဆတ်နဲ့၊ But, ဝါးစားလို့ရမှန်းသိလား)
လူမြင်ကွင်းမှာ ပါးချကြတယ်။ ခုံနဲ့ရိုက်တယ်။
စက်ရုပ်တွေ အလုံအလောက်မရှိတာ ဘယ်သူမှ မသိဘူး။
မီးတောင်တွေ အလုံအလောက်မရှိတာ ဘယ်သူမှ မသိဘူး။
ရှယ်လီက ဂေါ်ဒွင် သားမက်၊ အိမ်ဘေးက ကိုမျိုးဝင်းက လူပျိုကြီး။
ချီလီ ဆိုတဲ့နိုင်ငံ (စပိန်တွေဆီက) လာလီဂါဖလားမရပေမဲ့ လွတ်လပ်ရေးရသွားတယ်။

(ဆိုးရွားစွာ)'ဆီ''ခိုက်'(စေ)'နိုင်'ပါသည်

"မင်းကိုကိုယ့် ကွန်ပြူတာ ထက် ပိုချစ်တယ်လို့တောင် တစ်ခါတစ်ခါ ထင်မိသေးတယ်၊ ဘုရား ဘုရား"
စိန့်တစ်လုံး သရက်ပင်ရှိတယ်၊ ကားရှိတယ်၊ မီးခြစ်ရှိတယ်၊ ခဲတံရှိတယ်၊ ကျောင်းသားကဒ်ရှိတယ်၊
ရည်စားအဟောင်းတွေ ပြန်တွေ့တော့ နမ်းခဲ့ဖူးတဲ့ကိုယ့်နှုတ်ခမ်းတောင် ကိုယ်ကိုက်ဖြတ်လိုက်ချင်တယ်။
(တော်သေးတယ် လင်မယားအဟောင်းတွေ ပြန်မတွေ့လို့)

" The blood of the innocent I have spread with no remorse' '(The Father of Lies, Whitechapel)

မနက်က၊
ဝိန်တယ်၊ အရပ်မြင့်တယ်၊ အသားဖြူတယ်၊ တခါးတွေ ဂျိမ်းခနဲမြည်အောင်ဖွင့်ကြတယ်။
စာကြည့်တိုက် သေးသေးလေးမှာ ကွန်ပြူတာ က အကြီးကြီး။
ကြေးနီရောင်၊ ကြေးဝါရောင်၊ နောက်တော့ ကြေး ဖြစ်ရင်ပြီးရော။ ရွှေတော့မရောစေနဲ့။ (မီးကြောက်တယ်)
အရင်တုန်းကတော့ တုန်နေအောင်ချစ်တယ်။ အခု ငါး ဖြစ်သွားပြီ။
ဗိုက်ဆာတိုင်း ဂစ်တာတီးနေရင် ဆလက်ရှ် ကိုမှီနိုင်ကောင်းပါတယ်။

" Thou, art, mere, . . .?? !!!!!!!!! "

Bypass တဲ့၊ အနီပေါ်အဖြူထပ်ထားတယ်။
ဗီယမ်နမ် စားသောက်ဆိုင် ဖွင့်ထားတဲ့ ရုရှားတွေ။
ဖိလစ်ပိုင် ရိုးရာ အဝတ်အထည်ရောင်းတဲ့ အမေရိကန်တွေ။
အံစာတုံးတစ်တုံးမှာ ဂဏန်းတစ်ခု ရဲ့ လေထဲမြှောက်တင်လိုက်တဲ့အခါ ဖြစ်တည်မှု၊ ဖြစ်တန်စွမ်း၊
သချာ်ဆိုင်ရာ မရင်းနှီး မှု များ၊ သချာ်ဆိုင်ရာ အရင်းအနှီး များ၊
ညများ ကြည်လင် တဲ့ နွေကိုယ်ပွား။
ဗိုက်ဟောင်းလောင်း မှန်ထဲမှာ ကမ္ဘာကြီး ပျက်စီးမဲ့ နေနဲ့ ပတ်သက်ပြီး
သဘောထားတွေ ခွမ်းခနဲ ကွဲကြ၊

Close my eyes to see the changes widely!!!!!!!!
Crispy noodles detonated unexpectedly!!!

မဂ္ဂဇင်းကမှောက်ရက်သား။
ဘတ်စ်ကားတစ်စင်းဖြတ်ကြိတ်ခံထိသွားသလို၊
လက်ညှိုးထိပ်က သွေးခြေဥနေတယ် ။ ။ ။

လင်းနီညို

**မင်းလိုလူစားအများကြီးပေါ့**

နေကောင်းတုန်းက ဟိုကောင့် ချက်နှာ ကို
ဖိနပ်နဲ့ဆောင့်ကန်လိုက်တာကို အခု သတိရတယ်။
ကိုယ့်ခေါင်းကိုယ် တုတ်နဲ့ရိုက်ကြည့်လိုက်ပါ။
ဖြာထွက်လာတဲ့ သွေးတွေ ၊ 'ဘီ' သွေးတဲ့၊
မျှော်လင့်ထားလို့မရတဲ့ အရာတွေထဲမှာ 'ဘီ' သွေး၊
'ဘီ' သွေးဆိုတော့ 'အေ' သွေးတွေ ပြောင်းပြန်စီးနေသလိုလား၊
ဘာဆိုင်လို့လဲလို့ ဆေးပညာနယ်ပယ်က ဘဲ တွေ ပြောကြမယ်။
မယုံရင်လာကြည့်။ ငါ့လက်ကောက်ဝတ်မှာ သွေးတွေ ပြောင်းပြန်စီးနေတယ်။
"ဟား ဟား ဟား"
အဆီ ပြန်တယ်။ အဆီ လာတယ်။ ပူတယ်။ အိုက်တယ်။ လေမတိုက်ဘူး။ သေခါနီးပြီ။
ဆရာဝန်မ ချောချောလေး ရောက်လာပြီး ပြောတယ်။
"ရှင်သေပြီ" တဲ့။
ရုတ်တရက် မတ်တပ်ရပ်ပြလိုက်တယ်။ ဘယ်သူမှ မမြင်ဘူး။
ရုတ်တရက် အော်ဟစ်လိုက်တယ်။ ဘယ်သူမှ မကြားဘူး။
မြို့ထဲလျှောက်သွားတယ်။ ဆူးလေမှာ နာရီပြင်တယ်၊ နေပြည်တော် မှာ ရုပ်ရှင်ကြည့်တယ်။
ပန်းဆိုးတန်းမှာ စာအုပ်မွှေတယ်။ ပြီးတော့ ဆူးလေမှာ နာရီနောက်တစ်လုံးထပ်ပြင်ရင်းနဲ့ မိုးချုပ်သွားတော့
မူးလဲသွားတယ်။ ဘယ်သူမှ မထူဘူး။ ကိုယ့်ဘာသာကိုယ် ကုတ်ကက် ထ ပြီး ဓါတ်မီးတိုင်တစ်ခုအောက်မှာ
ကဗျာထိုင်ဖတ်တယ်။ မနက်ရောက်တော့ လမ်းမီးတွေ မလင်းတော့ဘူး။ ကဗျာတစ်ပုဒ်တောင် မပြီးသေးဘူး။
လမ်းမှာ ရှိနေတဲ့ အုတ်ခဲကို လှေလှော်ပြီး စီးချင်တယ်။ တစ်ချို့လူတွေ တစ်ယောက်ကို
တစ်ယောက်လှေလှော်စီးတာတွေ့ဖူးတယ်။ အုတ်ခဲကို လမ်းထဲပစ်ထည့် လှေလှော်ပြီး ရွက်လွှင့်လာလိုက်တယ်။
လေကတဟူးဟူးနဲ့၊
ကုန်ဈေးတန်းမှာ ကားစောင့်နေတဲ့ လူတွေကို လက်လှမ်းပြလိုက်တယ်၊
"ဟေး"
လှည်းတန်းမှာ ကားစောင့်နေတဲ့ လူတွေကို လက်လှမ်းပြလိုက်တယ်။
"ဟေး"
ဗိုက်ဆာလာတယ်။ ငှက်နှစ်ကောင်လောက် ကင်စားနေလိုက်တယ်။

သတိရပြီး လှမ်းကြည့်တော့ အဝတ်တွေလှမ်းထားတဲ့ တိုက်တွေ၊

ငါ့အကြောင်းကြားရင် အားလုံး စဉ်းစားကြည့်ကြ၊ ဘာမှမဟုတ်ဘူး၊ ဒါပေမဲ့ . . . ၊ ဘာမှမဟုတ်ဘူး၊

သရဲတွေ ခမ်းခြောက်လာကြသလို လောကကြီးက အစစ်အမှန် ကြောက်စရာတွေနဲ့ချည်း။

ခန်းစီး လိုက်ကာကြိုးကို အသာလေး ဆွဲတင်လိုက်တယ်၊

ငါ့စီးလာတဲ့ အုတ်ခဲ က ပင်လယ်ကူးသင်္ဘောကြီး နဲ့ တူတူပဲ။

မာလိန်မှူးကို အမိန့်ပေးလိုက်တယ်၊ စာဖိုမှူးကို အမိန့်ပေးလိုက်တယ်၊ သင်္ဘောသားတွေကို အမိန့်ပေးလိုက်တယ်။

ဟိုဘက်နားက ကျွန်းမှာ စက်ရုပ်တစ်ကောင် လက်ပြနေတယ်၊

သွားကယ်ကြ။ သွားကယ်ကြ။

ရောက်လာတော့ စက်ရုပ်က သေနေပြီ။ ဒါနဲ့ ဒီကောင့် ဆီက မူလီ တွေဖြုတ်ပြီး ငါ့ ဖိနပ်မှာ တပ်ထားလိုက်တယ်။

တစ်ချို့က ဒီကောင့်ဆီက သံလိုက်တွေ ယူပြီး မျက်နှာမှာတပ်လိုက်ကြတယ်။ (မျက်နှာလိုက်တတ်သွားကြတယ်)

ပြီးတော့ ကန်ချလိုက်တယ်။

မြေနီကုန်း မှတ်တိုင်မှာ ကားစောင့်နေတဲ့ လူတွေကို လက်လှမ်းပြတယ်။

"ဟေး"

မိုက်ခနဲ။ လဲမကျ။ ဖိနပ်မှာ က မူလီတွေနဲ့။

မျိုးရိုးဗီဇ အပြောင်းအလဲ မြန်တဲ့ သတ္တဝါဆန်းတွေကို လည်းတွေ့နေရတယ်။

မျက်စိနဲ့ကြည့်တော့ မျက်စိကျိန်းတယ်။ နားနဲ့နားထောင်တော့ နားငြီးတယ်။

ခန်းစီးလိုက်ကာကြိုးကို အသာလေးပြန်ချလိုက်တယ်။

ကိုယ့်ခုတင်မှာ ကိုယ်ပြန်အိပ်နေလိုက်တယ်။

ဆရာဝန်မချောချောလေးနဲ့ စက်ရုပ်တစ်ကောင်ရောက်လာတယ်၊

စက်ရုပ်ကို ထပ်ကန်ချလိုက်တယ်။ ဆရာဝန်မလေး ဘယ်သူ့ကိုပြောမှန်းမသိပဲ ရေရွတ်တယ်။

"ဩော် . . . ရှင်မသေဘူးကိုး"

စက်ရုပ်အခုမှ တကယ်သေသွားတယ်။

သူ့ နှလုံးသားကို ဆရာဝန်မလေး နဲ့ နေရာလဲမလို့ ဆရာဝန်မလေး ကို ခုတင်မှာပေးအိပ်လိုက်တယ်။

ပြီးတော့ ခွဲစိတ်ခန်းသုံးဓါးနဲ့ ရင်ဘတ်ကို ခွဲချလိုက်တယ်။

အထဲမှာ လူတစ်ယောက်ထိုင်ပြီး ငိုနေတယ်။ သေချာကြည့်တော့ မျောက်တစ်ကောင်ဖြစ်နေတယ်။

သေချာထပ်ကြည့်တော့ ဘောလ်ပင်တစ်ချောင်းဖြစ်နေတယ်။ မထူးဘူးဆိုပြီး ဝင်သွားလိုက်တယ်။

သွေးနံ့တော့ ညှီတယ်။ ကိုယ်တိုင်က ခန္ဓာဗေဒ မကျွမ်းတော့ သွားရတာ ခရီးမတွင်ဘူး ဖြစ်နေတယ်။

ခုနက ဘောလ်ပင်ကို ယူ ပြီး သူ့သွေးမှာ "ဘီ" လို့ရေးပေးလိုက်တယ်။

အပြင်ပြန်ရောက်တော့ မိုးချုပ်နေပြီ။

တော်သေးတယ်။ ဖိနပ်ရှိသေးလို့။

ခဏနေတော့ ဆေးစစ်ချက်ကို နတ်စိမ ရုပ်ဆိုးဆိုး တစ်ယောက်လာပို့တယ်၊

ဘာလဲတော့ မသိဘူး၊ ရှိရမှာက ၈၀ ဝန်းကျင်၊ တကယ်ရှိနေတာက ၉၀၉၀၉၊

ရယ်ရတယ်။

၉၀၉၀၉ ကိုဖုန်းခေါ်ကြည့်လိုက်တယ်။

လူတစ်ယောက်လာကိုင်တယ်။ မှတ်မိလိုက်တယ်။ ပန်းဆိုးတန်းမှာ စာအုပ်အဟောင်းရောင်းတဲ့သူ။

"မင်းအုတ်ခဲကို လာဆင် ယူသွားပြီ"

ခန်းစီး လိုက်ကာကို နည်းနည်းလေး ဟပြီး ကြည့်လိုက်တယ်။

နွေဦးမို့လို့ထင်တယ်။ နေရောင်က ဖြာခနဲ့နေတယ်။ သစ်ရွက်တွေက လှလှပပ ကလေး လွင့်နေတယ်။

အနောက်က တစ်စုံတစ်ယောက် လာပြီး သိုင်းဖက်တယ်။

လှည့်ကြည့်လိုက်တော့ ဆရာဝန်မ ချောချောလေးဖြစ်နေတယ်။

လေက အရမ်းတိုက်တော့ သင်္ဘော ကုန်းပတ်ပေါ်က ဆင်းလိုက်တယ်။

အောက်ရောက်တော့ ဆူးလေမှာ ရခိုင်မုန့်တီ အတူစားတယ်။

ဘတ်စ်ကား စပယ်ယာ က ဟို စက်ရုပ်ဖြစ်နေတယ်။

နေကောင်းတုန်းက ကျောင်းပေါင်းစုံ ဘောလုံးပွဲ ဖိုင်နယ်မှာ

အနီကတ် ပြခံထိတာ ကို အခု သတိရတယ် ။ ။ ။

လင်းနီညို၊

**ဖန်ဆင်းရှင်ကို ရန်သူမရှေးနိုင်းနဲ့**

တီထွင်ချက် အမှတ် (၂၃၅)
ပိုက်ဆံတွေက လိုအပ်သလို
စာရွက်တွေအစား အသုံးချဖို့ဖြစ်တယ်။

တီထွင်ချက် အမှတ်(၂၃၄) ။
ပျော်ပွဲရွှင်ပွဲတွေနဲ့ကျောင်းတုန်းက
လေထီးမပွင့်တဲ့လူတစ်ယောက်ရဲ့ခံစားချက်
သည် မရှိမဖြစ် အိမ်စာတစ်ပုဒ်ဖြစ်သည်။
အနက်ရောင်အပြည့်ဖြည့်ထားတဲ့ စက်ဝိုင်းမှာ
စဦး လူသားတွေ စတ္တန့်ငါးဆယ်လောက်သာ ကြာခဲ့တယ်။
ကင်ဆာမဟုတ်သော စိတ်ဒဏ်ရာပေးခဲ့တုန်းက
မင်းတို့အိမ်မှာ လည်း မိုးရွာသလို၊ ငါတို့ဆီမှာလည်း မိုးသည်းနေပါတယ်။ . . . ကွယ်။
အသည်းကို ။ ငါ့အရေပြားကိုဆုတ်ခွာပြီးကျစ်လို့ရတဲ့ ကြိုးနဲ့ ချည်ထားလိုက်မယ်။
ကိုယ့်ကိုကိုယ် မကာကွယ်နိုင်သ၍တော့ စနေနေ့သည် မှုးယစ်ခြင်း လမ်းမ။

မင်း ငါ့ကို ပြောပြောပြနေတဲ့ အကောင်ဟာ တကယ်တော့
နောက်ကျိုကျို ကားမှန်ထဲကထပ်ပိုးပြီးသာ ရယ်ဒီမိတ်ကောင်။
ကျင့်သားရလာတဲ့ မျက်လုံးက မမြင်ချင်ယောင်ဆောင်တတ်လာတယ်။ (အလွယ်တကူပဲ)

ဓာတ်နာခဲ့ချင်တာလား မသိပေမဲ့၊ ငါသိပ်ချစ်ခဲ့တာပေါ့၊ (ဘာတွေမှန်း)
ထားပစ်ခဲ့ခြင်းဟာ အက်ကြောင်းထပ်နေတဲ့ အကြောင်းအရာတစ်ခုကြောင့်ပဲ။
ဒီလိုနဲ့ . . . မင်း . . . ကောက်ကောက်ပါသွားခဲ့တယ်။
အက်ကြောင်းထပ်နေတဲ့ ဓာတ်လမ်းအတိုင်း . . . ။

ငါ့မှာ ကောင်းကင်မရှိပါ။
ထပ်ပြီးပြောမည်။
ကောင်းကင်ပေါ်တွင် ငါ မရှိပါ။

အခုမှတော့ မင်းဟိုကောင်ကို အော်ဆဲနေလည်း ကမ္ဘာကြီးက စုတ်သပ်နေရုံကနေ
ရှန်းမထွက်နိုင်ခဲ့။ ဒါပေမဲ့ မင်းအော်ဆဲခဲ့တယ်။
ရှင်ဟာ လူယုတ်မာပဲ။ ရှင်ဟာ လိင်အသားပေး သတ္တဝါ ပဲ။
ရှင်ဟာ တိရိစ္ဆာန်လောက်တောင် . . .

မြေကမ္ဘာတုန်းဟီးစဉ်က ဆိုခဲ့တဲ့ တေးသံတွေ ပြန်ရွတ်မနေနဲ့တော့ . . . ညီမ။

ရှင် နားလည်ထားတဲ့ နားလည်မှုဆိုတာ . . . ။
ရှင်နားမလည်တာတွေထဲမှာ နားလည်မှု လည်းပါတာပေါ့။

မှားပြီးရေးတဲ့ အက်ဆေးတစ်ပုဒ်မှာ မဖြစ်ဖြစ်အောင်လုပ်ကြံထားတဲ့
ထူးဆန်းမှုတွေ ဇရပ္ပ နဲ့။
လုပ်သားတွေ အော်ကြဟစ်ကြတဲ့ အသံတွေ
သီချင်းထဲမှာ ထည့်ရေးချင်တယ်။
မြို့ငယ်တွေ ဖြတ်သန်းမှု နောက်မှာ အမိကောင်းကင်ဟာ
တိမ်အလီလီထ မြင်းကွင်းတွေ မှုန်မွလို့။
ကုဗ နှစ်မိုင်ရှိတဲ့ တိမ်တောင်တွေက
လူသားရဲ့မိတ်ဆွေမဟုတ်ဘူး။
ရာဇကုမာရ် ကျောက်စာလို ရေးထားတဲ့
အစီအရင်ခံစာ။

နေ့နဲ့မီး မရှိတဲ့နောက် မျက်လုံးတွေပိတ်ထားလိုက်တာက
အိပ်ရေးဝဦးမယ်။
မပိုင်ခဲ့တဲ့ ဆိုင် မှုကို လက်မှတ်ထိုးစွန့်လွှတ်စေတယ်တဲ့။
(အသည်းနာလွန်းလို့) မိုဆိုလီနီ ပြုံး ပြုံးလိုက်မယ်။

အမှားမခံနိုင်မှန်းသိသလိုလိုရှိခဲ့လျက်နဲ့ . . .
စက္ကူတစ်ခုမှာမျဉ်းနှစ်ကြောင်းဖြစ်သွားသည်အထိ မိုက်ခဲ့မဲခဲ့ကြတာ လူငယ်ဆန်ဆန် မရင့်ကျက်လိုက်တာ။
မနက်တိုင်းဆီးသွားရင် အိပ်မက် က ပါပါသွားတယ်။
ထပ်ပြောမယ်။
ညက မက်တဲ့ အိပ်မက်က မနက်ရောက်တိုင်း ဆီးနဲ့အတူ လျှော ။

ငါ့ကို ဒီဇင်ဘာထဲကို ဝင်ခွင့်ပြုပါ။
ငါ့ကို ဝင်ပေါက်တစ်ပေါက်ကို ထွက်ပေါက်တစ်ပေါက်အဖြစ်ပေးကြပါ။
တုန်ယင်မှုနဲ့အတူ ခေါင်းအတွင်း ကိုက်ခဲလာတာ တွေက
ဖျစ်ညှစ်လိုက်တော့ သိမ်ငယ်သွားတယ်။
ကြီးကောင်ကြီးမားနဲ့အိုမင်းလာတဲ့ရေဒီယိုခံစားချက်တွေကို
ပဲ အပြစ်ဖို့လိုက်တော့မယ်။

ရှင်ဘယ်လိုလူစားလဲ၊
ရှင် က ရေဘဝဲ လို လူစားပဲ။ ရှင့်လက်တံတွေမှာ မျက်နှာတွေ တပ်ထားတဲ့ လူပဲ။

သူ့ကို တချို့တစ်ဝက်က မသိကြဘူး။
အမုန်းကို ရေမြင်းတစ်ကောင်လို ပါးစပ်ဟစေပြီး
နင့်ကို ကန်ချလိုက်ရင် ဘယ်လိုနေမလဲ။
ငါ့မှာ ငါ့ယုံကြည်ချက်နဲ့ ငါ့ပိုင်ဆိုင်မှုနဲ့
ငါ့ ဥယျာဉ်မှာ ကဗျာတွေ သီးနေပွင့်နေကြတာများ . . .
ပြောလို့တောင်မကောင်းဘူး။ ဟုတ်တယ် ။ တကယ်မကောင်းဘူး။
ရုပ်ထွက်ကောင်းတဲ့ အဖြစ်အပျက်တွေအတွက် အနည်းငယ်တော့
စောင့်ဆိုင်းရမှာပေါ့။

အမှတ် (၂၃၃) တီထွင်ချက်။
လက်ရှိ **version 1.0** မှာ မျက်တောင်ခတ်လိုက်ရင်
ငွေသံတွေ ထွက်နေတာ
ခွင့်လွှတ်သင့်ခွင့်လွှတ်ရမှာပေါ့။

ရှင်ဟာ တစ်ကိုယ်ကောင်းဆန်တဲ့သူပဲ။

(အဲဒီကောင်မနဲ့အဲဒီကောင် စကားပြောနေတာကြာပြီ) ငါရပ်ကြည့်နေတုန်း။

ရှင့် မျက်လုံးထဲမှာ လဲကျသွားတဲ့ မိန်းကလေးအတွက်နေရာရောရှိရဲ့လား။
ရှင်ပေးခဲ့တဲ့ လက်ဆောင်ဟာ အရုပ်တစ်တရုပ် ပဲ။
ကျွန်မ အတွက် ရှင်ဟာ . . ဟာ ကျွန်မမသိဘူး။
ရှင့်အတွက် ကျွန်မဟာ ကြွပ်ကြွပ်အိတ်တစ်အိတ်ပဲ။
ရှင်ထည့်ချင်တိုင်းထည့်ပြီး၊ ရှင်ထည့်ချင်တိုင်းထည့်ပြီး . . . ၊
စွန့်ပစ်သွားခဲ့တဲ့ အမှိုက်ပဲ။
ရှင်ဟာ . . . ။

တိုက်ပွဲဆိုတာ တိုက်ရဲခိုက်ရဲရှိတဲ့ လူတွေအတွက်သာ
ရှိတာမဟုတ်ဘူး။
မလှဲ့သာမရှောင်သာလို့ စစ်သလင်းထဲ ခုန်ချလိုက်ရတယ်။
သူနဲ့သူ့သားကလေး။

ငါနဲ့ဘာဆိုင်တုန်း။
ဖာတ်လမ်းက ပြီးသွားတာ ကြာပြီ။

ဧရက်တောင်ကိုတောင် မေ့ထားလို့ရတဲ့ မြူပဲ။
လွင့်ချင်ရာလွင့်ပါစေ ဘယ်သူမှ ဝမ်းမနည်းနေပါဘူး။
"သားကလေးကို စောင့်ရှောက်လိုက်ပါ ကိုကိုရယ်။ (ရှင့်သားလေးမဟုတ်ပေမဲ့)" တဲ့
ကလေးလေးတစ်ယောက်နဲ့ငါ။
ကောင်းကင်ကိုတောင် ပက်လက်တွယ်ပြီး သီချင်းညည်းပြလိုက်ချင်တယ်။

ငထုံအတစ်ယောက်ရဲ့ ဦးခေါင်းခွံပေါ်မှာ အဝီစိတူးကြမယ်။
မော်တော်ကားတွေထုတ်နေလုပ်နေတဲ့စက်ရုံတစ်ရုံမှာ ကွန်ပြူတာတွေ
တဂျိမ်းဂျိမ်း အလုပ်လုပ်နေပုံများ အံ့သြရတယ်။
နားကပ်နှစ်ဖက်ပန်ထားတဲ့ လူငယ်တစ်ယောက်ရဲ့ မိုးကြိုးတွေ
ငါ ထုတ်ချင်းပေါက်သွားပါပေတယ်။

သူ သူငယ်တန်းစတက်တဲ့နေ့တုန်းကပေါ့၊
စီးကရက်တိုတွေပြန့်ချင်တိုင်းကျဲနေတဲ ငါ့မျက်ဝန်းတွေ ငါဝှက်ထားခဲ့တယ်။
လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုတ်ထားတဲ့ သူ့လက်က ချွေးစ တွေ
ငါ့ကိုယ်ထဲစီးဝင် ငါတောင် ငိုချင်လာမိတယ်။

ဖေဖေ၊ သား သူငယ်တန်း(က) မှာ အဆင့်တစ်ရတယ်၊
သားလေ သချာ်ပုံနှိပ်ကြားမှာ ဒေါင်းတစ်ကောင်မွေးထားတယ်။
အဲဒီဒေါင်းလေ၊ သူ့ အမေအကြောင်း သူ့သားကို ငိုပြီးပြောပြတယ်၊
သချာ်ပုဒ်စာတွေ ရေစိုစွဲလို့ ငိုပွဲဆင် ကြတယ် ဖေဖေ။
ဖြစ်နိုင်ရင်သား ကမ္ဘာအပြင်ကိုထွက်သွားချင်တယ်။
သိပ္ပံနည်းကျစွာနဲ့ ငိုချင်တယ်။
အဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေဖေ ။

တစ်နေ့ဆိုတာ၊ တစ်နေ့ပဲ၊
ငါဆိုတဲ့ကောင်လည်း ငွေဆိုတာ (လူတောတိုးရဲ့) ပိုင်ဆိုင်တတ်ခဲ့ပြီ၊
ငါ့ကားကိုငါမောင်း၊ ငါ့သားကိုဘေးမှာတင်၊ ဘဝ ဆိုတာ ဒီလိုပါပဲ လို့ ဟိုပြောဒီပြော၊
ရတ်ခနဲလှမ်းတွေ့လိုက်တာ ဟိုကောင့် ရဲ့ ကောင်းသော ရှာပန၊
ဟုတ်ပါ့မလား၊

ဟိုကောင် တကယ်သေပြီ၊
ငါမသွားဘူးတဲ့ ဟိုတယ်တွေသွားဖူးတဲ့ကောင် သေပြီ၊
ငါမစီးဖူးတဲ့ ကားတွေ စီးဖူးတဲ့ကောင် သေပြီ၊
ငါ ချစ်ရတဲ့ ရွှေမင်းသမီးလေးရဲ့ ရွှေမင်းသားလေး သေပြီ၊
ငါအရမ်းချစ်ရတဲ့ မိန်းကလေးကို ရက်စက်ယုတ်မာတဲ့ကောင် သေပြီ၊
ငါ့သားရဲ့ အဖေ သေပြီ၊
ဟား ဟား ဟား . . .
'မနာလို' တရားက ငါ့နားထင်ကို တထိတ်ထိတ်လာလာထိုးနေတာ အခုမှ ရိပ်မိတယ်။
ဟာ ဟာ ဟာ
အဲဒါ ဟိုကောင်မှ မဟုတ်ပဲ။
အဲ့ဒါ အခမ်းနဲ့အနားနဲ့ သစ်ပင်စိုက်နေကြတာပဲ။
အဲဒါ ဖာရီ ဘုရင်တစ်ပါး နေထွက်ရာအရပ်ကို ရပ်ကြည့်နေတာပဲ။
အဲဒါ မစ်စ်ချာ အယ်လ်မန် ရဲ့ တယော တင်ဆက်မှုတစ်ခုပဲ။

တီထွင်ချက် (၁၃၂)
အာဒမ်နဲ့ဧဝ ဧဒင် ကိုစွန့်ခွာသွားတုန်းက သစ်ပင်ကိုကွယ်ပြီးငိုနေတဲ့ လူတစ်ယောက်ကို
ဘုရားသခင် လူမသိ၊ သူမသိ ဖန်ဆင်းခဲ့ဖူးတယ်။
(ဘယ်သူဆို ဘယ်သူမှ မသိလိုက်ဘူး)

ဖေဖေ သား နိုင်ငံခြားမှာ ကျောင်းသွားတက်ပါရစေ။
။ . . . ။
အဖေ သားအလုပ်ရပြီ၊ အဖေရဲ့၊ အဖေကို ပြန်လုပ်ကျွေးလို့ရပြီ၊
ဖေဖေ၊ မေမေ့ ကိုလေ ဖေဖေ အရမ်းချစ်တာပဲလား၊ အရမ်းသတိရတာပဲလား၊ . . .
မင်း အမေက ဘယ်သူများပါလိမ့် သားရယ်၊ ဒါနဲ့ အဖေကရော ဘယ်သူများပါလိမ့် သားရယ်၊
ငါဆိုတာ ခေါင်းလားပန်းလား၊ သားလား၊ အဖေလား၊ အနိုင်လား၊ အရှုံးလား၊
"မုန်အိမ်ထဲမှာ နေတဲ့လူ အခြားသူကို ခဲနဲ့မပေါက်ရ" (စတီဗင်ဆင်)
မေ့မေ့ကို မြင်ဖူးသွားချင်တယ် ဖေဖေ၊

အား . . .

နေ့ရက်တွေဟာ ငါ့ကို မျက်မှန်တစ်လက်ဖြစ်စေခဲ့တယ်။
အိပ်မက်တွေ ညထဲမျော်ဝင်သွားတယ်။ ညတွေ အိပ်မက်ထဲမျော်ဝင်သွားတယ်။
ပုံပြင်တွေဟာ ၊ အပုံတွေ ပြင်ထားသလို၊

Photoshop ကိုလေးစားဖို့ကောင်းလာအောင်လုပ်ထားတဲ့ ဒြပ်ကူပစ္စည်းပဲ။

ဖြစ်ခဲ့တဲ့ အရာတိုင်း ပျက်မှာပဲ ဒကာကြီး၊
ဒကာကြီး အသက်တွေလည်းကြီးပြီ၊
ပျက်သင့်သည်ရော၊ မပျက်သင့်သည်ရော ပျက်ခဲ့ပေါင်းလည်းများပြီ၊
စက်ဝိုင်းတစ်ခုကို မချိုးဖျက်နိုင်သေးသမျှတော့ . . .
လွှင့်မျောလည်ပတ်နေမှာပဲ ဒကာကြီး၊
ကျွန်တော်မျိုး အဲဒါတွေကို အကြီးကြီး သိပါတယ် အရှင်ဘုရား၊
ဒါပေမဲ့ ခက်တာက၊ ခက်တာက၊ . . . ခက်ပါတယ် အရှင်ဘုရားရယ်၊

မြင့်မိုရ် ကို ခင်တွယ်ခဲ့တဲ့ မြူ လေအငွေ့မှာ လွင့်လို့။
လမ်းလျှောက်ဖို့ လှမ်းလိုက်တိုင်း ခြေထောက်အောက်က မြေကြီး က ပျောက်ပျောက်သွားတယ်။
ငါ့ကို ဒီဇင်ဘာ ထဲက ထွက်ခွင့်ပေးပါ။
ခြောက်သွေးအေးခဲ အထီးကျန် မှုဒဏ်ကို ငါ မခံနိုင်တော့လို့ပါ။

တီထွင်ချက် (၂၃၁)
ဈာပန တစ်ခုကို ငါတို့ စိတ်ပါလက်ပါ တီထွင်ခဲ့ကြ။
(အသက်တစ်ရာ မနေရပေမဲ့ အသုဘ တစ်ရာသွားခဲ့ရ)

ဘယ်မှာလည်း ဘဝ တစ်ခုရဲ့ပျော်ရွှင်မှုဆိုတာ၊
မဟုတ်ဘူး။
မင်းမသွားရဘူး။ မင်းမသွားရဘူး။
မင်းဟာငါ့အတွက် ငါကိုယ်တိုင်လိုချင်ခဲ့တဲ့ ဗိုင်းရပ်တစ်ကောင်ပါပဲ။
ဆံဖြူနေတဲ့ ငါ့ခေါင်းမှာ တွေးခေါ်မှုပုံစံအသစ်တွေ မပုပ်ပွခင် တူးဆွကြ။
ငါတို့ မှားခဲ့တယ်။

တီထွင်ချက် (၂၃၀)
မျက်တောင်ခပ်လိုက်တိုင်း ပြုတ်ကျသွားတဲ့ စက္ကန့်တံတွေ
ပြန်ပြန်ကောက်ရတာငါမောလှပေါ့ ။ ။ ။

လင်းနီညို

(ဆိုးရွားစွာ)'ထိ''ခိုက်'(စေ)'နိုင်'ပါသည်



**(နောက်ဆုံးသော) မိုးမိုး ရှင်းရှင်း**

လည်ချောင်းကို ဖြတ်ထုတ်လိုက်တယ်၊
အိုး . . . (သွေးတွေ)× ၃ ကြည့်မကောင်းဘူး (မကြည့်နဲ့ပေါ့)
မှန်မှာကြည့်တော့ လူကိုမမြင်ရဘူး၊
လည်ချောင်းကနေ လှပတဲ့စမ်းချောင်းကလေးတစ်ခုလို စီးကျနေတဲ့ (သွေးတွေ) × ၄
အိုး . . . မြင်မကောင်းဘူး (သဘောပဲ)
ခြေမကလေးကို အသာလှုပ်ကစားပေးလိုက်တယ်၊
သစ်ပင်တစ်ပင် ရဲ့အမြစ်တွေ မြေကြီးအောက်ကို ဖေါက်ဝင်ပြီးယှက်ဖြာသွားပုံက၊
နှလုံးတစ်ခုထဲ ကို သွေးကြောတွေ ဖေါက်ဝင်ပြီးယှက်ဖြာသွားတာနဲ့ ခပ်ဆင်ဆင်ရယ်၊
အေးမြတဲ့ လနတ်သမီးရယ် ဘာကြောင့်မို့လို့ အသက်စွန့်သွားတာသွားလဲ၊
ဖွေးဖွေးဆွတ်နေတဲ့ မင်းဆံပင်တွေ၊ ဝိုင်းလဲ့နေတဲ့ မင်း မျက်ဝန်းတွေ၊
အဓိကတော့ ကြည်လင်မှု။ မင်းဟာ သိပ်ကြည်လင်တာပဲ။
လဲ့လဲ့ကလေးလှုပ်နေတဲ့ သမုဒ္ဒရာပြင်မှာ မင်းအရိပ်ထင်ရင်းကနေ၊
ငါတို့တွေ သမုဒ္ဒယကြီးတွေချည်နှောင်ထားကြတာပေါ့။
ပုံဆောင်ခဲတစ်ခုကနေ စက္ကူအိပ် တစ်ခုတွန့်ကြေသွားတယ်။
ခြေလက်တွေကွေးကောက်ပြီး လမ်းလျှောက်တော့ လူကြိုက်နည်းသွားတယ်။
ရပါတယ်။ (ကိစ္စ မရှိပါဘူး) 'ဘာကိုလဲ'
သစ်ပင်ရဲ့အမြစ်တွေကနေ သွေးစုပ်တဲ့ သတ္တဝါတွေဖြစ်လာတယ်၊
မြေကြီးကသွေးရောင်၊ မြေဆီလွှာက သွေးရောင်၊ လေထုက သွေးရောင်၊
သွေးတွေက မြေကြီးပြန်ဖြစ်ကြတယ်၊
သွေးတွေက သစ်ပင်တွေကိုထောက်ပံ့ကြတယ်၊
သွေးတွေ တိမ်တွေဖြစ်သွားကြတယ်။
မေးရိုးကြောတွေမှာ လျှပ်စစ်စီးလိုက်တော့ အော်ဟစ်မှုတွေ မြန်ဆန်လာတယ်
(မြန်မြန်ဆန်ဆန် အော်ဟစ်နိုင်လာတယ်)
သခင် . . . ပြန်လာပါ။ ငါ လွမ်းလှပြီ။
ခြေလက်တွေ တွန့်ကြေကုန်လောက်အောင် လွမ်းလှပြီ။
မင်း လောကကြီးကို အလင်းရောင်မပေးပါနဲ့တော့။ (အမှောင်မှာငါတို့နေသားကျနေပါပြီ)

မင်းလောကကြီးကို အေးမြမှုတွေ မပေးပါနဲ့တော့။ (ငါတို့ က လောင်ကျွမ်းပြီးသား ပြာ တွေပါ)
ငါ ဒီရေလည်း မလိုဘူး။ လရောင်လည်းမလိုဘူး။ မင်းပဲလိုတယ်။ (ဟော့ . . . ရှင်းတယ်နော်)
ပွပြင်းပိန်လိန်နေတဲ့ ဘီယာဘူးခွံတစ်ခု၊ သံယောတွေမရှိတဲ့ ချစ်ခြင်း၊ ငါက သေမျိုး၊
အမှားပြင်လို့မရတဲ့ ခဲဖျက်တစ်တုံး၊ မတ်တပ်ရပ်စမ်း၊
လည်ချောင်းသွေးကို နားလည်အောင်ကြိုးစား၊ သူက နတ်သမီး၊
နေအိမ်တွေ၊ ရေခဲပြာရောင် လရိပ်၊ ရွှေ့ကျနေတဲ့ ဆံပင်၊ မော့ကြည့်၊ ဆုမတောင်းနဲ့၊ မတောင်းဆိုနဲ့၊
အမိန့်ပေး။
မျက်စိမှိတ်ထားရင် မြေအောက်ကိုသွားတဲ့ တစ်လမ်းသွား လှေကားတွေကို အစိမ်းရောင်ဆိုးလို့ရတယ်။
မျက်စိမှိတ်ထားပေမဲ့ ခံစားတတ်တဲ့ အရေပြားတွေကို ဘယ်မှာသွားထားမလဲ၊
လမ်းပေါ်မှာ ပြေးနေတဲ့ ဘတ်စ်ကားတွေကို လျှောက်မေးတယ်။
ပြေးနေရတာ ပျော်လား၊ ပျော်နေလို့ ပြေးနေတာလား၊ ပျော်လည်းမပျော်ဘူး ပြေးလည်း မပြေးဘူးဟုတ်လား၊
တစ်နေ့လုံးပဲ၊ ပြီးတော့လည်း တစ်နေ့လုံးပဲ . . . အွန်း . . တစ်နေကုန်လိုက်၊
မြေနီကုန်းနားက အိတ်ချုပ်တဲ့ဆိုင်မှာ စိန်ပြေနပြေ
ချုပ်နေလိုက်တယ်၊ ပြီသွားတဲ့ ဒဏ်ရာကနေ သွေးတွေ၊ သွေးတွေ၊ အိုး . . .
ငါမထိန်းနိုင်တော့ဘူး။
ပြေးမှန်းမသိ၊ မပြေးမှန်းမသိတဲ့ ဘတ်စ်ကားတွေ ငါ့ကို တစ်စစီ ဆွဲဖြဲလိုက်ကြတယ်။
ဘယ်မှာလဲ၊ ဘာဖြစ်လို့လဲ၊ ငါရှိနေတုန်းပဲ။
အလကားသွေးတွေ၊ အလကား ဘတ်စ်ကားတွေ၊
မဟုတ်ဘူး။ ငါ မရှိတော့ဘူး။
အဲဒါငါ့သွေးတွေပဲ။ ငါ့ အပိုင်းအစတွေပဲ။ ငါ ပုံပျက်ပန်းပျက် နဲ့ အရိုးပျက်သွားပြီပဲ။
အား . . . (ငါ့ရဲ့ အသံဆိုတာ သေချာလို့လား)
တံခါးကို တွန်းဖွင့်ပြီး လှမ်းကြည့်တော့ လရောင်က လှဲလှဲဖြာလို့။
ကမ္ဘာပေါ်မှာ လရောင်ကို မော့ကြည့်နေတဲ့ သူတွေ အားလုံးရဲ့ မျက်လုံး ဖောက်ပြီး၊
သူတို့ဆီက လရောင်တွေပြန်ယူမယ်။
နတ်သမီးတစ်ပါး ပြန်လည် အသက်ရှင်မှုရဲ့ လှပပုံကို
ဖော်ပြဖို့ ငါ့ဆီမှာ လုံလောက်တဲ့ နာမဝိသေသန မရှိဘူး။
ငါဝတ်ထားတဲ့ တီရှပ် အမဲမှာ ငါ့နှလုံးသား ပုံထင်နေတယ်၊
ငါ ဟာ အလင်းပေါက် သတ္တဝါ တစ်ကောင်ဖြစ်သွားပြီလား၊

တီဗီမှာ နိုင်ငံတကာသတင်းလာနေတယ်။ ကြည့်ကြ။ ကြည့်ကြ။
ငါငြိမ်ငြိမ်လေးထိုင်ကြည့်နေလိုက်တယ်။ (တကယ်ငြိမ်ငြိမ်လေး)
နှာကျဉ်းသလိုလို ပျော့်ရွှင် သလိုလို အော်ဟစ်လိုက်မှုတွေကြောင့် . . .
အေးခဲတွန့်လိန် ကုန်တယ်တဲ့။
၁. စီလီကွန်တောင်ကြား။
၂. အင်ပါယာစတိတ်
၃. ဇန်ဂိုးရဲ့ ကောင်းကင်တွေ
၄. သဘော်ာနောက်ကို လိုက်လိုက်နေတဲ့ စင်ရော်တွေ
၅. (ဖော်ပြမထားဘူး)
အချစ်ရယ် . . . ကျေးဇူးပြုပြီး မျက်စိမှိတ်ထားပေးပါလား။
ငါ ဘာမှန်းကို ဘာမှန်းမှ မသိလို့ပါ။
(သွားစမ်းပါ) (ဘယ်အရာမှ ဘာမှမဟုတ်ကို မဟုတ်တာ)
အိုး . . . သစ်ပင်ရဲ့ အမြစ်တွေမှ မဟုတ်တာ၊ အဲဒါ နှလုံးသွေးကြောတွေပဲ၊
လက်ခုပ်တီးကြပါ၊ လက်ခုပ်တီးကြပါ၊
ဟာ . . . ချစ်သူ မျက်စိမှိတ်ထားပါဆို။
ငါ မင်းနှုတ်ခမ်းလေးကို နမ်းမလို့။
"ပွဲမင်း လည်း ငွေမှား၊ ဆေးသမား(သမားတော်) လည်း သားသေ၊ ဗေဒင်သမား လည်းနွားပျောက်၊ ငါတို့လည်း (စိတ်) ချမ်းသာ"
မြ နေအောင်သွေးထားတဲ့ ဘယ်ဘက်လက်ဖျံရိုးကို (ညာလက်နဲ့) အသာလေးကိုင်၊
ရေခဲပြာရောင် . . . ညမှာ လ သာနေတာ ငါ တစ်ယောက် တည်းပါလား ။ ။ ။

လင်းနီညို

**အပူပိုင်း ဝန်းကျင် ကျွန်းရ တစ်ခု ပြန့်ကျဲနေသော အာဖရိက ဧနဝင်ပြီး အပူပိုင်း၏ တစ်ခု ဒီဧရိယာ ဝန်းကျင်တစ်ခု ကျွန်းရ တစ်ခု (ဘယ်) ဖန်တီး ဒီ အာဖရိက ဒီ မစိဒယ်ဒါဒ် ဒီ လက်တင်အမေရိက**

လမ်း၈။ လမ်းနှ။ မော်လီကျူလာ ဖွဲ့ စည်းမှု အပေါင်း၊ အပါ နှင့် သိပ်သည်း 'ဆ' ၏ အရေးပါမှု။ အဆိုပါမှု ၏အရေးပါသော လက် 'ဆ' မှန်မှု များ ( လက် ဆ၊ လက် နှ) ။ ချိန်ချိန် ဆဆ လုပ်ခဲ့ သင့်–တဲ့ အမှား လို့ ပြောကြတဲ့ သဲ မြေ မှုန့် ပေါ်မှာ ထင်ခဲ့တဲ့ အရာ (ခြေရာ၊ လက်ရာ)များ။ ဆန်စေ့ သို့မဟုတ် ဂျုံစေ့ တစ်စေ့ ၏ တန်ဖိုး တွက်ချက်ပုံ နှင့် ၂၂ ရာစု အထောက်အကူ အထူး ပြု လုပ် ချက် ပြုတ် (မှု) များ။ အပူပိုင်း ဒေသ ဆိုင်ရာ ချွေးရဲရဲ သဲ ရဲရဲ စက်ရုပ် များ။ သမ မပိုင်းဆိုင်ရာ လယ်ကွင်း။ လယ်သမား အရုပ် များ။ ကျူ ပင် များ။ တောင်ဇလပ် ပန်းများ။ ဖြစ်ချင်ရာ ဖြစ် များ။ မဖြစ်ချင်တာ ဖြစ်များ။ ထိုသို့ ဆိုသော အဖြစ်များ။ အဖြစ်များ လျက်။ ၈ လုံး။ ဆ လိမ်။ ၈ ကွဲ။ ပြီးတော့ 'ည' တန်းရောက်သွားတယ်။ ည မှာ ပဲ နေ တဲ့ ညနေ ။ အပူရှိန်က ကတ္တရာ လမ်းတွေပေါ် ရိုးတိုးရိပ်တိတ် အငွေ့ တွေ၊ အ။သူ နိုးအငွေ့တွေ၊ ထမင်း ငွေ့ ၊ ဟင်းငွေ့ တွေ၊ ကိုယ်ငွေ့တွေ၊ အာငွေ့ နွေးနွေးတွေ ။ လေ က တော့ ပူထူ ပြီး ဖုန် နံ့ သင်းလို့။ ရေချမ်းစင် မှာ ပိုးမွှား တွေ ထိန်လို့ ။ သာလို့။ လမင်း ဆိုတာ လူ မဟုတ်ဘူး နတ်သား လည်းမဟုတ်ဘူး။ ချိုင့်ဝှမ်းတွေထဲမှာ မျက်ရည် တွေဝှက်ထားတဲ့ နတ်သမီး တစ်ပါးနေတယ်။ လ နတ်သမီး ဟာ မျက်ရည်နဲ့ မငိုဘူး။ သူ ဟာ မရယ်ဘူး။ ည ဘက်ဆို လ ရဲ့ အရောင်ကို ငေးကြည့်ရင်း ချစ်သူ လ နတ်သမီးကို လွမ်း နေကြ တာ ဒေသ တစ်ခုရဲ့။ အပူပိုင်းလေပြေလိုပေါ့၊ ဟိုက်ဒရို ဂျင် လို ပေါ့။ ကာဗွန်ဘေ့စ် သတ္တဝါ များ လိုပေါ့။ မရှက်တမ်း ပြော ရရင်။ ၏မျက်ဖြူဆိုက် ။ အမေး ပေါက်သွားတဲ့ ဦးနှောက်တွေလိုပေါ့။ အဝါရောင် နေမင်း က ထွန်းလင်း ထားပြီး အမည်းရောင် တဖြည်းတဖြည်း နဲ့ ကုန်တင်ကား အဟောင်းလေးကနေ နေထိုင်ရင်း အိမ် ဟောင်း နဲ့ တာဝန် တွေကို မပျက်မကွက်၊ အဆက်မပြတ် လုပ်ကိုင်ပါ့မယ် တဲ့။ ရှုတတ နေ့ရက်တွေ အောက်မှာ (အ)ပြေး(အ)လွှား (ပညာ သင်နေ) နေခဲ့ကြတဲ့ ကျောင်းသူ ၊ ကျောင်းသား တွေထဲက အသားဖြူဖြူ နဲ့ ကောင်လေး၊ ကောင်မလေး နှစ်ယောက်။ သူတို့ မသိထားတာကို ဓါတ်ပုံထဲ ထည့် ချုပ် ထားလိုက်တယ်တဲ့။ ဘယ်မှာလဲ တောင်ဇလပ်ပန်းများ။ ပူနေ ပြင်းနေ မှုပဲ ရှိတယ်။ ပျင်းနေတဲ့ အိမ်ရာ သို့ မဟုတ် နေအိမ်တွေက ထင်ရခက်တဲ့ နံရံတွေမှာ ခုတ်သတ်ရ မခက်တဲ့ ဓါးတွေ ။ ပူသော်လည်း အရည်မပျော်ကျ။ အရည်မပျော်ကျ။ မပျော်ကျ။ မပျော်ကြ။ ဘယ်သူ မှ မပျော် ကျ။ ကြ ။ ခန့်မှန်းရလွယ် တဲ့ ပထဝီ သွင်ပြင်မှာ ခန့်မှန်းရခက် တဲ့ နောက်ကျော က ဓါး တွေ ရှိနေတယ်။ နီးရာဓါးတွေ ရှိနေတယ်။ မျက်စိတစ်ဆုံး ကြည့် လို့ မသင့်သေးဘူး။ မျက်တောင် တစ်ဆုံးတောင် ကြည့်လို့ မသင့်သေးဘူး။ ဘာမှ မသင့်သေးဘူး။ အဆိပ် က လွဲရင် ဘာမှ မသင့်သေးဘူး။ သမ ပိုင်းဆိုင်ရာ လယ်ကွင်းတွေ ထဲ တကျွပ်ကျွပ် မြည် တမ်း သံ နဲ့ အတူ။ အတူ။ ရှို့ မီး၊ တောမီး၊ အပူမီး၊ ကြွေးမီး။ သောက မီး။ မျက်ရည်မီး။ ငရဲမီး။ ဆေးလိပ်မီး။ ထင်မထားတဲ့ နေ့ရက်တွေ ထဲ မဟုတ်ဘူး။ နှစ်တွေ ရာ ထောင် ချီ ခဲ့ပြီ။ ဒီဒေသ မှာ ဒီ မြေကြီး နီနီတွေ ရှိခဲ့–တာ။ ဒီဒေသ က လူတွေ ဒီလို မွေးခဲ့တာ။ ဒီလို ပြေးလွှားခဲ့တာ။ ဘာကို မှ မျှော်လင့် မထား တာ လည်း နှစ် ထောင်ချီ ခဲ့ပြီ။ "ငိုတယ် ဆိုတာ ဒီလို အချိန် ဒီလို နေရာမှာ အပြစ်ရှိတယ်" ။ ထားလိုက်ပါတော့။ မစ္စတာ အာဖရိက။

အဲ့ဒီလို မွေးဖွားနေလား။ သူဟာ ကျွန်ုရ တွေ ကို ခေါ်ဆောင် ပေးတာလား။ အဲလ်နီးညို တွေကို ပြုးပျော်စေခဲ့တာလား။ မြစ်တွေကို ခမ်းအောင် အော်ဟစ်ပေးနေတာလား။ သောက်ရေသန့် ရှားပါးမှု။ သစ်ပင် ခေါင်းပါးမှု။ ကိုယ်တွင်း ဆဲလ်တွေ ဖေါင်းပွလာတယ်။ ပေါက်ကွဲ တော့မယ်။ ကွဲ တော့မယ်။ အရာရာ ကွဲထွက်တော့မယ်။ မြေဆီလွှာ တွေ အက်ကွဲလာ။ အမြိုက် သရိက် အပုံကြီးတွေ ကြီးထားလာမှု က ပေါက်ကွဲ

လာ။ အရာရာ ဟာ စွမ်းအင် ဝေါ်မွတ် မှု အတွက် ပေါက်ကွဲ မှု ကို လိုအပ်နေတာလား။ ဘာလဲ ။ ဘာလဲ။ ဘာလဲ။ အသားဖြူဖြူ မိုးကောင်းကင် က အုပ်မိုးထားလျက်ပေါ့။ ဟုတ်တယ်။ မိုးများတယ်။ အမိုး မရှိပေမဲ့ မိုးများတယ်။ အမိုး လမ်းခွဲ ။ မိုးယိုနေတယ်။ခွက်နဲ့ ခံထားကြ။ လက်နဲ့ ခံထားကြ။ လက် ခံ ထားကြ။ ဒါ ဟာ မဖြစ် လည်းနေ လို့ ရတဲ့ မဖြစ်မနေ တစ်ခု။ မညစ်ပဲ နေလို့ မရတဲ့ ဘဝ အခြေ အနေ တစ်ခု။ မဟုတ်ဘူး။ နှစ်ခု။ သုံးခု။ အခုသုံးဆယ်။ ဒါတွင် ဘယ်က မလဲ။ဒါတင် ဘယ်က မလဲ။ ဒါလောက်နဲ့တင် ဘယ် က ခွဲ မလဲ။ ဟုတ်တယ် မလား။ ရင်တွင်း မှာ ထိုးလျှို ဖေါက် နေတဲ့ဝါယာကြိုး တွေ၊ ပလတ်ပေါက်တွေ၊ ပလတ်ခေါင်း တွေ၊ သောက်ရေသန့်တွေ၊ အကြမ်းဖက်သမား တို့ ရဲ့ ညဘက် အပန်းဖြေမှု တွေ။ ရှုခင်းသာ တွေ။ အုန်းပင်နဲ့ စီဆင်း ဆဲ ကနေ သောင်ပြင်လုံးတီးဖြစ်သွားတဲ့ မြစ် တွေ။ မြစ်တွေ။ ဟောဟို က မြစ်တွေ။ ဟောဟို က သောင်တွေ။ သောင်တွေ များလာရာကအီကွေဒေါ ရဲ့ သဲပွင့် တစ်ပွင့် စီတိုင်း ကနေ အီကွေတာ တစ်လျှောက် အမေဇုံ ကနေ အီကွေတာ တစ်လျှောက် ဒါဟာ အီကွေတာ ပေါ်မှာ ဖြစ်နေကျ နံလန့်ထ မှုတွေ။ နံရံ ချ မှု တွေ။ ကြိုဖူးလား။ တံတိုင်း မရှိပဲ ခြား နေတာ။

မပြောနဲ့ ကမ္ဘာရေ။ ဒီအဖြစ်အပျက်တွေ။ သိမ်းထား။ ရင်ထဲမှာ သိမ်းထား။ အရင် ထဲ က သိမ်းထားတယ်မဟုတ်လား။ ဟုတ်ပ ။ ဟုတ်ခြင်း ၏ ပြင် ပ မှာ မဟုတ်ခြင်း ရှိသလား။ မေး ခါ ။ မေး ခါ(ပြီး)။ ပြေးထွက်သွား။ ပြေးဝင်သွား။ ကိုယ်အတွင်း တစ်ယောက်တည်း ဖြစ်ပျက်နေခြင်း။ နေခြင်း ။ ခါတ်ကြီး ငါးပါး ဖြစ်ပျက်နေခြင်း။ အက်တမ်၏ အတွင်း ဘက် နျူတရွန် တို့။ စကြဝဠာ ကြီးဟာ နျူ ထ ရယ် ပဲ။ သူ ဟာ လစ်ဘရယ်ပဲ။ သူဟာ သုည ပဲ။ သူ ဟာ ဗလာစုပဲ။ ခံစားတတ်တဲ့ နှလုံးသား သာ မရှိရင် သူ ဟာ အဲ့လိုပဲ။ နှလုံးသားရဲ့ အခန်းတွေမှာ လှည့် လည် ညစ်ထုတ်နေတဲ့ သွေး တွေက အနီရောင်ပေမဲ့ ၊ အနီရောင်တွေ ပုံပုံ ကျ။ ဒါဟာ ရင်ဘတ်ရဲ့ အတွင်း ဘက် မှာ ကျကျ (ကျကျနန) မှာ န နေ တဲ့ ခံယူချက် အဟောင်းတွေ။ အာ သွားတဲ့ ပန်းပွင့် တွေ။ အာ သွားတဲ့ လေလုံးတွေ။ အာ သွားတဲ့ ယမ်းမှုန့်တွေ။ အာ သွား ကျိုးကန်းတွေ။ အာ သွားတဲ့ ဆီနိတ်တာတွေ။

အချိန် ရှိတိုင်း လို့ ပြောလာကြတယ်။ အချိန်ဟာ နိုင်းရ တဲ့ ဆံပင်ဖြူဖြူ နဲ့ ဂျူးအဖိုးကြီး တစ်ယောက်ပြောခဲ့ဖူးတယ်။ ကန္တာရ ဝန်းကျင် ပေါ်မှာ ထိုင်ပြီး စုံတွဲ တွေ ချိန်းတွေ့ ကြ။ လူငယ် တွေ ဂစ်တာ ထိုင်တီးကြ။ လူကြီး တွေ ဘာသာရေး အဆောက်အအုံ တွေ တည်ကြ။ ခက်ခဲတဲ့ တိုက်ပွဲ ဝင် နေသူ အချင်းချင်း ကြင်နာပါတဲ့ ဂရိက အဘိုးကြီး တစ်ယောက် ပြောခဲ့တယ်။ မေးကြလေ။ အား ဆိုတာ ဒြပ်ထုနဲ့ အရှိန်ရခြင်း တို့ မြှောက်ထားတဲ့ အရာပဲ။ ဒါကို ဘယ်လို နားလည် ပါသလဲ။ ဒါ ဟာ ထိုက်ကျိုပဲ။ ဒါဟာ ဘောလုံးသမားတွေ ဘောလုံး ဘယ်လို သတ် သလဲ ပဲ။ ဒီလိုပဲ။ ဒါ ဟာ အသည်းကွဲ ခြင်းပဲ။ ဒါဟာ ကလေးမွေး ခြင်းပဲ။ ဒါဟာ ပြီးတော့ ဒါဟာ ရှေးဟောင်းနှောင်းဖြစ်တောင် ဖြစ်ခွင့် မရလိုက်တဲ့ အဖြစ်အပျက် တွေရဲ့ ၊ အသု ဘ ပဲ။ အဲဒီ အသုဘမှာ လူစည် သလား။ ဘယ် အချိန် ပို့ မှာလဲ ။ အကျီအဖြူ လေးတွေ သာ ဝတ်ကြ။ ဘလက် ဘော်ဒီ ဆိုတာ အပူစုပ်တယ်။ အရေခွံ အမဲ၊ ကြေးနီ ရောင် အရေခွံ တွေကို သာ ခြုံထားကြ။ မဲလဲယ်နင် မရှိရင် မလွယ်ကြောပဲ။ ဟုး။

လာ မနွယ်နဲ့ ။ ဒီလို အပူပိုင်း ဒေသ မှာ နွယ်ဆိုတာ ချောက်(ခြောက်) အိပ်မက် ပဲ။ ခမ်းနား နေတဲ့ နူးညံ့မှုတွေ။ ရာဇဝင်သေ ပြီ။ နှစ် မြှောက် နှစ် ထင် မှင် ချုပ် ဆခ် ။ စကားလုံး အခွံ တစ်ခု။ အဓိပ္ပါယ် အခွံတစ်ခု။ အခွံဆိုတာ ဘာမှ ရှိမနေတဲ့ သဘော လား။ အနှစ်ကို ကာ ထားတဲ့ သဘောလား။ ကမ္ဘာ အခွံ တစ်ခု။ အပူပိုင်း အခွံတစ်ခု။ လွတ်မြောက်မှု အခွံ တစ်ခု။ သဘော တရား အခွံတစ်ခု။ အရမ်း နောက်ကျသွားပြီ ဆရာရယ်။ နေလုံးကြီးလည်း အနောက်ဘက်ကမ်းမှာ ဘာဆိုဘာမှ မရှိတော့ဘူး။ လေညှင်း လေးတွေ ကြိုးပြေ သွား။ လေနီကြမ်း ကြီးတွေ ကြိုးကြေသွား။ သဲမုန်တိုင်း ကြီးတွေ ကြိုးလွတ်သွား။ နက်ပြောင် နေတဲ့ အရေပြားတွေ ဖြန့်ခင်းပြီး ဖိနပ် လုပ် စီး ခဲ့။ အပူပိုင်း ဒေသ တစ်ခုမှာ လူတစ်ယောက် ရဲ့ မနက်ဖြန် အတွက် မျှော်လင့်ခြင်း တရားတွေ

ကြိုးကြေသွား။ မျက်ရည် တွေ ဝဲ ခ ခဲ့ရ။ လေ မှာ ဝဲ နေ တဲ့ ခံယူချက် တွေ ခ ခဲ့ရ။ သဲမြေ ပူပူနဲ့ ထိစပ်နေတဲ့ ခြေဖဝါးက ဆဲလ်တွေ။ ခြေဖဝါးနဲ့ သဲမြေကြားက စကားလုံး အတွန့် အလိမ် (လိန်) တွေ။ နဖူး ပေါ် ဝဲ မကျနေတဲ့ (အပူဒဏ်) ကြောင့် ဆံပင် အတွန့်အလိန် တွေ။ ဆာလောင်မှုကြောင့် အူ အတွန့် အလိန်တွေ။ အလိမ်တွေ၊ အတွန့်တက်မှု တွေနဲ့ ငတ်မွတ်ခေါင်းပါး မှုတွေ။ . . . မပြောနဲ့ စက္ကူ ဆိုတာ ကို ဝါးစားခဲ့။ စာတွေ၊ စာပိုဒ်တွေ၊ ပါးစပ်ထဲမှာ ကြေမွသွားတာများ တွေ့ရင် အံ့သြ ကြမယ်။ ပြီးတော့ အပူရှိန်ကြောင့် လူတစ်ယောက်လုံး အငွေ့ ပြန်သွားတာ တွေ့ ရင် ပိုတောင် အံ့သြသွားကြမယ်။ သွားကြမယ်။ (သက်သက်ပြောတာ ဒါမျိုး တွေက ရိုး ဟိုးဟိုး နေပြီ)

တစ်ဦးကိုတစ်ဦး ကြင်နာ ဖို့ ဆုပန်ရှယ်။ ကတိစကားများမရှိတဲ့ ဒေသ။ နှင့် ထပ်လောင်းခဲ့တဲ့ အလောင်းများကြားမှာ။ အ(က်)ကြောင်း ကန့် ၏ ကံ များက အတိတ်ကို ပြန်မယ်တဲ့။ နောက်တစ်ကြော့ရောက်လာပြန်တဲ့ (အ) စေ့စပ်ခြင်းတွေတဲ့။ ရိုင်းရိုင်းပြပြ စကားလုံးဆိုတာ မရှိတော့ဘူး။ ခေတ်ကုန်သွားပြီ။ ဟုတ်တယ်။ ရိုင်းပြတဲ့ စကားလုံးတွေ ခေတ်ကုန်သွားတာ တော်တော် ကြာပြီ။ ( အကာအကွယ်မပါတဲ့ ဆက်ဆံမှုကိုတော့ ကန့်ကွက်တုန်းပဲ (အကာအကွယ် မပါတဲ့ ဆက်ဆံမှုကြောင့် ခုခံအားကျဆင်းရောဂါဖြစ်ပွားမှာကို ကြောက်ရွံ့တာထက်၊ လူဦးရေ ပေါက်ကွဲ မှုကို ပိုကြောက်တယ်တဲ့)) အား . . . ဒါဟာ မဆန်းတော့တဲ့ အပူပိုင်းဒေသ တစ်ခုရဲ့ သာမန် နေ့လည်မျှသာ ပဲ။ နေရောင်အောက်က တလက်လက် ထနေတဲ့ ဖုန်မှုန့် တွေအောက် သဲ မြေ နက်နက်ထဲ မှာ ရေကြော တစ်ခုရှိမလား။ ရေနံ ကြောတစ်ခု ရှိမလား။ အပျင်းကြော ကို ဆန့်လိုက်ရင်း၊ အပျင်းကြောကို ဘာလို့ ဆန့်လိုက်လဲ လို့ ပြန်တွေးဖို့ အထိ စက်ဝိုင်းဆန်နေတဲ့ အပြုအမူတွေအောက် ညဘက်ဟာ ဘယ်တော့မှ ရောက်မလာဘူးလို့ ဝင်ရိုးစွန်း ဆန်ဆန် ညည်းတွားတယ်။ ဒီ ကမ္ဘာ မှာ လူတွေ အကုန် ပူလောင် မှုကို မခံစားရတာ။ ဘာဖြစ်လို့လဲ။ ဒီ ကမ္ဘာ မှာ လူတွေ အကုန် မဆင်းရဲ တာ ။ ဘာဖြစ်လို့လဲ။ ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ ဖီးလ်ငုတ်တယ်။

နောက်ထပ် ဆိုတဲ့ စကားလုံးကို ဟို အနောက်နား မှာ ထပ်ထားလိုက်ပါတော့။ သိတယ်ဟုတ်။ မှတ်ထားတယ်ဟုတ်။ မေ့ထားတယ်ဟုတ်။ ဒါပေမဲ့ ထားတယ်ဟုတ်။ ဆင်ခြေထားတယ်ဟုတ်။ အဲဒီ လိပ်ကြီး ကျောပေါ်မှာ မြို့ကြီးတွေ ပါသွားတယ်။ ခွေးအ တွေ ပါသွားတယ်။ မီးရထားပတ်လမ်းတွေ ပါသွားတယ်။ နေကာမျက်မှန်တွေ ရှုံ့တွ မှုနဲ့ ငယ်ငယ် တုန်းက သမိုင်းဘာသာရပ် နှစ်ပိုင်းခွဲပြီးသင်ရတာတွေ။ လမ်းခွဲ ခဲ့ရတဲ့ အဖြစ် အပျက် တွေကို စိတ်မပျက်ပါဘူး။ ည တွေကို သေဒဏ် မခတ်သင့်ပါဘူး။ ရှားပါးစွာ ရွာကျ လာမယ့် မိုး ကို အဆိပ် မခတ်သင့်ပါဘူး။ ထန်းရည်မူး လို့ ကျွဲခိုးပေါ်ခဲ့တဲ့ ဘဲ တွေကို လည်း ထိပ်တုံးမခတ်သင့်ပါဘူး။ ကြောက်(ကျောက်) အချင်းချင်း ခတ် လိုက် တဲ့ မီး ၊ မရှိတဲ့ တောကိုတောင် ဗန်းပေါ်တင်ပြီး ဘန်း (burn/ban) သွားတယ်။ တောမီးလောင်တယ် ဆိုပြီးတော့ လည်း တောကြောင်တွေ လက်ခမောင်း မခတ်သင့်ပါဘူး။ ဂစ်တာ မတီးတတ်တဲ့ ကောင်ကလည်း ကြိုးတွေ ပေါ်မှာ ပတ်ထရမ် ကို မခတ်သင့်ပါဘူး။ အသုဘမှာ ဝေတဲ့ ယက်တောင် တွေက တော့ ခတ် လို့ အကောင်းဆုံးပဲ။ ဒီလို ဒေသ မှာ လက်ပရိုစီ က ရိုးရာ ပဲ မို့ ထူးခတ်ထားလို့ မသင့်ပါဘူး။

အနောက်တောင် မုတ်သုန်လေကို ကော့ပြီး ဆဲ ခဲ့တဲ့ ကုန်းတွင်း မုန်တိုင်းကြီးဟာ မနေ့ မနက် ခုနစ်နာရီတွင်ဝင်ရောက်ဖျက်စီးခဲ့ရာ အိုးမဲ့ အိမ်မဲ့ လူဆင်းရဲ ပေါင်းများစွာ၏ အသက် အိုးအိမ် စည်းစိမ် များ ပျက်စီးခဲ့ရသည်။ မုန်တိုင်းဆိုတာ ဘီယာ ဆိုင် နာမည် မဟုတ်တာ၊ မြင်း နာမည် မဟုတ်တာ၊ ဝတ္ထု ထဲ က မင်းသား နာမည် မဟုတ်တာ ကို ကြော်ငြာ ဖို့ လူလိုသည် ။ နိုးတစ် ဘုတ်မှာ အဲ့လို ရေးထားတယ်။ မကြေ–ာက်ပါဘူး။ အချို့လူတွေများ ပါးစပ် ထဲမှာကွမ်းကြီး မြုံ့ထားပြီး မိန့်မိန့် ကြီး ပြုံးနေတာ၊ ခေါက်ပုံဆိုတဲ့ အရာ သာ ပေါ်ဖူးတာ သိခဲ့ရင် မှတ်တမ်းတင်ထားဦးမှာ။ အခုတော့ သဲဖုန်းသွားတဲ့ အိပ်ရာခင်းလေးတွေမှာ ရေးထားခဲ့တဲ့ ကလေးကဗျာ လေးတွေ၊ ကလေး ပန်းချီလေးတွေ၊ ကလေး အတွေးအခေါ်လေးတွေ၊ ကလေး လေးတွေ။

မှတ်ထားကြ။ ဒီလို ရာသီ ဥတုမှာ ။ လက်သည်းနီ မဆိုးကြနဲ့။ မာဘိုရို အနီ မသောက်ကြနဲ့။ သွေး အနီ တွေ မထွက်ကြနဲ့။ ဝိုင် အနီတွေ မသောက်ကြနဲ့။ မျက်ထောင့် အနီတွေ မကြည့်ကြနဲ့။ နှင်းဆီ အနီ တွေ မပန်ကြနဲ့။ ပါးအို့ နီနီ၊ နှုတ်ခမ်း နီနီ တွေကို မနမ်းကြနဲ့။ အရမ်းပူတယ်။ ဟုတ်တယ်မလား။ ပြောချင်တာ ကို မရှင်းအောင် ရေးထားတာလား။ မရှင်းတာကို ပြောချင်တာလား။ မငြင်းကြနဲ့ကွယ်။ဘယ်သူသေသေ ငတေ လည်း မာမနေနဲ့- တော့၊ မာ တဲ့ ခေတ်က ကုန်သွားပြီ။ ထန်းရည်နို့ ရှုးအောင်မော့ပြီး အမူးသမားတွေကို ကဲ့ရဲ့ ကြမယ်။ လာ။ ကမ္ဘာ ပေါ်မှာ ၁၂၈၇၀ ကီလို မီတာ စက်ဝန်း ရှိတဲ့ စက်ဝိုင်း ကို ဘယ်သူ ဆွဲခဲ့တာလဲ။ ဘယ်သူမှ အပင်ပန်း ခံမနေဘူး။ ကုလားအုတ်ဆိုတာ စီးကရက်လား။ မီနီမတ်တစ်ခု မှာ ဝယ်သောက်ဖူးတယ်။ ကျွန်ုပ်ရ တွေထဲ သူ့ကိုသောက်ပြီး ခရီးသွားသင့်တယ်လို့တောင် တွေးမိတယ်။ တွေးမိတာတွေ အကုန်ပြောရင်၊ ဖမ်းမိတာတွေ ကုန်လိမ့်မယ်။ အကုန်ဖမ်းမိနိုင်တာ ငါးဖမ်းပိုက်တောင် မရှိဘူး။ ငါးဖမ်းပိုက် အမျိုးအစား အမျိုးမျိုးရှိတယ်။ ငါးသလောက် ဖမ်းတဲ့ ပိုက်၊ တူနာ ငါး ဖမ်းတဲ့ ငါးဖမ်းပိုက်၊ . . အာ . . . ဘာတွေ။ သဲမှုန် စစ်တဲ့ ဇကာ ဘယ်နှစ်မျိုး၊ ဆွန်ပလွန်သီး ဘယ်နှစ်မျိုး၊ ဆား ဘယ်က ဝယ်ရမလဲ။ ဆားစ် ရောဂါ ဖြစ်တဲ့သူတွေ တောင် ရှက်နေရ။ ခေတ်မမီတော့လို့တဲ့လေ။ ပြီးတော့မှ ဒီခေတ်ကြီးထဲမှာခေတ်မမီတာ ခေတ် ဆိုပြီး ခေတ်(ဂစ်) ထ လိုက်ပြန်သေးတယ်။ တောင်ဖြိုဖို့ ယမ်း တွေ ဖေါက်ခွဲကြ။ အဲဒီ င ပေါ တွေကြားက အမေဇုန်တော ထဲမှာ ဆတ် တွေ လိုက်ရှာကြမယ်။ သမင်တွေရော။ ဂျီတွေလည်း လိုက်ရှာကြတယ်။ အိတ်ချ်တွေရော၊ အိုင် တွေရော၊ ဗီ တွေရော၊ အိုး . . . ဒေသတွေဟာ . . . လောင်လို့နေတယ်။ ပူနေတဲ့ သဘာဝ ဟာ ဗိုက်ကြီးသည် တွေ၊ ဘီယာ သမားတွေရဲ့ ဗိုက်မှာတင် မဟုတ်ဘူး။ ပူ ကြတယ်။ ရာသီ ဥတု တွေ ၊ ရေနွေးအိုးတွေ၊ မီးပုံပွဲတွေ။ အများကြီး ပါ။ ခါတ်ခွဲခန်းက ရေကူးကန်။ အပျော်ဆုံး အပါးဆုံး ဆိုတဲ့ ရေခဲပြင်တွေ။ " ဘယ် . . ဆီ . . . ဘယ် . . . ဝယ် "(ခင်ဝမ်း)။ ရေနံ တစ်ခွက် နဲ့ စိန်တစ်တုံး၊ ဖြစ်နိုင်ရင် မိုးတွေ၊ နှင်းတွေ ကို သင်း ပစ်ရမယ်။ တံလျှပ်တွေကို တမင်ပဲ ရေထင်ပြီး စိတ်ဖြေ။ ဖူးလူး မ တွေကို စကားလက် ဂျိုဟန်ဆန် အဖြစ်နဲ့ စိတ်ဖြေ။ ဘာမှန်းမသိတဲ့ အရည်တွေကို ဟန်နတ်စီ အဖြစ်နဲ့ စိတ်ဖြေ။ ဆူးပင်တွေရဲ့ အရိပ်မှာ ကွတ်ပျစ်ထိုးပြီး စိတ်ဖြေ။ စိတ်ပြေ သလားတော့ မမေးနဲ့။ စိတ်ဖြေစရာ မရှိမှတော့ တစ်ကိုယ်ရေ တစ်ကာယ စိတ်ဖြေ။ ပြေကျသွားတဲ့ စိတ်နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့တဲ့နောက် ဗုံသံတွေကြားမှာ အေကေ သံ တွေကြားမှာ ပိုလာ ဝက်ဝံ အရေခွံ ခြုံထားတဲ့ အအေးခန်း တွေ ကြားမှာ အိမ်နောက်ဖေး လမ်း ကြား မှာ ဖြစ်ပျက် ဆက်ဆံ ခဲ့ကြတာ ဟိုးအဝေးက သဲမြေ နုနု တောင်တန်းတွေပေါ်မှာ ထင်းတစ်ချောင်းကို မီးရှို့လိုက်တယ် အိုအေစစ် မလိုဘူး ပက်စီ မလိုဘူး ပရီးမီယားလိဂ် မလိုဘူး လော်ရယ် မလိုဘူး ဟောဒီ ခြေဗလာတွေအောက်က ကမ္ဘာမှာ ဒါတွေကို ဘယ်သူမှ တောင့်တ မနေဘူး။ ဖူဂျီယားမား ပေါ်က ချယ်ရီ ပင် ဟားတိုက်လို့ ရယ်လိုက်ချင် သတဲ့။ ခေါက်ရာ ရှုရာတွေ နဲ့ စိတ်ခါတ်မှာ ဘဝ တွေဆိုတာ လည်း မရှိဘူး။ ဘူး တစ်လုံးဆောင် သေတောင် ရေ မငတ်ဘူး တဲ့။ ဆိုရိုး ကို ခြသေ့ အရိုးအဖြစ် ခေါင်းမှာပန် နေရှင်နယ် ဂျီအိုဂရက်ဖစ် (ဝိုင်းလ်) ရဲ့ အင်တာဗျူးမှာ ပထမဆု ရခဲ့ တာပေါ့။ ဒီလိုနဲ့ . . . ဒီလိုနဲ့ . . . . ခပ်ယဲ့ယဲ့ အရိုး နဲ့ တည်ဆောက်ထားတဲ့ ခန္ဓာ ကိုယ် လည်း ဒီလို နဲ့ . . . နဲ့ ကုန်တယ်။ တွန်းတိုက်ပါများလာတဲ့ . . . ထိုင်ခုံ ပူ တစ်ခု ဟာလည်း . . . ဒီလိုနဲ့ . . . နဲ့ လာတယ်။ ငွေကြေးတန်ဖိုးနဲ့အတူ ။ အမည်တွင်ရုံ ရေတံခွန်တွေနောက် ခုန်ချ . . . ခပ်နဲ့နဲ့ ခန္ဓာ ကိုယ် ဟာ လည်း . . . ဒီလိုနဲ့။

အစ၊ အန။ မော်လီကျူးတို့ ဖေါက်ခွဲ ခံလိုက်ရသလို မျိုး ဖြစ်ရပ် နဲ့ တစ်ဖုံ။ အဖြစ်များတဲ့ ရောဂါကြောင့် သေဆုံးသွားကြတာ တစ်ကြောင်း။ တစ်ကြောင်း ထပ်ဆွဲမယ်ဆိုတဲ့ . . . . . ကြောင့် တစ်နည်း။ နည်းနည်းများများ မရှိပါစေနဲ့ ဆုတောင်း၊ ပြားနေတဲ့ ကမ္ဘာ က ချိုင့်တွေ အောက်မှာ လ နတ်သမီး တစ်ပါး ရဲ့ မျက်နှာ ကို မော်ဖူးလို့။ လူနာလိုက်ဖေးရှင်း လို့ ခေါ်မလား။ နေပူလွန်းလို့ ဦးနှောက်ချောင်သွားတာလား။ ဦးနှောက်ချောင် လွန်းလို့

နေမှုတာယ် ထင်နေတာလား။ နေကောင်းတုန်း ပူထားပေါ့ကွာ ဆိုတဲ့ အံကြိတ်သံကြီးတွေ အောက်က သံယောဇဉ် စ ၊ သံယောဇဉ် နု၊တစဆီ ခွဲ ဖြဲ ခံလိုက်ရတဲ့ နောက်ဘဝ ဆိုင်ရာ ယုံကြည် မှုတွေနောက် ဝဋ် ဆိုတာ ကြက်ဥ အမွေးပါးလို ။ ပါးစပ်က ထွက်သွားတဲ့ လေနဲ့ နှာခေါင်းက ဝင်တဲ့ လေ မမျှတော့ ပြောရတာ လေ ကုန်တယ်။ တကာယ်တာန်း ဖြစ်နေတဲ့ အချိန်နဲ့ လက်ပတ်နာရီ ပေါ်က အချိန်နဲ့ မကိုက်တော့ ပြောရတာ အချိန်ကုန်တယ်။ ပြောတာ သူများ နားမ ထောင်/ယောင် တော့ ပြောရတာ ပါးစပ်ညောင်းတယ်။ အချိုး မပြေတဲ့ စိတ်ထား ကို အနိုပ်ခံ ဖို့ အတွက်

လင်းနိုညို

**နေ သာ တယ် လို့တော့ မဟုတ်ပါဘူး။**

ပြုတ် (ပြီး) ထွေး သွား တဲ့ (String) တစ် ခု လို ပြေး (ပြီး) ထွက် setSize (300, 300) ရှည် ရှည် ရှည် ဟဲလို အမိန့် မ ရှိ ပါ အဆို ရော ပဲ မရှိပါ အဆို အမိန့် တွေ အပြင်သွား အခိပ္ပါယ် အပြား အသွင် မယဉ် မရိုင်း အယဉ် နဲ့ အရိုင်း မနိုင်း ကောင်းတဲ့ အရာ နဲ့ နိုင်းကောင်းတဲ့ အရာ (နိုင်းလို့ သိပ်ကောင်းတာပဲလား) သင် ထင်သလား သင် မထင် ဘူး လား ငါ ရော ဘယ် လို ထင်သလဲ မှင်လည်း ကောင်း တဲ့ မောင်းလည်း ကောင်းတဲ့ ဟိုရှေ့ က ဘောလ်ပင်ကြီး ရော ထင် သလား မထင် တတ်ရင်လည်း မထပ် အောင် သင် ထားပေ တော့ သင့် အတွက် သိမ်ဖြူ ကွင်းမှာ ကားမောင်း သလို သင် ပေးမဲ့ အမောင်း သင် တွေ နဲ့ သင် တုန်း ဓါး ရေး ပြပွဲမှာ သင့် အတွက်မနက်ဖြန် တင် မကဘူး တစ်နှစ်စာ အချိန်စာရင်း သွင်းထားခဲ့လို့ရ တယ် (စိတ်ပါရင် သင် တုန်း ဓါး နဲ့ မြေ ကို တူး စွ ပြီး) တွင်း ထားခဲ့လို့ရတယ် ကျွန်တော်တို့ ပြီးခဲ့တဲ့ သင်ခန်းစာ က နီချွေးချွေး ကွန်းဆက် တွေ အကြောင်း အတော် အသင့် ဆွေး နွေး ပြီး ခဲ့ ပါ ပြီ ဘာတွေ အတူ လုပ် နိုင်သလဲ မလုပ်နိုင် ဘူး လဲ စသဖြင့် ကိစ္စ အနက် အနဲ တွေ မှာ အရိုးရှင်း ဆုံး ပုံစံ နဲ့ ကျွန်တော် တို့ ဆွေးနွေး ခဲ့ ကြ ပါတယ် အဲဒီ မှာ သင်ခန်းစာ တစ်ခု ထဲနဲ့ ထပ်တူ ညီ တူ ကျမဲ့ ပစ္စည်း တွေ အများကြီး ကို ကျွန်တော် တို့ တင်သွင်း ခဲ့ကြ ပါတယ် ပထမ ဦးစွာ ခလုတ် လေးတွေ အကြောင်း စပြောပါမယ် ခလုတ်တစ်ခု ချင်း ဟာ သင်ခန်းစာ နှစ် မှာ တွေ့ခဲ့ရတဲ့ ခလုတ်တွေ ထက် တစ်ခု ပိုပါတယ် "လုပ်ဆောင်ခြင်း" နိုင် ဆေးကြော ခဲ့တဲ့ အရာ တွေမှာ လည်း မရှိတဲ့ အထင်အမြင်တွေ ရွက်တိုင်တွေမှာ ဖြန့်ကျက်ထားတဲ့ ရွက်သင်္ဘော တွေ ဆီမှာ ဆန်းစစ် နိုင် အဲဒီ အရာ ကို ပေါ် နော် မသိခဲ့တဲ့ မြို့ကလေး တစ်မြို့ရဲ့ တောင်ပေါ်မှာ ခင်းမဲ့ ဖျာတွေ ဖြန့်ကျက်ထားတဲ့ အလှူ ပွဲ တစ်ခု မှာ အနက်ရောင် အိုးစည် ဗုံမောင်း တီး နေတဲ့ ဟန် လား သင် ဘယ်လို ကျွန်တော်တို့ ကတော့ အဆုံးဆိုတဲ့ အရာ ကို အမှတ်မရှိပဲ (အမှတ် မလုံ မလောက်နဲ့ ) (စာမေးပွဲ ကျ သွားသတဲ့) အဲဒီ စကားတို့နဲ့ အတူ သင် လိုက်နားထောင်ကြည့်လိုက်ပါ ဟောဟိုက ကျီးလန့်စာစာ နေ့တွေ ဟာ သင် တို့ အတွက် ဒီနေ့တွေ မှာ ဆောက်ဖြစ်မယ့် ကန်ထရိုက်တွေ "မမြင်ရတဲ့ မျဉ်း တစ် ပြေး ဟာ မြင်း တစ် ပြေး ကွာ ဝေး" သစ်သား တံတားတွေ လို ပတ်ပတ်လည် ဝိုက်နေတဲ့ မီးရောင် နေရောင် တွေ အောက် မှာ အောက်သက်သက်နဲ့ ငါ နောက် လှည့် လိုက်တယ် ကျွန်တော် တို့ ဟာ ငါ့ ရဲ့ အနောက် ဖျားဖျား မှာ နေရောင်အောက် က ရပ် လျက် ရေး တုန်း က အရိုး တွေ ယက် လျက် ရှေ့ နားကျတော့ လည်း အဲဒီ လို ပါပဲ နာရီ ဝက် အတွင်း အမှု ငွေ့ တွေ တရိပ် ရိပ် ပြီးတော့ တစ်ခါ လမ်းက မီလာလိုက် ခဏခဏ ကျွန်တော်တို့ လုပ်ရှားမှုတွေ ကို သိပ် မသယ်ချင်အောင် ရွာ အစွန် အဖျား မှာ နားလည်ပါတယ် (မသိ) မသာ တွေ လိုင်း ထ နေ ပါတယ် အဲဒီ နောက်မှာ တော့ ဘလက် ဟာ ဖန် မှုတ် ခြင်း အတတ် ပညာ ကို မတတ် မြောက်ပဲ ဖန်ခွက် ထဲ မှာ အကျ အနနဲ့ ကျွန်တော် တို့ ကော်ဖီ သောက် ကြပါတယ် တစ်နေ့ သော ညနေ ၇ နာရီ ခန့်တွင် မြို့စွန် တစ်နေရာ၌ ရပ်ရည် အတော် အသင့် ရှိသော သူ့ရဲ့ အိတ်ချ်ပါရာ ဖြစ်သွား ခြင်းကို ပုံပြင်တွေ ပြော ထား ပြီး ခလုတ် ကလေး တစ်ချက် နှိပ် လိုက်ရုံနဲ့ ချုပ်ရိုး အကောင်းစား တွေနဲ့ တွဲစပ်ထားတဲ့ အဖြစ်အပျက်တွေ အနောက်မှာ လုပ်သွား နိုင်ပါတယ် ငါ ရဲ့ ထင် ချက် မထင် တစ်ချက် စာရိတ္တ နဲ့ လူ တစ်ယောက် စကား တွေ လိုင် လိုင် ပွင့် အောင် ပြော နေ ကြ တာကို တံလျှပ် ထဲက နေ ကျွန်တော် တို့ လှမ်းတွေ့ နေရ တာပဲ မမြင်ပါနဲ့ ဆို တော့ လည်း ရှိသင့်တဲ့ ကားထွက်လာသည်နှင့် တစ်ပြိုင် နက် ကားပေါ်ကို လှမ်း ခုန် လိုက်သွား လိုက်သတဲ့ အဲဒီ ည က ကျွန်တော် တော်တော် မူးသွားပုံ ရပါတယ် မြင်နေရ တဲ့ အရုပ်တွေ က အရမ်း အထီး ကျန် ဆန်တာပဲ ဒီလိုနဲ့ ကျွန်တော့် ရဲ့ အိမ်ကလေး ကို လက်ပြ ပြီး အချိန် ဆိုတာကို ကို အချိန်နဲ့ ပေးစား ပြီး ကွာရှင်း ပြတ်ဆဲ

ခဲ့လိုက်တယ် မရှိတော့ဘူး အဲဒီ အရာ ကို ဘယ်သူမှ လည်း မသိတော့ဘူး ဘယ်သူ က သိမှာ လည်း အရေးတယူ မရှိတဲ့ နှစ်များ မှာ အာဖရိက က နွားအုပ်ကြီး တွေ သင့်ကို နင်းချေ လိုက်သလို မျိုးလား တစ်ချိန်ထဲမှာ ပဲ အဲဒီ ထဲမှာ အမျိုးမျိုး ပြောင်းလဲ နိုင်တဲ့ ကိရိယာ တွေ ပါနေ ပြန်တယ် တစ်ရာ တန် မုန့် တစ်ခု လောက်တောင်မှ အရာ မပေး ခဲ့တယ်တဲ့လား ယုတ်မာ လိုက်တာ နော် ရင့် ရင့် ရဉ် ဟုတ်ကဲ့ အမိန့် ရှိ ပါတယ် ခလုတ် ကလေး တစ်ချက် နှိပ် လိုက် ရုံနဲ့ အဲဒီ နောက် ကွယ်က ခင်ဗျာ ဟိုအရင် မကြည့်ဝံ့ဘူး ကွယ် အဲဒီ ည က ၇ နာရီ ဟာ

လင်းနီညို

## လောကဓါတ် နည်း ကျသော အလှမ်း

သေချာ မသိပဲ လက်ခံ ထားတဲ့ အဲဒီ အထဲမှာ တောင် ဖြာထွက်ရောင်ခြည် ရှိနေတယ်တဲ့။ ဟော့ကင်း ။ အန်ကယ့် ကို ကျွန်တော် လေးစားစွာ အလေးပြု ပါတယ်။ အဲဒီ နေ့ က စပြီး ငါ သောက်လက်စ စီးကရက် နှစ်ပိုင်းချိုးပြီး၊ လေးပိုင်း ထပ် ချိုးခဲ့တယ်။ အဲဒီ ဖောင်းပွမှု မှာ . . . ခေါင်းစီးကြီး ဆိုတာ မရှိဘူး။ သချာ်မှတ်စု စာအုပ် ဆိုတာ မရှိဘူး။ ငါ့ရဲ့ မှိတ်ထားတဲ့ မျက်လုံးတွေ ကို နမ်းပါ . . ချစ်သူ။ ဒါဝင် ဆိုတဲ့ ဘဲကြီး ပြော ခဲ့တယ်။ ကြွယ် တဲ့ ငနဲတွေ ပဲ ရှင်သန်မယ် တဲ့။ အဲဒီ ကံ ဆိုတာ အရာ ကြမ္မာငင်မဲ့ နေ့ကို ထိုင်စောင့်ကြမယ်လေ။။ ဒီလို နဲ့ မိုးနေ့တစ်နေ့၊ ရေခဲမုန့် တစ်ခုနဲ့ အနမ်း တစ်သက်စာ ။ မင်းရဲ့ နူးညံ့ တဲ့ ပါးပြင်တွေကို ဘာဖြစ်လို့ ရက်စက်နေ ချင်ကြတာလဲ။ ဘယ်မှာလဲ။ လောကကြီး ကို စောင့်ကြပ်ပါတယ် ဆိုတဲ့ နတ်လိုလို ဘာလိုလို ကောင်တွေ၊ ဘယ်မှာလဲ ဘုရားသခင်၊ အိုး . . . အဲ့ဒါ အတိတ်ကံလား။ ဒီလိုနဲ့ငါ ။ အားမလို အားမရ ဘဝ နှစ်ခု ကို တစ်ခု တည်း ဖြစ် အောင် ဖန်တီးချင်တဲ့ ဆန္ဒ တစ်ခု နဲ့ အဆမတန် သိပ်သည်းနေတဲ့ အဲဒီ အနက်ရောင် ပစ္စည်း တွေထဲမှာ စိတ်ကူးယဉ် ခြင်းကို ပြုလုပ် နေသတဲ့။ ဒီလိုနဲ့ငါ . . . ထစ်အ သွားတဲ့ စကားပြေ အရေးအသားတစ်ခု။ မသိလိုက် မသိဘ–ဘသာနဲ့။ ကတ္တရာလမ်း မ တစ်ခုနဲ့ ကွန်ကရစ် လမ်းမ တစ်ခု နဲ့ အိမ်ရှေ့ ကသော့ တစ်ခု။ ကြိုးစားထားပါတယ်။ ကြိုးစား ပါ လိမ့်မယ်။ ဒီလိုနဲ့ပဲ မြေနိမ့်ရာ မှာ အများသုံး ။ " ဒီလိုလေး လှဲနေလိုက်တော့ ကောင်းကင်ကိုပဲ မြင်ရ တော့တယ် "အခုတလော သင် ပုခုံးနာတယ်။ သင်တို့ ဘဝ တွေ က အဲဒီ လက်နဲ့ပဲ ကြိုရာ စား လုပ်နေရတာပဲ။ ရေကူး၊ ဆိုက်ကား၊ မြင်းစီး၊ လေပျံ အသင်းဝင် မှာလည်း ဆရာကြီး မဖြစ်ခဲ့။ ကိုယ်တိုင်က သေချင်နေတော့ တစ်တောပြီး တစ်တော လျှောက်ပြောင်းနေတာနဲ့ပဲ ရှိသမျှ အချိန်တွေ ။ အဲဒီတုန်းက သတ္တိတွေ ဘယ်သူ ဘာနဲ့ ထည့်ပေးလိုက်တာလဲ။ စိတ်ပျက်ဖို့ကောင်းလိုက်တာ။ ဒီလိုနဲ့ပဲ။ သူ့ ဘဝ လေးကို ငေးမောခဲ့ရ။ သင် ခံစားဖူးပါသလား။ မြင့်သလိုလိုနဲ့ နိမ့်နေတာ။ သင်ကြုံဖူးပါသလား။ မြင့်မလိုလိုနဲ့ နိမ့်သွားတာ။ ငါငို ချင်တယ် အချစ်ရယ်။ အချစ်တွေ ကဗျာ ထည့်မိတော့ ကဗျာ က ညံ့သွားရောလား။ အချစ်တွေ ကဗျာကနေ ထုတ်လိုက်တော့ ကဗျာက ကောင်းသွားရောလား။ ငြင်းခုန်ရတာ မောတယ်။ ချစ်ရတာ မောတယ်။ ရှင်းပြရတာ မောတယ်။ လွမ်းရတာ မောတယ်။ အခုတလော ငါ အမော မခံနိုင်ဘူး။ ဒါပေမဲ့ ငါကိုယ်တိုင် ငါ့ နွားသိုး။ ဒီလိုနဲ့ ငါကိုယ်တိုင် က ငါ့ မိုး။ အစိုးမရခဲ့။ ဘာမှ မရခဲ့။ လက်မှတ်ထိုးပြီး ဆုံးရှုံးစေသလိုမျိုး။ ကြားဖူးလိုက်သလား။ ဟော့ကင်းရဲ့ အရာရာတိုင်းရဲ့ သီဝရီ။ အတိတ်ဆိုတာ မင်းကို ငါပြောခဲ့ဖူး။ မြစ်ကျွေ့တစ်ခုက ညောင်ရွက်တစ်ရွက် ပေါ်က အသက်ရှူ ပေါက်ကလေးပဲ။ အဲဒီမှာ ရေခဲမုန့် တွေ တောင် မရှိဘူး။ ခင်ဗျားတို့ ဆို ဘယ်လိုလုပ်မလဲ။ ကဲ . . . ဆုံးမလား၊ ရှုံးမလား။ "အင်းပါ . . . မောင့်ကို ချစ်ပါတယ်" အဲဒီ အကန့်အသတ် စကားလုံးထဲမှာ လက်ချိုးပြီး စောင့်နေကြတဲ့ သူတွေ ပြုံး/ပြုံး နေတယ်။ ငါတို့နှစ်ယောက် အနာဂတ် ဟာလည်း။ သင်မသိလိုက်။ သင်မသိလိုက်။ သင်မသိလိုက်။ မသိ (။) ဘာသာ။ မသိ။ ဘာသာ။ အဲ့ ဘာသာ နာမည် က မသိ တဲ့လား။ ငါ လေ နင့်ကို မသိချင်လိုက်တာ။ ည လေး (တစ်ခုက) ည လေ က ကောင်းလိုက်တာ။ အေးစိမ့် မှောင်မဲ နေတာပဲ။ အဲဒီ စွန့်လွှတ်လိုက်ရတဲ့ နှစ်ခွ အိပ်မက် အမျိုးအစားတွေ။ ကောင်းရောင်း ကောင်းဝယ် ပြုမှု ရဲ့ နောက်ဘက် က အခန်းမှာ ငါတို့နှစ်ယောက်ရဲ့ အနာဂတ် ရိုရိုဆွေးဆွေးတွေ ကို ဘလက်မားကတ် မှာ တင်ထားလိုက်ကြတာ။ သားရေကွင်းတစ်ကွင်းကို ပစ်တတ်ဖို့ ထက် ဆွဲဆန့်ခံခဲ့ရတဲ့ အမိပ္ပါယ် ပြားပြား လျားလျားတွေအောက် အဲဒီတုန်းက ပါးပါးလျလျ သော မင်း နှုတ်ခမ်းတွေ ရဲ့ အရသာ၊ ငါ့ အောက်နှုတ်ခမ်း မှာ မင်း သွားရာ လေး ၊ မူးမော် ရင်တုန် ပြီး။ ခင်ဗျားတို့မှာ ရှိပါသလား။ ကျောကုန်း ပေါ်က လက်သည်း ရာရာတွေ။ ငါကြည့်ဖူးတဲ့ အဲဒီ ရုပ်ရှင်မှာ ၁ အပေါင်း ၁ ကိုအပိုင်းပေါင်းလေး

ဆယ်ကျော်ရိုက်ပြသွား တယ်။ အဲဒီလို အဖြစ်တွေလား။ ပလန့် အချိန် မှာ အသုံးပြုသူ အများ စုကို အတုယူ အုပ်စုဖွဲ့ ဆောင်ရွက်ပေးကြတာ။ လုပ်ချက် နည်းနေတယ်။ ဘာဖြစ်လို့ သူ့အကြောင်းပြောနေတဲ့အချိန်မှာ ဆွေးရိပ် သန်းသွားရတာလဲ။ သန်းချိတဲ့ ဘီလျံတွေ။ နှစ်ပေါင်း ၁၅ ဘီလျံ သက်တမ်း ရှိတဲ့ စကြဝဠာ ကို အသက် ၁၉ နှစ်အရွယ် ကောင်မလေး တစ်ယောက် က ပိုင်တယ် ဆို ခင်ဗျား တို့ အံ့သြ   မလား ။ ဝိုင်းဆဲ ကြမလား။ ငါ့လက်ထဲမှာ မှိုတက်နေတဲ့ ညီမျှခြင်း တစ်ခုရှိတယ်။ ပြုံးပျက်နေတဲ့ ညီမျှခြင်း တစ်ခုရှိတယ်။ ညိုညက်နေတဲ့ အသားကို မပိုင်ဆိုင်တဲ့ ဖြူဖပ်ဖြူလျော် မိန်းကလေး တစ်ယောက်ရဲ့ လက်ကလေး ရှိခဲ့တယ်။ အဲဒီ ငါ့လက်ထဲမှာပဲ။ တလက်လက် ထ နေတဲ့ တောင်လောင်ခြင်း။ သင်သိပါသလား ။ အလိုအလျောက် ရွေးချယ်ထားတဲ့ အလေ့အကျင့်တွေကို ဝင်ဆုံ။ မဆုံ။ အဲဒီ မဆုံတဲ့ မိုးကောင်းကင်အောက်မှာ ၁၁ လွှာရှိတဲ့ ကွန်ဒို တွေ ပေါ် အဆင်း၊ အတက်။ အတက်။ အဆင်း ။ တစ်ထပ်နဲ့တစ်ထပ် စကားပြောဖို့ အတွက် အော်ပြောနေကျ။ကြ။ မှောင်မဲနေကျ။ကြ။ ကျသွားကြ တာပေါ့ ။ တစ်နာရီနဲ့တစ်နာရီ။ တစ်ပါဒ နဲ့တစ်ပါဒ ကူးသွားဖို့ တံတားလေးပေါ်မှာ ငါတို့ရဲ့ အရင်တုန်းက ဒြပ်မဲ့ ဘဝ ရှာ ဖွေခြင်း အဘိဓါန် တစ်အုပ်ဖွင့်ထားလျက်နဲ့ ပြာကျနေတယ်။ "အိုင်းစတိုင်း ဆိုတဲ့ လူကြီး ကို မြုပ်ထားတဲ့ နေရာမှာ ဟင်းလင်းပြင် ကွေးညွတ်နေမှာပေါ့နော်   မောင် " ။ အိပ်ချင်ရင် အိပ်ပါ။ ပုံပြောပြပါ့မယ်။ ဟိုးရှေးရှေးတုန်းက ...

လင်းနီညို



# လင်းရမ္မာ (၁၉၉၀ – ၂၀ ??)

အနေတဲ့ သူက အနေတဲ့ ငါလား
အနေတဲ့ ငါကပဲ အနေနေတဲ့ သူလား
ယခုအချိန်ကိုကျော်လွန်ပြီး ..နောက်လည်း
ပေါ်ပြနိုင်ဖို့လုံလောက်မှုများ မလုံလောက်နိုင်သေး ...။

## ကျွန်ုပ် ၏ ကျွန်ုပ်

အဲဒီကောင်ဟာ Essay ပဲဆိုပြီး G-6 အထာနဲ့ ထ (ဆင်၊ထွား) အော်တယ်၊
ရပ်ကွက်ထဲအထာနဲ့ Selected Poems မှာ အကွက်ရွှေ့ခဲ့တယ်၊
အဲဒီကောင် ပေါ့..၊ ဒီကောင်ဟာ ဟိုကောင့် အထဲမှ ထွက်မလာဘူး(သေချာတယ်)၊
09 March မှာ လင်းရမ္မာ ကိုမွေးခဲ့တယ်...၊ ကဗျာတွေကို စတင်မွေးခဲ့တယ်...၊
90 March မှာ နေဇင်လင်း ကိုမွေးခဲ့တယ်...၊ ကဗျာဆရာကို စတင်မွေးခဲ့တယ်...၊
ဟိုဟို ဒီဒီလျှောက်ပြော Zip File တွေ Download နိုးဆွဲတာ ကံ ကျိုးသွားသေးတယ်...၊
သူ့ဘဝဟာ မိုးထားတဲ့အိပ်မက်တွေ ဆိုသလိုပဲ၊
သူ့အစဟာ စပ်ကူးမပ်ကူးကာလ လို့ဆိုရမလား၊
ကဗျာဆရာဆိုတာ လမ်းလျှောက်ရင် နက်ခ်တိုင်တပ်ထားလည်း (ရပါတယ်)၊
မနေ့ တနေ့က နေဇင်လင်း ဟာ ကဗျာမရေးတတ်တဲ့ကောင်လို့ လင်းရမ္မာ က လှောင်မိလား၊
ရှင်မွေးရင်တော့ နေ့ချင်းကြီး (ချင်ကြီး) မှာပေါ့ ၊ ကျွန်တော်ကိုယ် တိုင်ပြုစုခဲ့ရတာ ၊
ရှင် မဟုတ်ဘူး ၊
နေ့ချင်း ညချင်းကြီးဗျာ ၊ ရှင်တွေက –
ဒီပလိုမာတွေရွက်လုပ်ပေး (ထားတယ်ဆို) ပြီး ခရိုင်မပါပဲ ၊
စိတ်ချပါ ဒုံးဒုံးကျကျ ချပစ်လိုက်ပါ၊ နေပူမိုးရွာရင် သူနိုးလည်းလာပါလိမ့်မယ် ၊
လေးနှစ်အကြာက ဣတ္ထိယ တစ်ယောက်က ပုရိသတစ်ယောက်ကို
လင်းရမ္မာဆိုတာ...၊ မေတ္တာဆိုတာ...၊ သံယောဇဉ်ဆိုတာ...၊ သိစေအပ်ခဲ့ပြီးပြီ၊
ဒီ (အ)ကောင့် နာမည် က N.Z.Lynn ( NZ ဆိုတာ နာဇီဖြစ်တယ်၊ နယူးဇီလန်ဖြစ်တယ်၊
နေဇင်ဖြစ်တယ်၊ နေဇင်ဆိုတာ နေဇင်လင်း ဖြစ်တယ်၊ လင်းရမ္မာ
ဖြစ်တယ်၊ ကျွန်ုပ် ဖြစ်တယ်၊ ငါ ဖြစ်တယ်၊ ကျွန်တော် ဖြစ်တယ်၊ သားကြီး ဖြစ်တယ်၊ ကဗျာဆရာ
ဖြစ်တယ်၊ Apprentice Engineer ဖြစ်တယ်၊ Gentleman
ဖြစ်တယ်၊ Gypsy ဖြစ်တယ်၊ နာဇီ တော့မဟုတ်ဘူး၊ ဘာဘာ ဘာမှ မဟုတ်ဘူး) ၊
မိန်းကလေး တစ်ယောက် ကိုချစ်တယ်၊ တစ်ယောက် ဆိုတာ တစ်ယောက်ချင်းကို ဆိုလိုတယ်၊
စိတ်ခံစားချက် အားကောင်းမှု၊ စကားလုံးရွေးချယ် သုံးစွဲမှု၊ နမိတ်ပုံ/ဘာသာစကား ထူးဆန်းတွေလာ ပြသမှု၊
ကဗျာဗေဒနိသျှများ ဖြင့် တင်းကျပ်စွာချုပ်နှောင်မှု၊
လျှို့ဝှက်စွာခေါ်ဆောင် နိုင်မှု၊ အမည့်ကင်းမဲ့သွားမှု၊ ဘာအမှု ညာအမှု နဲ့ ၊ ကြာလာတော့ အို လာတယ်၊ နု
မလာဘူး၊ ဒီတော့ အနုပညာဟာ အအိုပညာ
ဖြစ်လာတယ်၊
သူလည်း အခြားတစ်ယောက်တွေနဲ့ ကျွန်တော်လည်း အခြားတစ်ယောက်တွေနဲ့ ၊ အခြား တွေနဲ့ ခြားနေရင်း
{ ေ+ ခ(ြ–ာ / –ျာ) +က် } ကပ်/လှန့်
လာပြန်တယ် ကြည့်၊
ကဗျာမဖြစ်ခင်ကလည်း ကဗျာဆိုတာ ဖြစ်ခဲ့ပြီး ပြီ၊

နေဇင်လင်း၏ မိန်းကလေးများ နှင့် လင်းရမ္မာ၏ မိန်းကလေးများ ခေတ်ပေါ်မှာထွေပ်ကြတယ်၊
"ဘာ တွေ ဖြစ် ကုန် ကျ ပြီ လဲ" တစ်ယောက်တည်း တဖွဖွ ရေရွတ်မိနေ ပြန်ပြီ၊
လူတစ်ဦး စိတ်အထွေထွေနဲ့ ဆိုတာကို လူတစ်ဦးက မသိချင်ယောင်ဆောင်၊ အရှုံးဘုံ မမြောက်ပေမယ့်
နတ်ပြည်တော့ ရောက်မနေပြန်ဘူး၊ ချော့သိပ်.. သိပ်.. သိပ်.. ချော့ ၊
နေဇင်လင်းဟာ လင်းရမ္မာပါပဲ ဘာလို့ နှိမ်ချင်ကြတာလဲ ဘာလို့မျက်နှာလိုက်ကြတာလဲ
ဘာလို့ခွဲခြားဆက်ဆံကြတာလဲ သဘာဝလို့ပြောဦးမယ်၊
စရိုက်လို့ပြောဦးမယ်၊ ဗီဇလို့ပြောဦးမယ်၊ First Step လို့ပြောဦးမယ်၊ Metamorphosis ကြောင့်
လို့ဆို ပြန်ဦးမယ်၊
ရည်းစား ဘယ်လောက်ထားမှ (အပြစ်ကင်းမှာလဲ/ချစ်သူတွေ့မှာလဲ)
စတိုင်ဘောင်းဘီနဲ့ ခေတ္တအသက် ၂၀ လူတစ်ယောက်မဖြစ်တတ်/ဖြစ်တတ်ဟာ ဘီယာဆိုင်ထိုင်ရင်း
ကဗျာရေးနေတယ်ဆိုရင်ကော
ဘာ/ညာဖြစ်နည်းတွေနှင့် ငြိပါရဲ့လား သိချင်နေသူ ဖြစ်ပါသည်။ ။

လင်းရမ္မာ

## တစ်ဦးတစ်ယောက်သာဟု မဆိုသာသော်လည်း . .

ကဗျာကို . . ဘယ်လိုခေါ်ရမလဲ . . ကိုယ်ဟာ ကဗျာရဲ့ ဘယ်လိုခေါ်ရမလဲ . .
ကဗျာ . . စ . . ပါ .. နောက် . . ပါ . . ဘူး . . စ . . ပါ . .
ဘဝ တစ်ဝက်ဟာ ရည်ရွယ်ရင်းနဲ့ အခြားတစ်ဝက်ဟာ (တွေ) .. ကုန်လွန်သွားပြန်ပြီ ..
လှည့်စရာ မျက်နှာ များပေမယ့် ကဗျာတစ်ဖက်တည်းနဲ့ ကဗျာဖြစ်နေတယ် . .
အရုပ် (မျက်နှာ) မည်မျှလောက် များနေသလဲ နဲ့ မျက်နှာချင်း မဆိုင်ကြည့်ပါဘူး . .
နာမည်စွဲ မရှိပေမယ့် နာမည်ပဲ စွဲနေတာ .. ခက်တယ် .. လွယ်တယ် .. ရင်နဲ့ .. လွယ်သလိုပေါ့ ..
"တကယ်ချစ်ရင် တကယ်မလွယ်ဘူး" တဲ့/ခဲ့ (လား) ..
လူများတွေထဲက လူတစ်ယောက်(တွေ) ပါ ..
ဤ .. သည် .. (မှာ) .. ကျွဲ .. မဟုတ်ပါ ..
လောလောလတ်လတ် ထွက်လာတဲ့ စက္ကူမှာ .. သတိပြုရမည့် အနီရောင်မှတ်တမ်းတွေ ..
ပါလာတယ် .. သတိထားရမယ့် ကဗျာတွေဟာ .. သတိပြုမိလာတယ် ..
သူကိုယ်တိုင် .. ကဗျာ သက်-ဝင် လာတယ် ..
"ကဗျာ နည်းနည်း/နဲ့နဲ့ စဉ်းစားပေးပါ" .. ကဗျာဆိုတာ ကဗျာကိုပြောတာပါ ကဗျာဆရာ ..
ပြီးခဲ့တဲ့ ပစ္စုပ္ပန်တွေဟာ လာမည့် ပစ္စုပ္ပန်တွေ ဖြစ်နေပြန်တယ် ..
ကဗျာ ဆုတောင်းလေးကို ကဗျာနဲ့ ရွတ်ဖတ်လိုက်ပါ၏ ..
မသိချင်တဲ့ အစိတ်အပိုင်းတွေမှာ သိချင်မှုတွေနဲ့ နေရာယူလွန်းနေတာ .. (ကန့်ကွက်ချက် တစ်စုံ-တစ်ရာ)
ပျောက်ရာပါ ပစ္စည်းတစ်ခု တွေ့သေးလား မေးဖို့ သွက်သွက်လည်နေတယ် ..
အမှန်မြင်ဖို့ ကဗျာက အမြင်တွေကို မှန်ထဲက ဖြတ်ထုတ်(လွှတ်) .. ကြည့်တယ် ..
မှန်လား မှားလား လူများ နဲ့ လူ ပဲ .. များရာပါ လူ များ တွေ လို (မှ) မဟုတ်တာ/မဟုတ်ဘူး ..
စိတ်ချင်းဆက် ဘာ/ဘယ်မတော် ညာမဆိုင် ကြားမှာ သူဟာ ချိတ်ဆက်လမ်းလေးပဲ ..
လူ/သူသွား လူ/သူလာ နည်းပေမယ့် ငါ လိုက်မိတယ် .. အရင်လို (လို့) မဟုတ်ပါဘူး ..
အလျှင်မလိုဘူး ဆိုတာ ထည့်တွက်ရမယ့် ကိန်းရှင် မဟုတ်လို့ပါ ..
သူလိုလို လူလိုလို နဲ့ . .
သူ /လူကိုယ်တိုင် လူ /သူလမ်းလေးမှာ လူးလွန့်လို့ ကူးလူး နေတယ် ..
" ကဗျာကို ချစ်လို့ ကဗျာရေးလိုက်တယ်" .. ကဗျာဆိုတာ ကဗျာကိုပြောတာပါ ကဗျာဆရာ ..။ ။

လင်းရမွှာ

## စိတ်ဒုက္ခကဗျာသည်

ကြိုတင်သိနှင့်ပြီးသားတွေပါ၊ မသိခြင်းက လွဲရင်ပေါ့၊
နာရီတွေသာကုန်သွားတယ်၊ အချိန်နှင့်အမျှ . . .
ရှိလာကိုစောင့်စီးခရီးသည် ပါပဲ၊
အတည်စွမ်းအင် နဲ့ အရွေ့စွမ်းအင်၊ သို့ပေမယ့်… 'ထပ်'၊
နာမည် မပေးပါနဲ့၊ နာမည်လည်းမတပ်ပါနဲ့၊
မည်သူမဆို မပုန်းအောင်းနိုင်ပါဘူး၊
အဆုံးဟာ အစကတည်းက တဖက်သတ်စိမ့်ငင်နည်းနဲ့ ယိုစိမ့်ခဲ့တယ်၊
ဒီအရပ်ရဲ့ ဒီဇာတ်ဟာ အမြန်လမ်းမ (ကမ္ဘာ့အမြန်လမ်းမ) ပေါ်မှာ အနေးကွက်နဲ့ ကပြသွားတယ်၊
မဖြစ်နိုင်ဘူး ထင်ချင်ထင်ရမယ့် ဖြစ်နိုင်ချေတွေ…၊
သေဆုံးခြင်းဟာ လောင်းကြေးမဟုတ်ဘူး၊
လောင်းကြေးမဖွင့်တဲ့ ကစားနည်းမှာ သေဆုံးခြင်း၏နောက်ကွယ်မှ…
ရှင်သန်ခြင်း၏ နောက်ပိုင်းဖြစ်စဉ် မတိုင်ခင် ရှေ့ပိုင်းဖြစ်စဉ် ရှာဖွေဖော်ထုတ်နိုင်မှု၊
သူတို့ ဟာ အရေးမပါကြဘူးလား၊ ဖြစ်ပါတယ်၊
သူတို့အရေးတော့ ပါကြတာပဲလား၊ ဖြစ်နိုင်ပါတယ်၊
ဇီဝဖြစ်စဉ်တွေရဲ့ သိသာစွာကွဲပြားကွာဟခြင်း မသိမသာတွေပါပဲ၊
နာမည်တစ်လုံးရော လျှို့ဝှက်ကုဒ်ပါ အက္ခရာတွေချည်း၊
အတည်ပြုခြင်းမခံရ သေးသရွေ့ ဝင်ခွင့်မရှိ၊
ပြေးပိုင်ခွင့်ဟာ မည်သူမဆိုလုပ်ပိုင်ခွင့် ရှိသော်ငြားလည်း…
အဘယ့်ကြောင့် ပါနည်း၊ ဒီပြေးလမ်းမှာ ဒီမှတ်တမ်းကို တင်နိုင်မှာတဲ့လား၊
အသေအပျောက်စာရင်းကို သေမင်းထံမှာ ဖျောင်ပစ်ကြမယ်တဲ့၊
ကင်မရာတစ်လုံးတည်းဖြင့် ကမ္ဘာကျော်သွားလေရဲ့၊
သူ့ပြေးလမ်းအမှတ်( × × × )ပွင့်ပါပြီ….။ ။

လင်းရမ္မာ

## မိုးထားတဲ့ ဒီပဲမကံရော့ ဆိုသလိုပဲ

သစ်သားတွေရဲ့ထုန်က်သံက..မိုးသွားတယ်
အမည်ဖော်ရခက်ဆဲ လှိုင်းပြတ်တွေ . .
မိုးကျနေတယ် ဆိုတဲ့ အသိက နက်နက်လာတယ်
တစုံတရာမကခေါ်ဆောင်လာနိုင်တယ်ဆိုတာ ခင်ဗျားလည်းသိပါတယ်..
ရုပ်လုံးကြွမှုက သုညအောက် မင္ဂါပဖွယ် . . .
အစင်းလိုက်.. အစင်းလိုက်တွေ ဖြတ်သွားတာကို ငါလိုက်မဖမ်းအားဘူး..
ကိုယ့်ဘက်ကို လှည့်စကားပြောလိုက်တော့ . .
ပိတ်နေတာအသံမဟုတ်ဘူး..သူ့ကြောင့် ငါ့အသံမဟုတ်တော့ဘူး
ရှိုက် ရှိုက်ယူရင်း.. ပြန်ပိတ်သွားတယ် . .
ဒီအမှုရဲ့ ကွင်းဆက်ကိုလိုက်ချိတ်ဖို့ မျက်လုံးတွေကိုသာမှိတ်ချလိုက်တယ်..
ကျော့ချမ်းလာတာလား . .
ရင်ချမ်းလာတာလား . .
သက်တူရွယ်တူမိန်းမပျိုတစ်ယောက်နှင့်အတူ..
ခပ်ရေးရေးဝါးနေဆဲပဲ . .
စိတ်ခံစားမှုကို မဖမ်းမိခင် . .
လက်ထဲမှာကပိုင်နီတစ်ခွက် . .
ငါ့ကိုယ်ငါ မြင်ချိန်.. ဒါပေမယ့် ငါ့ကိုမမြင်သလိုပဲ . .
ငါ့ခေါင်းက တစ်ပတ်လည်နေပြီ . .
တစ်ဖက်ဖက်က ရွှေ့လျားမှုယန္တရားပေါ်မှာ . .
အဖက်ဖက်လား . .
ပြန်ခေါ်ရင်လည်း မထူးဘူး . .
ကြိမ်နှုန်းမြင့် အသံတစ်ခု . . တစ်ခုမက . .
ဆက်တိုက်.. ဆက်တိုက်ဆိုသလို . .
ဒီပုံ . . ဒီနည်းနဲ့ . . " ဒီလိုဖြေရှင်းရမှာလားလို့" မပြောနိုင်ဘူး . .
ဆွံ့အနေတဲ့ ပါးစပ်တွေက အဟောင်းသား . .
ခြောက်လှန့်မှုတွေဟာ တဖျောက်ဖျောက်နဲ့ အသက်ဝင်လာတာ . .

သိပ်သည်းဆမတူတဲ့ အလွှာနှစ်ခု တစ်သားသဘောကျသယောင်ဖြစ်နေတာ . .

လိုက်လို့ဖမ်းနေတာ . .

ပုံရိပ်တွေလား.. အစက်အပြောက်တွေလား . . လှိုင်းပြတ်တွေလား . . ငါကိုယ်တိုင်လား . .

မိုးရေထဲက ငါ့ကို ထီးဆောင်းရင်းသူတို့ . .

သူတို့မျက်နှာကို ထီးမဆောင်းဘူးလား . .

သူတို့ပြန်သွားကြပြန်ပြီ . . ။ ။

လင်းရမ္မာ

## လက်ရှိ

ယခု လက်ရှိ ယခုသည် လက်ရှိတစ်ဦးတစ်ယောက်၏ လက်၌ ကောက်ကာငင်ကာလက်ရှိ အခြေ အနေ အထား အသို မှာ ရာသီဥတု ကောင်းမွန်ကြောင်း ထောက်ခံချက် များ မကင်း မရှိ(မဲ့) ခြင်း သို့တည်းမဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း နှင့် လက်ရှိကဗျာဆရာတစ်ယောက်၏ လက်လွတ် ခြေလွတ် ကိုင်တွယ်မှုအပေါ် လက်ရှိအတိုင်းအတာဖြင့် ခုတ်ထစ်ချိန်တွယ်မှု အပေါ်/အောက် ဈေးညှိနှိုင်းပြီးစီးကြောင်း ။

လက်ရှိပေါက်ဈေးမှာ လက်ရှိပုဂ္ဂိုလ်ပေါ်မူတည်၍အဖက်ဘက်သို့ ဖြာထွက်နိုင်ပြီး တစ်ပိဿာ လျှင် တစ်ရာ ဒသမ သုံးသုံးသုံးသုံး ပြန်ထပ်ကျပ်သား ရှိခြင်းအားဖြင့် အမြင်ပိုလျှံနိုင်သော်လည်း လက်ရှိအလေးမှာ လက်မရှိပါလျှင်– ၊ လက်ရှိအလေးမှာ မလေးသို့ပြောင်းသွားပါလျှင်– မည်မျှလောက် (အ)လေးသွားမည်၊ (အ)ပေါ့သွားမည် ကို လက်မဲ့တစ်ယောက်ပင်လျှင် ခန့်မှန်းနိုင်ကြောင်း လက်ရှိကြမ်းခင်းဈေးဖြင့် ချိန်ထိုး တွက်ဆသွားသည်။

လက်ရှိတွင် လက်ရှိများကို သုံးစွဲချင်ကြသည်မှာ မဆန်းပြားသော စိတ်ခံစားချက်ဖြစ်သော်ငြားလည်း လက်ရှိအမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများ၌ ပလပ်စတစ်များသာ နေရာယူထားကြပြီး လက်ရှိမော်ဒယ်အသစ်များ အပေါ် ထုတ်လုပ်သည့်တိုင်းပြည်အလျောက် "တစ်ရက်စုတ်သွားနိုင်သည်" " . . . . ဖြစ် သွား နိုင် သည်" ဟုဆိုပြီး " ဘူးတွမ်တီ(220V)မှ ဝမ်းတန်း(110V) " သို့ပြောင်းကာ ဘူးတွမ်တီသုံးလက်ရှိများကိုစိုးစဉ်းမျှသုံးဖူးခြင်းမရှိပဲလက်ရှိအသုံးပြုဆဲပစ္စည်းများမှာ(သူတပါး) ဒိုမက်စတစ်များဖြစ်၍ဂုဏ်ယူမှုများအပေါ် ဝေဖန်ရေးအမြင်ဖြင့်သုံးသပ်ချက်တို့ကြောင်း ဖြစ်ပေါ်လာနိုင် သည့်ဘေးထွက်ဆိုးကျိုးများနှင့် တားဆီးကာကွယ်နိုင်မှု အခြေပြဇယား။

လက်ရှိဘာအမှတ်တံဆိပ် မှောင်ခိုဖိမ်ခံပစ္စည်းများမှာ တိုရှိဘာ၏ ဈေးကွက်အပေါ်ပုံးမှားရိုက် ထိုးဖောက်ဝင်ရောက်အသာစီးရယူခြင်းအားဖြင့် လက်ရှိ မူပိုင်မှတ်ပုံတင်အမှတ်/ယာယီ မူပိုင်မှတ်ပုံတင်အမှတ် တို့နှင့် ငြိစွန်းမှု တစ်စုံတစ်ရာကို တိုင်တန်း /ကန့်ကွက် မည့်သူများ လက်ရှိအချိန်အထိမပေါ်ပေါက်သေးသောကြောင့် လက်ရှိထုတ်လွှင့်ပြသနေသောမီဒီယာများမှ လက်ရှိအွန်လိုင်းမီဒီယာများအထိ အငြင်းပွားဖွယ်ရာ မတွေ့ရှိမှုအပေါ်ဖာသိဖာသာဖြစ်နေသေးကြောင်းတွေ့ရှိရပါသည်ဟု ဝါကျွတ်ကာလပေါက်ပေါက်ဖောက်မှုဗျောက်ဖောက်မှုတို့အားသတိပေး ကြေငြာချက်ဖြင့် ဖာထေးမှု။

လက်ရှိ၌ လက်မရှိတော့သော ဓာတ်ကောင်၏ လက်မှာ ကွယ်ဝှက်ထားခြင်း ဖြစ်ပြီး ဒါရိုက်တာ၊ ဓါတ်ပုံ ဆရာ နှင့် ကွန်ပျူတာအထူးပြုလုပ်ချက်ဖန်တီးသူ တို့၏ ရွှေဥဏ်တော်စူးရောက်မှုအားဖြင့် လက်တွေ့ ပြသရာမှ အစားထိုးရိုက်ကူးမှုပြကွက်တွင် ဖြစ်စေ ပြန်လည်ပြသချက်၌စာတန်းထိုး၏ ဘေးတစ်နေရာရာမှ ကတ်သီးကတ်သတ် ရပ်ပ်၍ ဖြစ်စေ လက်ရှိစတန့် ပြကွက်မှာ အမှန်အကန် မမှန်ကန်ပါကြောင်း "ပြီးပါပြီ" နှင့်ရောထွေးသတ်ပုတ်၍ ဖြည်ဖုံး ကားချ ပြီး ဆုံး သွား ပါသည်။

လင်းရမ္မာ

## ဒီကဗျာက ကဗျာမဖြစ်ခြင်းနဲ့ ဟိုကဗျာက ကဗျာမဖြစ်ခြင်း

ဟိုတစ်ရွက်၊ ဒီတစ်ပက်
လက်မှတ်တစ်စောင်ရှိတယ်
၃၆၀ ဒီဂရီမှာ ပြန်ဆုံစို့...။
ပျောက်စ ပျောက်နံ နဲ့
ကျ ကျ ပျောက်သွားတဲ့ ညတွေက
လျှံကျလာပုံများ ဒီဖက်က . .
စိုစွတ်စေသူ၏ အကြားအာရုံနှင့်
ကျန်ခဲ့သော လေးဖက်လေးတန် . . များ
အလျားရှည်သော ကဗျာလိုင်းများ တုန်ခါမြည်ခြင်း ဖြစ်စဉ်၊
ခေါင်းစဉ် တစ်ခုအောက်မှ ခေါင်းမတူသူများ
ဒီကို လာလာတိုးသေးတယ်၊
မမြင်နိုင်လောက်အောင် မြန်ဆန်၍ . .
အထပ်မြင့်တိုက်တချို့ ပြိုကျယိုယွင်းမှု . .
အနီရောင် လျှပ်စီးဘောလုံးတွေ
. . . .
အတိမကျ

-----------------------------------

အပြိုင်ရွေ့လျားလည်ပတ်မှု ဖြစ်စဉ်အတွက်
---ကာလကူးလက်မှတ် လက်ဝယ်ပိုင်ဆိုင်မှု---
---လယ်ဗယ်တူဆက်ဆံမှု---
---ပုံတူမျိုးပွားခံ(ရ) မှု---
၂ . အားပေး
--- --- --- * * * --- --- ---

-၁. အားပေး
လောလောလတ်လတ် ဘဝတွေက ငြီးငွေ့ မဟုတ်
ဒါဆိုဘယ်သူ့ နေ့မဟုတ်တဲ့နေ့ လဲ
အလယ်အလတ်၌ လူလတ်ပိုင်းဆေးလိပ်သောက်သူများ
ပို၍
အားလုံးသောသုံးစွဲသူများ

နှလုံး သွေးကြော အပါအဝင် သွေးကြောအားလုံး၏ နံရံမှ ဆဲလ်များကို ထိခိုက် ပျက်စီး
သတိမေ့ခြင်းတို့ မကြာခဏဖြစ်ပေါ်တတ်ကြောင်း
ကွယ်လွန်ပြီးပျောက်ဆုံးသွား . . . ကွယ်လွန်ပြီးပျောက်ဆုံးသွား . . . ကွယ်လွန်ပြီးပျောက်ဆုံးသွား
မျက်တောင်မခတ်တမ်းငေးယူမှု၏ မိတ္တူများ (မျိုးပွားမှုမြန်ဆန်ခြင်း)
မသိကိန်း ရှင်နှင့် တွက်ယူ၍
ရမည့်/မရမည့်
နိုးရာပါပစ္စည်းများ ပျောက်ဆုံးကြောင်း အယောင်ဆောင် ကြေငြာချက်တွေ
ဆိုဖာပူလောင်မှုကို လျစ်လျူရှုရ ကောင်းမှန်းသိနေသည့်
မသိလိုက် မသိမသာ လိုနေသူ
. . . တို့သည် မသိသိ သူ
လူညီစေရန် လူညိုသော်ငြား

ဝ မြှောက်ဖော် ပေါင်းဖက် နှုတ်ဖော် စားဖက်

- သူ့ဘက်မှာ သူရှိနေတာကို ကျေနပ်နေသူက ဘယ်သူလဲ

ဝ သူက ဘာကိန်းလဲ

- ညီမျှခြင်းတစ်ဖက်တည်း၌ ရှိခြင်း /တည်ခြင်းကို ဘယ်လိုကောက်ချက်ဆွဲမလဲ

ဟယ်လင်၏ အထိအတွေ့ သင်ယူမှု
"W_A_T_E_R, water'" ရေ . .
စကားလုံးကို စာလုံးပေါင်းပြလိုက်တယ်
ဘာမှန်းမသိတော့ ညာမှန်းမသိ
သံတူကြောင်းကွဲ သံကွာကြောင်းကွဲ သံကွဲကြောင်းကင်း
အသံမတူသည့် သွေးဖည်သူ
ဗီလာဆန့်ကျင်သူမရှိခြင်း ညီမျှခြင်း စည်းလုံးညီညွတ်ခြင်း . .
အမေးသာလျှင်ဖြစ်၍ အဖြေမဟုတ်ပေ
သုည၏ မရှိခြင်းနှင့် ရှိခြင်းကို
အလွတ်ကျက်မှတ် မေ့လျော့ပေါ့ဆဆဲ၊ တဖက်မှ စုတ်ပြဲ ပျက်ပြယ်သွားပြန် ။ ။

လင်းရမ္မာ

## ‘ ထွက်သွားသော လူရုပ်ပေါက်များ ’

မီးစက် မီးပေါက်တွေရဲ့ အတိမ်းစောင်းမခံမှု . .၊
'ငွေ' ကိုဆိုမိတော့ ငါတော်တော်လျှာရှည်တဲ့ကောင် တဲ့ ၊
မိတ်ဖြစ်ဆွေဖြစ် အစာ ရေစာ တွေနဲ့ အခပ်မသင့်ရင် ကိုက်မိတတ်တယ်..၊
ဘုရားအဆူဆူဟာ မိုးထဲ လေထဲ၌ . .
ချိတ်ဆွဲထားတဲ့ သချိုင်္ဂဏန်းတွေနဲ့ အတူ..၊
ရော်ဘင်ဆင်ကရူးဆိုးနဲ့ သောကြာ..၊
သောကြာနဲ့ တစ်ဆယ့်သုံး..၊
တစ်ဆယ့်သုံးနဲ့ ရော်ဘင်ဆင်ကရူးဆိုး..၊
မြင်ရာ.. ထင်ရာပဲဆိုရင်တော့လည်း.. 'နည်းနည်းတော့လျှော့' . .၊
အရုံခံအနုပညာ ဟာ ငါးပါး က ပါ့မလား . .၊
နှစ်ခါပြောရရင်.. 'လေထုထဲမှာ စက်ဝိုင်းတွေနဲ့' ၊
မထူးရင်တော့ မခြားဘူးပေါ့. .၊
ထူးနေတော့လည်း .. တံခါးအပွင့်ကို ခဏတော့ စောင့်မယ် . .၊
တဝက်မသေချာမှုကြောင့် သုံးလုံးကို သုံးကွက်ရိုက်..၊
ခေါင်းကုတ်ပြရင် အိပ်ကပ်ထဲက အကြွေတွေက မင်းမှုန့်ဖိုးဖြစ်သွားမယ်..၊
အားရင်လေ ငေးပါ၊
အား ရင် လေ ငေး ပါ ၊
ဝိုင်း ဝိုင်း စက် စက် ဝိုင်း စက် စက် ဝိုင်း။ ။

လင်းရမ္မာ

## ဆွဲအားမဲ့ဒေသထဲ လမ်းလျှောက်ထွက်သော ...

အင်္ကျီနည်းနည်းတော့ပွစေချင်..
ရာသီဥတုရဲ့တိုက်ရိုက်ပတ်သက်မှုကြောင့်..
ချုပ်ရိုးတွေကိုဆွဲဖြုတ်ပြီးစီး..
အနားလည်းကျက်သင့်လောက်ရော..
အိုင်တီ (IT) မြို့လည်မှ.. အီးတီ (ET) တစ်ယောက်..
စိတ်ကဲ့သို့သော ယူအက်ဖ်အို (UFO) ..
ငါ့ကိုခုတ်ဖြတ်မောင်းပါ..
အသင့်သုံး သုံးဆောင်ဖွယ်ရာတွေ..
ရယ်ဒီမိတ် (Ready Made) ကြားခံနယ်တွေ..
ခံစားရပေမယ့်.. မခံစားရသလို..
ဒါက " ဝေဒနာ"
ပျင်းရွှေနေတဲ့ အာရုံခံနာ့ဗ် (Sensory) တွေနဲ့
ခင်ဗျားက ပုံဆောင်ခဲလည်ပတ်မှုပဲ..
သိပ်သည်းဆလည်း ပါဝင်ပတ်သက်မှုတစ်ခုပဲ..
ဝန်နည်းနည်းလေး လေးတယ်..
ကောက်မကိုင်ခင် ပစ်ချတတ်ကြ..
သူကမေးတယ်
"ကောက်မကိုင်ခင်ဘယ်လို ပစ်ချမလဲ.."
ဆိုတာလဲ ပစ်ချမှု တစ်ခုပဲပေါ့..
မကွဲမအက်..၊ အကောင်းပကတိ..
ဖိုင်ဘာအမျှင်တွေရဲ့ ဖွဲ့တည်ယှက်သန်းမှု ..
ကတိတည်မှုတွေ..
တချိန်တည်းမှာ " စာရေးသူသည် စာဖတ်နေသည်"
" တဝက်တဆက် " သွင်ပြင်ရဲ့
" တသားသဘော" ကျမှုတွေ..၊
ဝါဒတွေကို . . . ထဲ တွန်းချလိုက်လေရာ

နည်းနည်း ခပ်ပါးပါး ဆင်လာသည်..
ကဗျာအတွင်းပိုင်းကို ကဗျာတွေရုံမယ်..
မလိုက်ပဲလည်း ရွေ့ကြည့်တယ်..
ခင်ဗျားလည်းနည်းနည်းတော့ခေါင်းမာတာပဲ..
"ဒလိမ့် ဒလိမ့် "
ခေါင်းတွေလည်း လေ့ကားထစ်များပေါ်..
ငါကပုံရှင်နည်းတွေအတွက် ပုံသေနည်းတွေလည်းသုံးချင်သုံးမယ်..၊
ပုံအသွင်ပြောင်းလဲဖြစ်တည်မှုက ယုံကြည်ဖွယ်ရာသက်သေ..၊
မယုံကြည်လောက်နိုင်အောင်ပဲပေါ့..
သွေးလည်ပတ်မှုမရှိတဲ့ ဝေဖန်မှုတွေ..
ဘာတွေ ဘာပဲဖြစ်ဖြစ်ပေါ့..
" ဖြစ်သည်မှာ နိုင်သည်"
သူငယ်အိမ်ထဲက သူငယ်အိမ်ရှင်
ဝင်ရောက်ကြည့်ရှုရန်..၊
အရောင်တုန့်ပြန်မှုမဲ့ရောဂါကင်းရန်..၊
လက်ဆုပ်လက်ကိုင်အရာတွေမှ
ခေါင်းညိတ်တတ်ရင်..
လေထုထဲကစက်ဝိုင်းလေးတွေကို
ရေတွက်နေလိုက်ပေါ့..
" ကောက်.. ဖြတ်.. ဆင် .. တပ် "
သစ္စာတရားမှာ ခွဲစိတ်ခန်းသုံးခါးဟာလည်း
ကွင်းတွေ.. ခွတွေ / ဌင်းတွေ .. ဃွတွေ
ကၤခၤဂၤဃ၊ င ဟာအစီစဉ် ကျ /မကျ
ဖောက်စားခံရတဲ့ မုန့်တစ်ထုပ်ဟာ " မှုလ" ပျောက်သွားမယ်..
' လေဟာနယ်သဘာဝ' နဲ့က ' ကိုယ်လို..သူလို' ။ ။

လင်းရရွှာ

## အာ.. လိုက်.. မှု.. မှာ.. လွဲ.. လေ.. ၍. လော..

တတိယ ပုဂ္ဂိုလ်အနေနဲ့ သုံး(၃)နေကျ မို့ပါ၊
ဒီအကျီ . . ဒီနေရာဟာ . .
ဟော . . ခင်ဗျား မျက်စိကျ (ဆွဲအားမဲ့အရုပ်သို့..) နေပြီ..၊
အကျီချုပ်သူ နဲ့ အကျီဝတ်သူ ဘယ်သူ့တာဝန်လဲ၊
ကိုယ်တိုင်တိုင်း ကိုယ်တိုင်ချုပ် . . မည်သို့ပင်ထင်စေကာမူ . .
ကျုပ်နာမည်ဟာ ကျုပ်မယုံရဆုံး သူ ပဲ၊
သူ့အမြဲ စား /သုံး တယ်၊
ပတ္တူစပေါ် ခင်ဗျားခံစားနေတာ ခရာထောင့်တွေနဲ့ စကားလုံးတွေကရော..၊
လုပ်စရာတွေက ကိုယ့်အလုပ် ကို/ယ် ပဲ
ကိုယ့် နာမ်ကိုတောင် ပြန်မဲ့ ပြရမလို (မသတီသလိုပေါ့)
ရုပ်ကလေးက သနားကမားနဲ့
လင်းနီညို® မှား/မှန် ဖြေနေဆဲ (ပြောလို့)
တေလေ® ကွက်လပ်ဖြည့်နေဆဲ (ပြောလို့)
လင်းရမ္မာ® အဖြေ/မေးခွန်း ထုတ်လို့ ဝေ ခွဲနေဆဲ (ပြောလို့)
အထုတ်ဖြည်နေကြတယ် တဲ့၊
အမေးတွေလား အဖြေတွေလား အထပ်ထပ် ဖြေ/မေး၊
ဟောက်ပက် ဖြစ်နေတဲ့ ကွက်လပ်ကြီးရဲ့ မိုက်/မှောင်/မဲ မှုမှာ–
ငိုခြင်းချစရာ မရှိတာ 'တစ်စုံတစ်ရာကျ' လို့ပေါ့
ကျုပ်တို့ မသိဘူး ပဲထားလိုက်ကြစို့ရဲ့
'ချားလ်စ် ဘန်စတိန်း' ဘာပဲ ပြောပြော
'ဥျန် အက်ရှ်ဘာရီ' ဘာပဲဆိုဆို
" မဆိုင်သလိုပဲ "
ကယ်ချင် ရာ /ယာ ကိုကယ်ပါ
ကယ်ချင် သလို /သလို ကယ်ပါ
အသားတုန်လှုပ်နမိတ်ကျမ်းတွေ ၊ ဘာသာစကားကြွက်သားနံ့ရဲ့တွေ ၊
" ကြွက်သားပေါက် မွေးမြူရေး စီမံကိန်းကြီးများ "

သွင်းကုန် / ထုတ်ကုန် လုပ်ငန်းစုကြီးများ၊
လည်ပင်းညှစ်ဖို့ လည်ပင်းဖက်နေတဲ့ ဇာတ်ဝင်ခန်းကို
ခင်ဗျား ကျုပ်ကိုပြနေသလို ပဲ၊
ဘယ်လို နမိတ်ဖတ်ရမလဲ၊ အတိတ်ကောက်ရမလဲ လင်းရမ္မာ
မေးခွန်း လဲကြစို့ ရဲ့ တေလွေ့
"ငါတို့" ကို ဘယ်သူ စစ် တာလဲ " သူတို့ " ဆိုတဲ့ " ခင်ဗျားတို့ " လား၊
လင်းနီညို နဲ့ လင်းရမ္မာ
နှစ်ယောက်ပေါင်းလို့ "ငါ" မကောင်းကြောင်းတွေ ပြောနေလိုက်တာ၊
"ဒုက္ခမရှာချင်စမ်းပါနဲ့" ဘယ်သူ့ကိုမှ ရှိရှိ မရှိရှိ မပေးဘူး
သုံးယောက် ပေါင်းလို့ ညီမျှခြင်း ချရင်း
ကိုယ့်ခန္ဓာ ကိုယ် ချ ကြဖို့ တဲ့လေ ။ ။

လင်းရမ္မာ

## တစ်ယောက်မကတာ သေချာတယ်

ရိပ်ကနဲ . . နဲ့ . . ဖြတ်ကနဲ . .
ဟော့ . .ဟော့ . . မပြေးနဲ့ . .
သူက သူရောဟုတ်ရဲ့လား မရပ်ဘူး..
ခြေကုန်လက်ပန်းကျနေပြီ မရပ်လို့မရဘူး..
ဆက်စပ်လို့မရတာ..
ဆက်စပ်မှုရှိတဲ့မမြင်နိုင်သော အစိတ်အပိုင်းတို့၏
သဏ္ဌာန်တူ လှည့်ဖျားမှုကြောင့်..၊
အတိအကျပြောရရင်
"ကျွန်တော်အရူးမဟုတ်ဘူး"
မတော်တဆကြောင့် ငါ သေတာဆယ်ခါမကတော့ဘူး
ကိုင်တွယ်ဖြေရှင်းမရတာဟာ "မတော်တဆ"
အလိုတော်အတိုင်း
စေရာ
အမိန့်တော်အတိုင်း
ခင်ဗျားရော ဘယ်လိုသဘောရသလဲ
"အစ" နဲ့ "အဆုံး" တစ်ခုခုကိုတော့သိမှ..
တစ်ကွက် နဲ့ တစ်ကွက် ကြား..
ကန့်သတ်ချက် ဟာ ချိတ်ဆက်မှု..
စည်းတစ်ခုတော့ရှိကြစမြဲ..
တစ်ဖက်ကိုနင်းမိချိန်မှာ အဖက်ဖက်တွေလွတ်ထွက်ကုန်ကြတယ်..
ပြန်လည်သုံးသပ်ချိန်မရလိုက်ပါ..
မရပ်လို့မရတာ တွေးရင်း ရပ်လိုက်တယ်..။ ။

လင်းရမ္မာ

(ဆိုးရွားစွာ)'ထိ' 'ခိုက်' (စေ) 'နိုင်' ပါသည်



## တိမ်စိုင်ရွှေ့မီးခတ်မည့် ည

အညတြတို့ရဲ့ သုညတွေဟာ ဘဝကို ဝကွက်လို့အအပ်ခံကြရ . .
သုညတွေမှာ တိမ်စိုင်တွေလည်းရွေ့လျားလို့..
အမြင်အာရုံတွေကိုတိမ်သလာ နဲ့ ဖုံးအုပ်ခံရတဲ့ည . . .၊
ဘယ်ဆီမှန်း . . မှန်း . . သမ်းရင်း . . ဆက်..နှင်ရင်း..
စိုစွတ်စွာ ပြုတ်ကျခဲ့ကြ . . အကျနာခဲ့ကြတဲ့ည..၊
ခြေခံဟာ အခြေပြုခံ . .၊
အခြေအနေအရ အခြေမှာခံကြရ..၊
အခြေခံကျကျ ဖန်တီးခံထားရတဲ့ ည . .၊
ပစ်လွှတ်ဖန်တီးထားတဲ့ ဓာတုဗေဒပတ်ဝန်းကျင်မှာ
ချောင်ပိတ်မိခဲ့ကြ.. အချောင်တွေနဲ့ ပိတ်မိခဲ့ကြတဲ့ ည..၊
အရိပ်တွေရဲ့ အမဲလိုက်ခြင်းကို ခံကြရ..
အရိပ်မည်းတွေရဲ့ လိုက်ခြင်းကိုခံကြရတဲ့ ည..၊
မိုးလေဝသသတင်းတွေကတော့ မိုးကြီး . . လေကြီး . .
' ရာသီဥတုသာယာပါ့မည့်ရှင် ' တဲ့ . . .
ခန့်မှန်းမရတဲ့ညတွေကို ပြောင်းပစ်ကြရမယ် . .
မှဆိုးတွေကို အမဲပြန်လိုက်ကြရမည့် ည . .၊
ပြောင်းပစ်တာကို../ ပြောင်းပစ်ရမှာကို မကြောက်ကြတဲ့ည..၊
အဲဒီညဟာ.. ယနေ့ည
ယနေ့ဟာ ည . .၊
ယနေ့ဟာ နေမရှိတဲ့နေ့ . .၊
ယနေ့ဟာ နေ့မရှိတဲ့နေ့ . .၊
နေ့သစ်တွေကို ဖန်တီးဖို့ ထုထည်တွေကို ပြောင်းပစ်ကြရမယ်..၊
ထုနဲ့ ထည်နဲ့ မီးခတ်ကြမည့် ည.. ။ ။

လင်းရမ္မာ

## ညီမျှသော/ ခြင်း/ သည်=

ညီမျှသော ခြင်း သည်
အရွယ်အစားတူ နံပါတ်တူ ဒါမှမဟုတ်
ပမာဏ/ တန်ဖိုးကွဲပြားခြားနားခြင်း တူညီမှုသည် အခြားသော
ပို၍ကောင်းကောင်း အလေ့အထ ရှိသည်မှာ
သင့်လုပ်ရပ်၏/ (မ) လုပ်ရပ်၏ အဖြေ/ ရလဒ်
. . . ပေးစရာရှိတာ မပေးလျှင် . .
" သွေးမရှိရင် နောက်ဆုတ်နေလိုက် "
နောက်ကနေ ရလဲ ကိစ္စမရှိတယ်
မင်းနဲ့ငါ ပေါင်းလို့
မင်း ဖြစ်/မဖြစ် ဆိုတာ
ငါဖြစ်တဲ့ မင်းက ကျေနပ်မှု၊ အပြန်အလှန်ဖျက်ဆောက်ကြည့်ရမလား
များမကြာခင်
ကိရိယာ၊ ကြိယာဝိသေသန(ကြိ)၊ တန်ဆာပလာတွေ
မတိုင်ခင်လေးထိ အခြားခြားသော တစ်ပါးသူ/ လိုလိုကိုယ်လိုလို တို့
နာမ်ကိုအထူးပြုသောပုဒ် .. နာမဝိသေသနထက်
နာမဝိသေသန ကိုလိုချင်တပ်မက်မှု
အတွေထွေ အပြားပြားသော " သော " တွေငှဲ၊ ကွဲပြားခြားနားသော=(နာဝိ)=မတူညီသော
မတူညီသော နာမဝိသေသနတွေငှဲ၊
အထူးပြုခံ ချင်မက်မှုတွေ တက်ပြချင်တာ
နေ့ချင်းညချင်းကြီး ဟုတ်
အထူးသဖြင့် လေးနက်မှုဟာ(ပုံမှန်)အထူးသဖြင့် ထက် ပိုတယ်။

လင်းရမှာ



# တေလေ (၁၉၈၉ - ၂၀??)

သေဆုံးလိုသူတိုင်း အတွက် ကျန်တော်မွေးဖွားလာသည် ...

## ဘာ နှင့်စ၍ ဟာ နှင့်ဆုံးသော

ဘာတုံး
ဘာလို့တုံး
ဘာလုပ်လို့တုံး
ဘာလုပ်မိလို့တုံး
ဘာတွေလုပ်မိလို့တုံး
ဘာတွေကိုလုပ်မိလို့တုံး
ဘာတွေကိုငါလုပ်မိလို့တုံးအ
ဘာတွေကိုငါတို့လုပ်မိလို့တုံး
ဘာတွေကိုငါတို့တွေလုပ်မိလို့တုံး
ဘာတွေကိုငါတို့တွေလုပ်ခဲ့မိလို့တုံး
ဘာတွေကိုငါတို့တွေလုပ်ခဲ့မိကြလို့တုံး
ဘာတွေကိုငါတို့တွေပြောခဲ့မိကြလို့တုံး
ဘာတွေကိုငါတို့တွေပြောခဲ့မိလို့တုံး
ဘာတွေကိုငါတို့တွေပြောမိလို့တုံး
ဘာတွေကိုငါတို့ပြောမိလို့တုံး
ဘာတွေကိုငါပြောမိလို့တုံး
ဘာတွေကိုပြောမိလို့တုံး
ဘာတွေပြောမိလို့တုံး
ဘာပြောမိလို့တုံး
ဘာပြောလို့တုံး
ဘာလို့တုံး
ဘာတုံး

တေလေ

**ဒီကဲအကုန်ကည့်ရေးလိုက်တယ်၊ အကုန်ဖတ်ပါ**

ရှင်ဟာဘာလည်း
ကကျွန်တော်နဲ့သူက အဲဒီလို အဲဒီလို အရင် သိကြတယ် . . .
နောက်သူနဲ့ ကျွန်တော်က ပတ်သတ်ရာ ပတ်သတ်ကြောင်းက တစ်ဆင့် ပတ်သတ်ကြတယ် . .
ကကျွန်တော့်အပြင် သူနဲ့သူက မတိမ်း(တူညီ) မယိမ်း(တူညီ) ဆိုတော့ ပတ်သတ်ကြတယ်။
အင်း ... ကျွန်တော်က ဘုံလိုဖြစ်နေတာပေါ့။
ရှင်တို့တွေက ဘယ်လိုတွေကွာလည်း
ကကျွန်တော့်ထက်သူက အဲဒီလို အဲဒီလောက်ကြီးတယ်ပေါ့ဗျာ
နောက် ကျွန်တော်က ကြီးတယ်ပေါ့ဗျာ.. အဲဒီလို အဲဒီလောက်ပါပဲ
လူကြီးနဲ့လူငယ်ကြား / ထိုသူသုံးယောက်ကြား / ကျွန်တော်၊ သူနဲ့သူကြား ကကျွန်တော်က အဓိကပေါ့
အင်း...ကကျွန်တော်က ဘုံ(လာပြန်ပြီ) လိုဖြစ်နေတာပေါ့... သေချာတယ်

" အတွေးနဲ့အမြင်စကားလည်း နှုတ်ပိတ်နေမယ်
အပေးနဲ့အယူစကားလည်း နှုတ်ဆိတ်နေမယ်
အယူဝါဒကြိုးတွေ မချည်နှောင်လိုက်နဲ့ဦး " (ဆို-တင်ဇာမော်)

သူ သရုပ်ဆောင်နေသည်၊ ထို့ကြောင့် ဘဝကိုရှောင်ထားသည်၊ ထို့အတွက် ခါးထောက်သည်။
ကကျွန်တော်ဟာ မင်းသားပါတဲ့
သူ့လက်မောင်းမှာ tatto တွေ ရှိပါတယ်ခင်ဗျာ
အဲဒီတုန်းကတော့ လူတွေ / စိတ်မှာ ကြီးမားတဲ့ ဝမ်းနည်းပူဆွေးရမှုတွေပေါ့
အဲဒီနောက်တော့ အဲဒါဟာ လူဦးရေ လျှော့ချခြင်း သက်သက်သာဖြစ်ကြောင်း အတည်ပြု
အဲဒီရှေ့ (တုန်း)ကတော့ အဲဒါဟာ လူဦးရေ လျှော့ချခြင်း သက်သက်သာဖြစ်ကြောင်း တွေ့ရှိ
ခင်ဗျား ဘာဘာသာလည်း၊
အဲဒါကို မေ့ပြီး ဆက်ဖတ်ပါ၊ ကကျွန်တော်တို့ကတော့ ဖက်စပ် ပါပဲ
ဆက်ဖတ်မလား၊ ဖက်စပ်လား ခင်ဗျားကို ဒီလိုတော့ ဆဲသွားတယ် (-------)၊
ခင်ဗျား ဘယ် က လည်း၊ ခင်ဗျား ဘယ် ကား လည်း၊ ခင်ဗျား ဘာကို ကာ မလည်း၊ ခင်ဗျား ဘာကို ကွယ် မလည်း
က ကျွန်တော် ကိုးကွယ် ကာ ခံလိုက်ရတာ အဲတည်း က ပေါ့။
လူဟာ လမ်းလျှောက်ရင်း လျှောက်လမ်းတွေ မမှန်တော့ဘူး၊
မမှန်ကန်သူတွေကို ကန်ကြပါ၊ ဆောင့်ကန်ကြပါ၊ ဆောက်ဆန်ပြပြီးတော့ မ ထောက်ခံ(ဆက်ဆံ)ကြပါနဲ့။

ခင်ဗျားရဲ့ သူငယ်ချင်းဟာ ကကျွန်တော်ပေါ့၊ ခင်ဗျားကတော့ ကျွန်တော်သူငယ်ချင်းမဟုတ်ဘူး။

" အဆုံးစွန်ပြောရရင် ချစ်တင်းနှီးနှောရာမှာတောင် ယောကျ်ားလေးနဲ့ မိန်းကလေးဟာ ပိုမိုရင်းနှီးသွားကြတာမျိုး မဟုတ်ဘူး။ ကိုယ်ခန္ဓာချင်းသာ ကူးလူးဆက်ဆံမှုရှိပြီး စိတ်ချင်းက ကမ္ဘာခြားနေဆဲပဲရှိသေးတယ်။ အဆုံးစွန်ကျေနပ်သာယာမှု (Orgasm) ကိုတောင် တစ်ပြိုင်နက် ခံစားချင်မှ ခံစားရနိုင်တာမျိုး...။ ဒီတော့ ဒီကိစ္စဟာ ကြောက်စရာကြီးမဟုတ်ဘူးလား။" (တေဇာ)

ကြောက်စရာ ကြောက်ပါ။

တေလေ

## စိတ်ခံအားကျဆင်းမှုရောဂါ များ ကူး စက် ခံ ရ ခြင်း

ကိုယ်ခံအားကျဆင်းမှုရောဂါ အကြောင်းသင်သိပြီးပြီလား။
သင်မသိသေးပါက တစ်နေရာရာတွင်စုံစမ်းပါ ၊တစ်နေရာရာသည် သည်နေရာတွင်မဟုတ် တည်နေရာမသိ

စိတ်ခံအားကျဆင်းမှုရောဂါ အကြောင်းသင်သိပြီးပြီလား
သင်မသိသေးကြောင်းသင်သိပြီးပြီလား သင်သိထားသောအရာများ သင်ပြီးပြီလား

စိတ်ခံအားကျဆင်းမှုရောဂါပြ ဇယား

ရောဂါလက္ခဏာများ
(၁) သနားတတ်ခြင်း
(၂)ယုံလွယ်ခြင်း
(၃)သူ့ဖက်ကိုယ့်ဖက် မှု တွေးတက်ခြင်း
(၄)လေးလေးပင်ပင်ရှိခြင်း
(၅)ပြောပြရန် အကြောင်းအရာမဲ့ခြင်း
(၆)မဲ့ခြင်းများကို လက်ခံတက်ခြင်း
(၇)လက်ခံထားသော အရာများကို ပြောမပြခြင်း
(၈)စကားမပြောခြင်း

ယခုဖော်ပြထားသော ရောဂါလက္ခဏာ(နာရန်၊နာမကျန်းဖြစ်ရန်)များ သင့်တွင်တွေ့နေရပါသလား
သနားပါတယ်ဆိုသော စကားရပ်အား ခွဲခြားစိတ်ဖြာကြည့်ရန် ပထမအဆင့်
သူသနားတက်သောကြောင့် အခြားသူထံ သူ၏ ပါသွားတက်သည်
ဥပမာ-
သနား၍ ချစ်မိသွားသည်
သနား၍ မုန်းလိုက်သည်
သနား၍ ပေးလိုက်သည်
သနား၍ စွန့်လိုက်သည်
သနား၍ယူလိုက်သည်
သနား၍ သနားလိုက်သည်
သနား၍ သနမှုမဝေးစေသည်
စသည်ဖြင့် စသည်
စသည်ဖြင့် ဆုံးသည်
စသည်ဖြင့် ထိုသူထံတွင်ရှိသမျှဆုံးရှုံးသည်၊

သနားပါတယ်ဆိုတာ မိမိထံရှိသမျှ အသနားခံရသူထံ ပါသွားခြင်းသက်သက်သာဖြစ်ကြောင်း ဥပမာ
ပထမအဆင့်မှာထစ်ထစ်သွားသောကြောင့် တစ်တစ်ခွခွအဆဲခံလိုက်ရ ဆက်မပါလာတော့ စက်ဟာဆက်ဖွင့်မရ
လွယ်လွယ်ယုံခြင်းအကြောင်းဆက်၍မရတော့ ယုံလွယ်ခြင်းသည် သင့်ထံတွင်ရှိမရှိ ပြန်လည်သုံးသပ်ပါ
(ဆုံးဖြတ်ရန်မလို)
ထိုကြောင့် ထို့နှင့် ထိုသို့ ထိုမှ ထိုထို ထိုသို့မှ ထိုသည်သို့ ဆက်ရန်မရှိ
မရှိကြောင်းတွေများနေပြီလား.....
မရှိခြင်းတွေကိုလက်ခံထားသလား...
မပြောချင်တော့ (ပြောပြီးဖြစ်)
(၃)
(၄)
(၅)
(၆)
(၇)
(၈)
ထိုအကြောင်းများပြီးဆုံးသွားကြောင်း သင့်ထံတွင် စိတ်ခံအားကျဆင်းမှု ရောဂါရှိမရှိ
မေ့လို . မေ့လို
တစ်ခုကျန်ခဲ့တယ် ကိုးခုမြောက် ရောဂါ လက္ခဏာ ထည့်သွင်းရန်
ဘာသာစကားဖြင့်တည်ဆောက်ထားသော ကဗျာများ ဖတ်လိုမှု
ဘာသာစကားဖြင့်တည်ဆောက်ထားသော ကဗျာများ တည်ဆောက်လိုမှု
ထိုအမှုများအကြောင်း . . . . .

တေလေ

## မေ့ဆေးဆိုတာ မိုးညဒီပ်ပ်မက်ဖြူ

မမေ့ခင်ကတည်းက မေ့တဲ့အကြောင်းတွေ
ဘဝကို မေ့မေ့သွား(ချင်)တယ် မေမေ၊
အဲဒီတုန်းက ထုံးသုတ်ထားတဲ့ လမ်းဖြူဖြူတွေ
တကျယ်တပြော တလွမ်းတဆွေး တသသ မေ့သွားတာပါပဲ
မေ့ဆေး
လို/မလို လိုလို မလိုလို လိုရမယ်ရ
လူဟာ လူနဲ့လူအပေါ် လူလို ပြုကျင့်လိုက်တော့ လူ ဒါမှမဟုတ် လူ့တန်ဖိုး ကျ(ချ)သွား(လိုက်)တယ်။
ဟုတ်ပါတယ် မေမေ၊ အားလုံးဟာ မေ့ဆေးပေးခံထားရ / မေ့ဆေးထိုးထားကြတယ် ဆိုတာကို မေ့မေ့သွား(ပြန်မလာတော့ဘူး)
လူနဲ့လူဟာ မောက်မောက်မာမာ အမောက်ထောင်လို့ (လူနဲ့လူကြား ဘာ ရှိ ? (လည်း) )
မေ့ဆေးအထိုးခံထားရသူများ တန်းစီပါ
သင်နဲ့သင်ကြား ကိုယ်ကျင့်သိက္ခာ (တရားတယ်တော့မထင်)တရား ထည့်သွင်းရန် ပြင်ဆင်
ကကျွန်တော်တို့ အလုပ်လုပ်နေသည်
သင်တို့ အလုပ်လုပ်နေသည်
ကျွန်တော်တို့ ဘာလုပ်နေကြသလည်း
သင်တို့ ဘာလုပ်နေကြသလည်း
မသိ မရှိ မမိ မမှီ မတိ
သိမှ ရှိမှ မိမှ မှီမှ တိကျမှ လုပ်လို့ရမှာပါလား
အေးအေး ကကျွန်တော်တို့ (သင်တို့) လုပ်လိုက်ပါမယ်
အေးအေး မလုပ်နဲ့
အေးအေး လုပ်မယ် မလုပ်ဘူး တစ်ခုခု
အေးအေးဆိုသည်မှာ အေးအေးဆေးဆေးလုပ်ကိုင်ခြင်း သို့မဟုတ် ညည်းငြူခြင်း
ကိုယ့်လမ်းကိုယ်လျှောက် ခြေထောက်တွေပေါက်တောင် ဆက်လျှောက်ရဲတယ်
အဲ...
ကိုယ့်လမ်းကိုယ်ခြောက် ဘဝင်တွေတော့ မမြောက်(မျောက်)နဲ့(ပဲ)
ခင်ဗျား ခြောက်နေတဲ့ လမ်းတွေလျှောက်နေတယ်..

မောင်မြင့်ဝေဟာ သူ့အမေကို မေ့ချင်ပါတယ်တဲ့
မောင်မြင့်ဝေဟာ ထားကို မေ့ချင်ပါတယ်တဲ့
မောင်သစ္စာဟာ နွယ်ကို မေ့ချင်ပါတယ်တဲ့
မောင်ညိမ့်မှိုင်းဟာ မမရီကို မေ့ချင်ပါတယ်တဲ့

ခင်ဗျားတို့ အဲ့ကောင်ကို မေ့ဆေးမပေးခဲ့တာလား

မေ့ဆေးပေးဖို့ ဘာတွေလိုအပ်ပါသလဲဆိုရင်

မေ့ချင်တဲ့စိတ် သို့မဟုတ် ချဉ်နေတဲ့မေ့စိတ် စိတ် စိတ် စိတ်ဟာ မေ့ဆေးပါပဲ

မေ့ဆေးပေးခံရတာ စိတ်ပါပဲ၊ စိတ်ဟာ စိတ်ဆီပြန်ပါလာလား မပါလာဘူးလား၊(ဆိုင်၊ မဆိုင်)

အဆီပြန်နေသော စိတ်များအကြောင်း

စိတ် စိတ် စိတ် စိတ်ဟာ အဆီပြန်နေသော သောကလျှောက်လမ်းများ၊ ဖြတ်ထုံး၊နှောင်ထုံး၊

လူနဲ့လူဟာ

သင်နဲ့သင်ဟာ မေ့ဆေးအပေးခံထားရကြောင်း မေ့

မေ့ချင်သော အရာများကိုမေ့ ၊တိုက်စား ၊ဖြတ်ချ၊ ကျော်ချ၊

တေလေ

## ကျွန်တော်မသိခြင်းများ ဒါမှမဟုတ် ဟိုတစ်ခါတစ်ခါဖွင့်ချထားခြင်း ဒါမှမဟုတ် မဟုတ်တာ (ဒါ) ရော

လူ့ဘဝအစကို မည်သို့ စတင်ရမည်ကို သိပါသလား ( သိဖို့မလိုပဲ အလိုအလျောက် စတင်ခဲ့ပြီး ဖြစ်ကြောင်း သိကြပါသည်။)

လည်ပတ်နေသော ပတ်လည်နေသော ပတ်ပတ်လည်ရှိ ပတ်ဝန်းကျင်တွင် လိပ်ပတ်လည်ပါသလား

မိတ်ဆွေ(လိမ်ဖယ်လိမ်ဖယ်ဖြင့် ထထွက်သွားသည်။ မိတ်ဆွေဟု ပြောလိုက်ရသော်လည်း ရန်သူ =? မိတ်ဆွေ=?) (ပတ်ဝန်းကျင် အကြောင်း ဆက်ပြောရန် သင့် =? မသင့် =?) (ယခုပြောနေသည်တို့မှာ ပတ်ဝန်းကျင်အကြောင်း ပါ =? မပါ =?) (ယခု ပြောနေသည်တို့မှာ ပတ်ဝန်းကျင် ဟုတ် =? မဟုတ် =?) (ပတ်ဝန်းကျင်သည် ပတ်ဝန်းကျင် ဟုတ် =? မဟုတ် =?)

ပျောက်ဆုံးနေပါတယ်ဆိုတဲ့ ဆိုဆုံးမမှု ခံယူမိခြင်းမရှိတဲ့ စုန်းမတစ်ကောင် ( စုန်းမတစ်ယောက် လို့ သုံးရမလား စုန်းမတစ်ကောင် လို့ သုံးရမလား / စုန်းမဟာ လူလား / လူဆိုတာကရော / ) ဘာတွေထွင်ထုတ်လိုက်လည်း သိချင်လား။ (ကျွန်တော် ပြောပြနိုင်မည် မဟုတ်ပါ၊ ထို ကိစ္စကို ကကျွန်တော်စိတ်မဝင်စားပါ။)

စကားမစပ် စပ်ထားတဲ့ ကာရံလေးပြချင်လို့ စပ်စုဦးမလားဗျာ (ကာရံနှင့် ကဗျာ ကကျွန်တော်တစ်ပုဒ်မှ မရေးဖူးပါ။)

လက်ဖက်ရည်ဆိုင်မှာ စကားလုံးသေနတ်တွေနဲ့ ပစ်ထည့်လိုက်တယ်။ X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X X XX X X X X X X X
X X X X ဆက်ပြောမည် အကြောင်းအရာမှာ နားဝတွင် ကြားဖူးထားသော ကြားဖူးနားဝများ ဖြစ်သည်။

" အိပ်ပျော်သွားသည်နှင့် အိပ်မက်မက်တော့သည်။ အိပ်မက်ထဲမှာ ကျွန်တော်တောင်ထိပ်ပေါ်မှာ အနှစ် ၄၀ ကြာအောင် အိပ်ပျော်သွားတာ မဖြစ်နိုင်ဘူးဟု ကျွန်တော်သူငယ်ချင်းက ပြောသည်။ ကကျွန်တော် အမှန်တကယ် အနှစ် ၄၀ လောက် အိပ်ပျော်သွားတာ ကကျွန်တော်သာ သိသည်။ "

အနှစ်လေးဆယ် အိပ်ပျော်သွားသော ကကျွန်တော်သည် နိုးလာသောအခါ အသက်နှစ်ဆယ်သာ ရှိပါသေးသည်။

ငယ်ရွယ်သူများသည် မှန်မှန်ကန်ကန် ပြောဆိုလုပ်ကိုင်တက်ဖို့လိုသောကြောင့် လာလတ္တံ့သော ကွင်းစကွင်းပိတ်ထဲမှ စာသားများကို ဆုံးအောင်ဖတ်ပါ။ (" ........" သည် ဖော်ဖော်အောင် ၏ ဝတ္ထုထဲမှ ယူသုံးထားခြင်းဖြစ်၊ ယခု တိုက်ဆိုင် ထင်၊ ကိစ္စ စာပေ သဘောတရား တစ်ခုခု အောက်ခြေတွင် ခေါင်းစဉ်ထိုး၊ ဘယ်သူတွေ ဘာပြော ကကျွန်တော် လက်မထောင် သူ့အတွက် (သူသည် ကကျွန်တော်) မွေးပုံသော ဂုဏ်သတင်းတို့ဖြင့် ကြိုင်သင်းနေသော ဓာတ်မဲ့ လူသားတစ်ယောက် ကမ္ဘာမြေပေါ် ရောက်ရှိနေသည်။

(အလကား ကိုယ်ကိုကိုယ် လူဝင်ဆန့်အောင် ပြောနေခြင်းဖြစ်သည်။ ဓာတ်မဲ့ လူသားတစ်ယောက်တွင် မွေးရာပါ ဂုဏ်သတ္တိရှိသည်။ ထိုသူ့တွင် ဗလာ = နတ္ထိ ) (ထိုသည့်ပင်) (ထိုသည့်ပင်)

ဒီဟာက သီချင်းတစ်ပုဒ်မှ မဟုတ်ပဲဗျာ

ပန့်ခ်လား... ကျောင်းတုန်းက ကျွန်တော်ကို ခေါ်တဲ့နာမည်လေ (အော... သူ အသေအလဲ ရှုးသွပ်ခဲ့တာလား၊ မြောက်ကြွ မြောက်ကြွ အချိန်ဖြုန်းခဲ့တာလား )
မနေ့က အကြောင်းပြောမလို့ပါ၊
အချိန်အကြောင်းကို စဉ်းစားနေပါသည်၊ အချိန်အကြောင်းကို မစဉ်းစားတော့ပါ
တော်ပါတော့
အချိန်အကြောင်း စဉ်းစားမိတော့ ကဗျာကို ရပ်ချင်သည်။
*(ကဗျာ... ဒါက ကဗျာတဲ့လား၊ ဟာ ... မသိဘူးဗျာ မဖတ်ချင်လည်း ဆက်မဖတ်နဲ့တော့၊ ကျွန်တော်လည်း ဆက်မရေးတော့ဘူး) *

တေလေ

* လူတစ်ယောက် နှစ်ကိုယ်ခွဲပြောသွားသော စကားသံများ

၇၂

## ကျွန်တော်ဟာ လိမ်တတ်သူဖြစ်ကြောင်း သက်သေများ

စနေတစ်ရက် မိုးရေထဲခင်ခဲ့တဲ့ကောင်မလေးကို ချစ်တယ်ဆိုတဲ့ စကားနဲ့ ပစ်ပေါက်လိုက်ချင်တဲ့စိတ်
ကွဲကြေသွားတဲ့ ရေဒီယိုအပိုင်းအစတွေထဲက ချစ်တယ်ဆိုတဲ့စကား အပိုင်းအစတွေ
ရိုတ်သိမ်းလိုက်ပါ တံစဉ်နဲ့၊ သံစဉ်နဲ့ သိမ်းပိုက်လိုက်ပြီ။

လိုင်းကားမစီးတာကြာတော့ ကားစီးတဲ့နည်းကို မေ့ပြီ၊ မစီးတတ်တော့ဘူး။
"ပညာဆိုတာ သင်ပြီးရင်း သင်ရင်းပဲ" မဟုတ်လားဗျာ။
ကားမစီးရတာ ကြာပေမယ့်၊ ကားပေါ်ရောက်တာနဲ့ သူ့အလိုလို အဆင်ပြေသွားတယ်။
ဟုတ်ကဲ့။
"ပညာဆိုတာ အခါအခွင့်သင့်ရင် ပြန်အသုံးချနိုင်တာပဲ " မဟုတ်လားဗျာ။
ထားခဲ့လိုက်ပါ။ ကျွန်တော်တို့ ကားပေါ်ကဆင်းပြီး ခြေလျင်လျှောက်ကြတာပေါ့။
အဲဒီအယူအဆနှစ်ခု သူတို့ဘာသူသူတို့ ငြင်းခုန်ကြလိမ့်မယ်။

"သေချင်တဲ့နေရာသွားသေ ၊ ငါနဲ့ဘာမှမဆိုင်ဘူး"
မျက်နှာလွှဲခဲပစ်စကား၊ ဘယ်သူ့မှန်မှန် (ဘယ်သူမှန်မှန်) ပေါ့။
ဆစ်ဒ်ဗီးရှပ်ဟာ ခွေးနာတစ်ကောင်ပါတဲ့
ကျွန်တော်ဟာလည်း ခွေးနာတစ်ကောင်ပါပဲ၊ ဘာလို့လည်း
ဇာတ်လမ်းကတော့ ဒီမှာစတယ်။ ကျွန်တော်ဟာခွေးရူးတစ်ကောင်ပေါ့
ခွေးရူးဟာ ကိုယ့်ဟာကိုပြန်ကိုက်၊ ပြန်ကိုက်ခံရတဲ့ ခွေးရူးဟာ ကျွန်တော်
ဒဏ်ရာဒဏ်ချက်တွေ ဗရပွနဲ့ ခွေးနာ
ဟုတ်ကဲ့၊ ကျွန်တော်ဟာ ရူးသွပ်နေတဲ့ ခွေးနာတစ်ကောင်ပါခင်ဗျာ၊

လောကမှာ ဘာမှမတည်မြဲဘူး၊ ငါကဘာကိုမှ မဆုပ်ကိုင်ထားဘူး ဆိုတဲ့လူတွေ
မက်လောက်စရာ မတွေ့သေးလို့ပါဗျာ။
သေသာသေသွားတယ်၊ လောကမှာ မက်လောက်စရာ ရှာမတွေ့သွားတာ အဲဒီလူပေါ့ ဆိုပြီး
ကျွန်တော်အလောင်းကို လက်ညှိုးထိုးပြကြပါ။
ဟာ ကျွန်တော်တော့.....။

တေလေ

**သစေပထိုးဟစေရေအောက်ကမြစ် ဟေ့**

ဟေ့၊ အမှန်တရား
လူတိုင်းရဲ့ပါးစပ်ဖျားကို မင်းရောက်ခဲ့တယ်မဟုတ်လား
မိမိကိုယ်မိမိ နှိပ်ချခြင်းဟာ
အလွယ်ကူဆုံးသော လူထင်ကြီးအောင်ပြုလုပ်နည်းဆိုတာ မင်းရောငါရောသိတယ်။
အဲဒီဂေဟာစနစ်ကို နာမည်ပေးရင် "ကိုယ်ဂုဏ်ကိုယ်ဖော် မသူတော်" ပေါ့
စကားမစပ် အသိဉာဏ်ရဲ့ အတွင်းသား လိုက်ဖိုတွေထဲ
ဘာရှိလည်းသိလား။
ဆင်ခြင်တုံတရားတွေ (သို့)ရှေ့ရိုးစွဲ အတွေးအခေါ်တွေ(သို့)အလားတူဖြစ်ရပ်တွေ
ဖြစ်ရပ်တွေတူခဲ့ကြလို့ ရပ်ပစ်လိုက်တဲ့လားရာတွေ

တုတ်ထိုးအိုးပေါက်ပြောတက်တဲ့ ငါ့ရဲ့ကိုယ်ကျင့်တရား ဘယ်ရောက်သွားလည်း
ဆယ့်ကိုးနှစ်ဆိုတဲ့ အချိန်စည်းက တိုက်စားသွားတာလား
အနက်ရောင်နဲ့ထဲ ကျွန်တော်စိတ်တွေတိုးဝင်၊ ဝင်တိုးနှစ်မြုပ် ပျော်ရွှင်
အဖြူရောင်ထက် အနက်ရောင်က ပိုပျော်ဖို့ကောင်းတယ်ဆိုတာသိလား
ခင်ဗျားဖြူစင်ပါ။
ရိုးသားဖြူစင်စွာ ခင်ဗျားတက်ကြွပျော်ရွှင်ပါ။
အနက်ရောင် ပျော်ရွှင်ခြင်းတွေ ကျွန်တော်ခင်ဗျားဆီ ခွဲမပေးနိုင်ဘူးဗျာ။

ဘာသာရေး မကြည်ညိုသူတွေကို ခင်ဗျားအံ့သြနေလား
အဲဒါဆိုရင် ကျွန်တော်ကိုတရားစွဲပါ၊ ခုံရုံးတင်ပါ။
ဟေ့၊ လောင်ဇူ ဆရာကြီး ပြောတဲ့ သဘာဝတရားနောက် ကျွန်တော်လိုက်ခဲ့မယ်။
ဘာသာတရားအကြောင်း အလွယ်ကူဆုံး လေ့လာဖို့ ဆောဖ်ဝဲတစ်ချပ် ကျွန်တော်ရေးထားပါတယ်။
"နီးစပ်ရာ အခွေရောင်းဆိုင်တိုင်းတွင် အခွေလွတ်တစ်ချပ်ဝယ်ယူ၍
နာယူနိုင်ကြပါကြောင်း"

ဟေ့၊ ကပေါက်တိကပေါက်ချာ ငါ့ကဗျာထဲ မင်းဘာလာလုပ်တာလည်းကွ။

တေလေ

**ေခ်ာင္ပိတ္ထားေသာ ေခ်ာင္ထဲက ေခ်ာင္ေနၿခင္းမ်ား**

အမွတ္တမဲ့ေတြ မွဲ သြားတဲ့ ကာလ
အမွတ္တရေတြ ရ ခဲ့တဲ့ ကာလ

"အစ္ကိုအတြက္ အေရးအႀကီးဆုံးအခ်က္ေတြက ဘာ(မ်ား)ျဖစ္မလဲ ခင္ဗ်"

ကြၽန္ေတာ္အတြက္ နံပါတ္(၁) အေရးႀကီးဆုံးက " အနုပညာ" (လိမ္တာ)
ကြၽန္ေတာ္အတြက္ နံပါတ္(၂) အေရးႀကီးဆုံးက " အေမ" (နံပါတ္စဥ္ မွားတပ္ၿပီ ထင္တယ္)
ကြၽန္ေတာ္အတြက္ တတိယေျမာက္ အေရးႀကီးဆုံးက " ကြၽန္ေတာ့္ပရိသတ္" (ပရိသတ္၊ ဘယ္ကပရိသတ္လည္း

သူ/ ကြၽန္ေတာ္မွာပရိသတ္ဆိုတာရွိလို႔လား)
ကြၽန္ေတာ္အတြက္ စတုတၳေျမာက္ အေရးႀကီးဆုံးက "အတၱ" (နံပါတ္စဥ္ (၁) သို႔ ေရႊ႕ေပးၾကပါခင္ဗ်ာ)

အရုပ္ေတြလည္း မရွိ၊ အေရာင္ေတြလည္း မရွိ၊ ခံစားပါ (ဒါေပမယ့္) ခံစားပါ
အၾကားအာရုံအတြက္ အဲဒါကို ေရဒီယိုလို႔ ေခၚတယ္။
ေရေတြယို စီးလာတဲ့ စီးတီးအက္ဖ္အန္လည္း ၄ပ္တုပ္ေမ့ခ်င္ၿပီ ထင္ရဲ႕
"အဲဒါေတာ့၊ ခင္ဗ်ားစီပြားပ်က္ကပ္ ပြားစီးရွင္သန္လာတာနဲ႔ ဘာမွမဆိုင္ဘူးထင္တယ္၊ မလြန္ (ကၽြုး)လာနဲ႔ "

ကြၽန္ေတာ္အလုပ္က လူနာေစာင့္ပါ
ဝင္လာမဆဲ တသဲသဲ တစ္ရာတန္ အၿပဳံေတြကို ေစာင့္ေရွာက္ရပါတယ္။
ျပန္လည္ထူေထာင္ေရးလုပ္ငန္းေတြအတြက္ ကြၽန္ေတာ္မွာ တိပ္ေခြႀကီးႀကီးတစ္ေခြ(ကုသေရး / ကယ္ဆယ္ေရး ပစၥည္း) ရွိပါတယ္။

ဝင္သြားၿပီး ျပန္ထြက္လို႔မရတဲ့ လူႀကီးတစ္ေယာက္ရဲ႕ ခႏၶာကိုယ္ထဲက "အတၱ"
ကေလးတစ္ေယာက္ဆီ အစြန္း(ေရာက္)စြန္ဆိုး(သြမ္း) ဝင္ေရာက္
သတိ......
အတၱဇဟိုျပဳ မုန္တိုင္းမ်ား ေနရာဆက္ျခား ေမြေနာက္။ေမြေနာက္ တိုက္ခတ္ေနေၾကာင္း (ျပင္းအားမ်ားကြာျခားနိုင္)
မုန္တိုင္းတိုက္ခတ္စဥ္ (စိတ္)၊ ေျမျပင္ (ခႏၶာကိုယ္) တစ္နာရီေလတိုက္နႈန္း ..........
ေလးလံေနၿပီ အလံေလးတစ္ခုအတြက္ ဦးညႊတ္ခဲ့ရတဲ့ ဦးေခါင္းေတြ
ဖ်က္ခနဲ႔ တလက္လက္ တစ္ခဏအတြင္း ခနဲ႔တဲ့တဲ့ (ယိုင္နဲ႔) အထာနဲ႔ မီးျဖတ္သြားတယ္။
ဘာသီခ်င္းမွ နားေထာင္ခ်င္စိတ္မရွိတဲ့အခါ ကိုယ့္ကိုကိုယ္ ျပန္နားေထာင္တယ္

မိတ်ဆွေ.... သင့်ရဲ့အသံကို သင်ဘယ်လိုကြားလဲ
ကျွန်တော်ရဲ့ အသံကို ကျွန်တော်ဘယ်လို ကြားလဲ (လဲသွားပြီ) (ပစ်ခွေ)

အခုဆို ခဏ ခဏ နင် ငါ့ကို
အရမ်းဝတယ်ပြောမယ် ( The Ants)
ဘာဝတာလည်း၊ ဘာဝ=၊ ဘာကိုဆိုလိုတာလည်း
ကျွန်တော်ကတော့ ကျွန်တော်ကိုယ်ကျွန်တော် လူပါးဝလာတယ်ပဲ မြင်တယ်။
ဟိုနေ့ကဆို ကိုယ့်စကားလုံးတွေနဲ့ ကိုယ်ရန်ဖြစ်စကားများခဲ့ရသေးတယ်

ဘယ်တစ်လုံး (ညာ (သောစကား) /တစ် လုံး)ပိုကောင်းမှန်းတောင် မသိဘူး။

စီးကရက်ဗူးခွံအတွင်းသားထဲကရန်ကို ရင်ဘက်အတွင်းသားထဲကရန်နဲ့ ပေါင်းစပ်ဖူးပါသလား
မွေးလွန်းသည်ဟု မထင်မိပါက ဆေးလိပ်မသောက်ပါနှင့်
သင့်အား သစ္စာဖောက် အဖြစ်ကား(မောင်းရန်) စင်(ပြရန်) တင်ရပေမည်။

အတွင်းကြေတိမ်စွဲနေသော တစ်ရာတန်တစ်ရွက်အား ပြန်လည်ပြုပြင်ဖာထေးသုံးစွဲရန်....။

တေလေ

## ကျွန်တော့် လူသား

ကျွန်တော်ကို စကားလာပြောတဲ့ လူတစ်ယောက်
သူ့မျက်နှာက ဟန်ဆောင်မှုတွေနဲ့
သူ့မျက်လုံးတွေက ဘာကိုကြောက်လို့ကြောက်မှန်းမသိ။
ကျွန်တော်နဲ့ စကားပြောဖူးတဲ့ လူအများ
သူတို့မျက်နှာက ဟန်ဆောင်မှုတွေနဲ့
သူ့တို့မျက်လုံးတွေက ဘာကိုကြောက်လို့ကြောက်မှန်းမသိ။
စကားပြောတက်တဲ့လူတိုင်း
သူ့မျက်နှာက ဟန်ဆောင်မှုတွေနဲ့
သူ့မျက်လုံးတွေက ဘာကိုကြောက်လို့ကြောက်မှန်းမသိ။

ကျွန်တော်ခန္ဓာကိုယ်က မှန်ရှေ့ရပ်လိုက်မိတယ်။

အို့..... ကျွန်တော်မျက်နှာနဲ့ မျက်လုံးကို
ဓါးနဲ့ထိုးစိုက်ဖျက်ဆီးပစ်လိုက်ချင်တယ်။

ဓတလေ

# ဘာပဲပြောပြော မိတ္တူစက်ကတော့ ဆက်လက်ခုတ်မောင်းနေဆဲပဲ။

မိတ္တူကူးစက်တွေကြားမှာ ကျွန်တော်မိတ္တူကူးနေတယ်။
စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက်
တစ်ရွက်ပြီးတစ်ရွက် အဲဒီစာရွက်တွေ တွေ့နေတဲ့ စာရွက်တွေ
ဟိုလူ့အကြောင်း ဒီလူ့အကြောင်း မင်းအကြောင်း သူ့အကြောင်း
ဒီလိုနဲ့
ကျွန်တော်အကြောင်းတစ်ရွက်မှ မပါလိုက်ဘူး… ဝေပစ်လိုက်ရမလား ပစ်ဝေလိုက်ရမလား
ကျွန်တော်ကတော့ မှင်တွေစွန်းနေပြီ..။
မှောင်နေတဲ့ မှင်တွေကြားမှာ မင်းသက်မိ မင်းသတ်မိတာ ငါ့ကိုပါ
မဟုတ်ဘူး
ငါနှလုံးသားကိုပါ
ကောင်မလေးရေ မင်းလက်နဲ့စွဲဆုပ်ချေမွထားတဲ့ မိတ္တူတစ်စောင်ဟာ ငါပါ…
ပုံဖျက်ထားတဲ့ ငါ့အတ္တတွေကြားမှာ
ငါ့ကိုသက်သက်သာသာ သတ်သေခွင့်နဲ့ အသေသတ်သွားတဲ့
ဟော့ မင်းပြုံးလိုက်တဲ့ အပြုံးတိုင်းဟာ ငါ့နှလုံးသွေးတစ်စက်ဆီပဲ ဆိုတာ မမေ့နဲ့
တစ်စက်စက်နဲ့ ဆက်ဆက် ဆက်ကာကျနေတဲ့ အပြုံးတွေ
မမြင်ရင်ကြည့်ပါ အဲဒါ ငါအရိုးတွေပါ
မမြင်နိုင်ရင်မကြည့်ပါနဲ့တော့ မင်းပင်ပန်းလိမ့်မယ် ပင်ပန်းနေတဲ့ ပန်းလေးကို ငါအလိုမရှိဘူး
မင်းလိုရင် ငါ့ကိုခေါ်သုံးပါ မင်းလိုရင် ငါ့ကိုပစ်မုန်းပါ မင်းအရင်လိုရင်တော့ ငါ့ကိုချစ်ပေးပါ

ဘာပဲပြောပြော မိတ္တူစက်ကတော့ ဆက်လက်ခုတ်မောင်းနေဆဲပဲ။

တေလေ

**ခရီး**

တကယ့်ကို ကြောက်စရာပါအမေ
အဲဒီညက
အိပ်မက် နည်းနည်း ရှည်သွားတယ်။

(တာရာမင်းဝေ)

အိပ်တော့...
အိပ်လိုက်တော့......
အိပ်မက်တွေဆုံးတဲ့ထိအောင်
အိပ်ရမှာပေါ့။
ဟင့်အင်း....
ကျွန်တော်အိပ်မက်တွေက
ပရောမီးသီးယပ်(စ်)အတုပေါင်းများစွာရဲ့
ကပွဲလိုပါပဲ.....
လေးဖြူရဲ့ အမဲလိုက်အကသံစဉ်လို
မြူးကြွအဓိပယ်ရှိနေရင်တော့
ကျွန်တော်လည်းရင်ခုန်တက်ကြွမိမှာပါအမေ။
အိပ်မက်တွေက နှိုး ထခွင့်
ကျွန်တော်ကိုပေးပါတော့။
ထ...
ထ...
ထ...
ထဖို့ကြိုးစားရင်း။
အိပ်မက်တွေက နှိုးတော့
ကျွန်တော်အိပ်မက်ထဲ ပြန်ရောက်နေတယ်။
ဘယ်တော့မှ ဆုံးမယ့်အိပ်မက်ပါလိမ့်

လမ်းထလျှောက်ပြီးတော့ရော

ကျွန်တော်က ဘာလုပ်ရမှာလည်းဗျာ

အိပ်မက်တစ်ခုရဲ့ အရှည်မှာ

ကျွန်တော်ပင်ပန်းစွာ

မောဟိုက်တယ်။

ဖြည်းဖြည်းရှူ

အသက်ကို ဖြည်းဖြည်းချင်းသာရှူလိုက်ပါ။

အိပ်မက်မှန်းသိနေလည်း

အသက်ကို ဖြည်းဖြည်းရှူပါရစေ။

အိပ်မက်ပြီးရင်

အိပ်မက်ထဲ ကျွန်တော်ပြန်သွားရဦးမယ်လေ။

တေလေ

## ကခုန်နေသော ဒုတိယမြောက်နတ်ဆိုး

အဆင်မပြေမှုတွေကြား အဆင်ပြေလားဆိုတဲ့ စကားကို
ဟန်ဆောင်ပန်ဆောင်ပဲ
ဟုတ်ကဲ့ ပြေပါသည်ခင်ဗျားလို့
ပြောတတ်ရမည်။
ခင်ဗျားတို့
မကောင်းဆိုးဝါးဆိုတာ
မြင်ဖူးကြလား။
မမြင်ဖူးရင် ရှေ့ကအခန်းထဲ
ဝင်ကြည့်လိုက်ပါ။
အဲဒီ မကောင်းဆိုးဝါးက
မကောင်းဆိုးဝါးတွေရဲ့ မကောင်းကြောင်းကို
ရှင်းပြနေတယ်။
မြင်နိုင်အောင်ထပ်ကြည့်ပါ။
အဲဒီမကောင်းဆိုးဝါးဟာ
ကျုပ်ဖြစ်တယ်။
ကျုပ်ကိုယ်ထဲက
မကောင်းဆိုးဝါးကောင်က
လှစ်ခနဲ ပြေးထွက်။
သူ့ကို ပြန်လိုချင်စောနဲ့
ကျုပ်ကိုကျုပ် နောက်ပြေးလိုက်
အမောဟိုက်နေတဲ့ ဒီကောင်ကို
ရေတစ်ခွက်ဖေးတိုက်မယ့် သူတောင်မရှိ။
တကယ်လို့
ကျုပ်သာသေသွားခဲ့ရင်
ကျုပ်ကိုယ်ကျုပ်တောင်
မသနားဘူး။

တေလေ

## ဒီပါဆက်ခြင်း

ရှော့ခ်ဂီတ ကိုဆန့်ကျင် တွန်းလှန်ကြ..
ဒီစကားကို ကဗျာဆရာကပြောတာမဟုတ်ဘူး..
ဘယ်သူပြောတာလည်း
ကဗျာဆရာလို့ မသတ်မှတ်(ကျောက်တင်သည်)စေလိုသူ ကဗျာဆရာက ပြောတာ
အဲဒါဘယ်သူလည်း ငါလား သူလား ခင်ဗျားလား
တကယ်က
တကယ်က ပေ့ါ။

ဝေးတယ်
ဝေးတယ် သေးတယ်
ခင်ဗျားတို့ ကျွန်တော်နဲ့ဝေးတယ်
သေးတယ်
သေးတယ် ဝေးတယ်
ခင်ဗျားတို့ ဦးနှောက်တွေ သေးတယ်
သူတို့နဲ့ ကျွန်တော် သေးသေးလေး ဝေးတယ်
တစ်မိနစ်နဲ့ခုနှစ်စက္ကန့်တဲ့ အခုထိ loading တက်တုန်း
အဲ့လောက်ပဲတက်လာသေးတယ်
အဲ့လောက်ပဲတက်သေးတယ် ဆိုတာ အဲ့လောက်ပဲတက်နိုင်တာကိုပြောတာလား
အဲ့လောက်ပဲဆိုတာ
အော တစ်မိနစ်နဲ့ခုနှစ်စက္ကန့် ဟုတ်ကဲ့ ခုနှစစက္ကန့်နဲ့ တစ်မိနစ်

မင်းနာကျင်နေရတာ ငါ့ကို မကြင်နာသေးလို့ပါ...
ငါမင်းကိုပဲသိတယ်။
သူနဲ့မသိချင်ဘူး။
ငါမင်းကိုပဲချစ်တယ်။
သူနဲ့ငါမချစ်ချင်ဘူး။
အင်း..အင်း
မင်းကိုငါ သူ့လောက် မချစ်တော့ဘူး
သူကငါ့ကိုမင်းလောက် မချစ်တော့ဘူး

အစဆိုတာ ဘာကိုသတ်မှတ်ပြီးဘယ်လိုကိုမှ ဆုံးတယ်ခေါ်မှာလဲ (အဲဒါ ဘယ်သူမေးတာလည်း)
ကဗျာဆိုတာ ဘာစကာလုံးတွေနဲ့မှ ဖွဲ့စည်းလို့ရမှာလား (သူကပဲထပ်မေးတယ်)

(ဆိုးရွားစွာ)'ထိ''ခိုက်'(စေ)'နိုင်'ပါသည်

ခင်ဗျားနားလည်လား (ကဗျာရေးသူက မေးတယ် ကဗျာဖတ်သူကို)
ဗျာ ဘာကိုပြောတာလည်း စာလုံးပေါင်းပြန်စစ်ပါဦး (ကျွန်တော်က ပြန်မေးလိုက်တယ်)
စာလုံးပေါင်းတစ်ခုဟာ နှလုံးသားထဲက အတွေးထဲက စိတ်ကူးအပိုင်းအစလေး တစ်ခုလောက်တော့
အဖိုးမတန်ပါဘူး (သူက ပြန်ဖြေတယ်၊ နာမ်စားတစ်ခုသုံးလိုက်တယ်....မြေခွေးမ လို့)
ဒါပေါ့ဗျာ........နှလုံးသားကဘာတန်ဖိုးမှမရှိတာနော် (ကျွန်တော်က အရွဲ့တိုက်တဲ့လေသံနဲ့ ပြောလိုက်တယ်)
နှလုံးသားတစ်ခု တန်ဖိုးရှိမရှိဆိုတာ သူ့ကိုထည့်ထားတဲ့ ရင်ခွင်ရဲ့ မျက်စိပေါ်မှာ မူတည်တာပေါ့ကွယ်
"အလဲ့ မိုက်တယ်ကွာ ဒါလေးမယူနဲ့ ငါဘာသာငါသုံးမယ်" (သူမက မပေးချင်ပေးချင်လေသံနဲ့ ပြောတယ်
ကျွန်တော်က ဖြောင်ယူသုံးလိုက်တယ်)

ပြီးတော့ ပြောတယ် ပေါက်တက်ကရတွေလျှောက်ပြောတယ်.
မယုံနိုင်လောက်အောင် လျှောက် လျှောက် (သူမလည်း မေ့သွားတယ် )

အာဟာရ ဆိုတဲ့ စကားလုံးကို အပျင်းပြေသုံးကြည့်ချင်တယ်
အာမေဋ္ဍိတ် တွေ ဖြစ်ရမယ်ဆို ခင်ဗျားဘယ်လို သုံးမလဲ....

အို အာ အင် အဲ အေ
ဟို ဟာ ဟင် ဟဲ ဟေ
ရ တစ်လုံးပဲလိုတော့တယ် သူနဲ့ပတ်သတ်တဲ့ အာမေဋ္ဍိတ် တွေဘယ်ပျောက်နေလဲ . .
အာဟာရဖြစ်စေမယ့် အာမေဋ္ဍိတ် က ဘယ်မှာလဲ . .
ရကောက်တစ်လုံးပဲကျန်တော့တယ်
ကဲ ခင်ဗျားဘယ်လိုသုံးမလဲ..... အဲ့အဖြေကို စဉ်းစားစမ်း
စမ်းပြီးစဉ်းစားမလား
စဉ်းစားပြီးစမ်းမလား

အဲဒါကြောင့်ခင်ဗျားကို ပြောတာ ရှောခ်ကို ထားခဲ့လိုက်တော့လို့ သူ့လိုမတွေးနဲ့

တေလေ

## ဂျုန်ပေါ့ ၏ အလုပ်ပြီးမြောက်မှု

မိတ်ဆွေ သင်ဘယ်နားမှာ ရှိနေပါသလဲ ၊ဘယ်မှာနားပါသလဲ
ခရီးတစ်ထောက် သင် ဘယ်ရောက်ချင်လဲ
ချောင်တယ် မြန်တယ် တစ်ယောက် နှစ်ရာ
အခု သင် သေချင်နေပါသလား မိတ်ဆက်ပေးပါရစေ
ချောင်တယ် မြန်တယ် တစ်ယောက် နှစ်ရာ

ချောင်တယ် (ကားဘီး) မြန်တယ် (သေရန်)

ဘာသာစကား လုပ်သားများ၏ မိတ်ဆက်ပေးမှု အချိုးကျ သင့်ကိုသင် စိတ်ပျက်မှု
ဘာသာစကား လုပ်သားများ၏ စိတ်ပျက်မှု အချိုးကျ သင့်ကိုသင် မိတ်ဆက်ပေးမှု
ဘာသာစကား လုပ်သားများ၏ မိတ်ပျက်မှု အချိုးကျ သင့်ကိုသင် စိတ်ဆက်ပေးမှု
ဘာသာစကား လုပ်သားများ၏ စိတ်ဆက်မှု အချိုးကျ သင့်ကိုသင် မိတ်ပျက်လိုမှု

သင်တွင် ဆန္ဒရှိ မရှိ ၊ ဘာသာစကား လမ်းကြောင်းတွင် လိုက်ပါ စမ်းသပ် စီးနင်းရန်
သင့်တွင် ဆန္ဒရှိ ဘာသာစကား လမ်းကြောင်းတွင် လိုက်ပါ နင်းစီးရန်၊ သင့်တွင် ဆန္ဒမရှိ
ဘာသာစကားလမ်းကြောင်းတွင် စမ်းသပ်ရန်

ယာဉ်မောင်း - လင်းရမ္မာ
ယာဉ်နောက်လိုက်(၁) လင်းနီညို
ယာဉ်နောက်လိုက်(၂) တေလေ

ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘာသာစကား လမ်းကြောင်း ပျောက် လျှောက် ဒါပေမယ့် မှောက်နေပြီ (အတွေး)(အမြင်)(အကြား)
တစ်ခုခုကိုရေးပါ၊ တစ်ခုခုဟာ အရေးပါလိမ့်မယ် ဒါမှမဟုတ် သင်နဲ့အတူပါလာတဲ့
အရေးအသား တစ်ခုခု၊

မိတ်ဆွေ ခိုးမစီးပါနဲ့၊
ချောင်တယ် မြန်တယ် တစ်ယောက် နှစ်ရာ

တေလေ

၈၄

## ဖုန်းနဲ့ပြဿနာတက်တဲ့နေ့က ဖုန်းဘီလ်မဆောင်ရသေးကြောင်း ဖုန်းမဆက်ကြဘူး ဖုန်း

မြည်သံကြားတယ် အော်သံကြားတယ် နှီးစက်
စက်နှီးလိုက်တာ ပိတ်လိုက်ရင် တိတ်သွားမယ် နှီးစက်ကို
နှီး စက် တိတ်သွားရင် အိပ်လိုက်မယ် နှီးစက်
အိပ်လိုက်ရင် မြည်သံကြားတယ် စိတ်ထလာမယ် နှီးစက်
ဖုန်း ငါ့ကို ခေါ်လိုက်သေးလား နှီးစက်

ဖုန်းလာတယ်တဲ့...၊ ကျွန်တော်တစ်ခုပဲ ပြန်မေးကြည့်ချင်နေတာဗျ။
ဖုန်းဆက် (စက်) ပြော သွားတာလားလို့လေ

ကျွန်တော်ခင်ဗျားကို လင့်ခ်ချိတ်ထားတယ်၊ အဲဒါကို သိလား၊ အေး....ငါရောပဲကွ
လင့်ခ်ချိတ်ထားတယ် ဆိုတာက ဗျာ၊ ခင်ဗျားနဲ့ကျွန်တော်ရဲ့ ပတ်သတ်မှုကို ပြတာပေါ့ဗျာ...
အင်း... ဘယ်လို ပတ်သတ်မှုရှိလည်းဆိုတော့ဗျာ...
လင်မယားလိုပေါ့။

ဒီကိစ္စကို မင်းသဘောတူလား ဖုန်း
အဲဒီအဖွဲ့ကို ပန့်ခ် တွေလို မင်းထင်သလား
မဟုတ်ဘူးလို့ လျှောက်အော်သူတွေလည်း ရှိသပေါ့ကွာ၊ ဒါပေမယ့် ဟုတ်နေပါတယ်
မင်း လက်ခံတယ်မို့လား၊ ဘာကိုလက်ခံမှာလဲ
အပေအတေဆန်မှုကို မင်းရောငါရော တွေ့ရှိခဲ့ပါတယ်ကွာ ဖုန်း၊ မဟုတ်ဘူးလား ဖုန်း၊
မင်း
ဒါတော့ဒါပေါ့ဗျာ၊ ဒါပေမယ့် ၊ ဒါက ၊ဒါဆို၊
ကျွန်တော် ဖုန်း မျက်(ခွက်) ကို ဆွဲထိုး(ကိုင်ပေါက်) လိုက်တယ်။

ခင်ဗျားကို ကျွန်တော် တက်လုပ်ထားတယ်ဗျ
ခင်ဗျားကို ကျွန်တော် သတ်ပစ်လိုက်ပြီ
အော..စာလုံးပေါင်းမှားလို့ ဗျ၊ တကယ်က (tag)တက်ဂ် လုပ်ထားတယ်...
အဲဒီလို အင်း အဲဒီလို ရေးမှမှန်တယ်ဗျ၊ စာလုံးပေါင်း ဂရုစိုက်ဗျာ ခင်ဗျား....
ဒါနဲ့ စကားမစပ်
အဲဒီလူကို ခင်ဗျား တက်လုပ်မလား၊ သတ်ပစ်မလား...

ဖုန်း  အားသွင်းထားပါ၊
ဖုန်း  မင်းထမင်းမှန်မှန်စားပါ
ဖုန်း  အချိန်မှန်မှန်အိပ်ပါ
အစ်ကို  ဆေးလိပ်တွေ  သိပ်မသောက်နဲ့ဦးနော် (ဟာ..ညီမလေးရဲ့  စကားသံ  )
ဘယ်ကဝင်လာတာလဲ၊  ဖုန်းနဲ့ငါစကားပြောနေတာလေ  ၊ဖုန်းကိုငါပြောနေတာလေ  ၊ဖုန်းကငါ့ပြောသံကိုနား
ထောင်နေတာလေ.....
ညီမလေး  ဘယ်ကရောက်လာတာလဲ
ဖုန်း  မင်းသူ့ကိုခေါ်ထားသေးလား
ဒါမှမဟုတ်  ညီမလေးကို  နှိုးစက်ပေးလိုက်မိသလား  ဖုန်း

(လင့်ခ်= link
ကဗျာ၏ပထမဆုံးစာပိုဒ်အား  ကျွန်တော့်ဦးလေးမှ  ပြုပြင်ပေးသည်။)

တေလေ